# ဝိသုဒ္ဓါရုံ

# ရှင်ကျင့်ဝတ်အဖွင့်

အရှင်မာနိတသိရိ

ပြုစုသည်

သာသနာရေး ဦးစီးဌာန -သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

၁

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၉ ကောဇာ-၁၃၄၇ ခရစ်-၁၉၈၅

# ဝိသုဒ္ဓါရုံ

# ရှင်ကျင့်ဝတ်အဖွင့်


အရှင်မာနိတသိရီ

ပြုစုသည်



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၉ ကောဇာ-၁၃၄၇ ခရစ်-၁၉၈၅

ပထမအကြိမ် ပုံနှိပ်ခြင်း

၁၉၈၅-ခု၊ ဩဂုတ်လ

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
ဦးချစ်သိမ်း
သဇင်နီပုံနှိပ်တိုက် (၀၃၃၂၀)
အမှတ် ၁၄၈-၂၂-လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့က ပုံနှိပ်၍

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (မှတ်ပုံတင်အမှတ်-၀၂၅၂၇) က
ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **နိဒါန်း** .... .... .... | **၁** |
| **၁ – ရှင်ပြုခန်း** .... .... .... | **၁၂** |
| သင်္ကန်းကပ် ဆိုရိုး .... .... .... | ၁၃ |
| သင်္ကန်းတောင်း ဆိုရိုး .... .... .... | ၁၄ |
| သရဏဂုံတောင်း ဆိုရိုး .... .... .... | ၁၅ |
| ခွင့်တောင်းရန် .... .... .... | ၁၆ |
| ဥပဇ္ဈာယ်လျှောက်ပုံ .... .... .... | ၁၇ |
| ခွင့်တောင်းစကား .... .... .... | ၁၈ |
| **၂ – ရှင်ကျင့်ဝတ်ခန်း** .... .... .... | **၁၉** |
| ပစ္စဝေက္ခဏာပါဠိ အနက် .... .... .... | ၁၉ |
| သင်္ကန်း၌ ဆင်ခြင်ပုံ .... .... .... | ၁၉ |
| ဆွမ်း၌ ဆင်ခြင်ပုံ .... .... .... | ၂၀ |
| ကျောင်း၌ ဆင်ခြင်ပုံ .... .... .... | ၂၃ |
| ဆေး၌ ဆင်ခြင်ပုံ .... .... .... | ၂၄ |
| ပစ္စဝေက္ခဏာ လင်္ကာများ .... .... .... | ၂၅ |
| အလုံးစုံ တခါတည်းဆင်ခြင်ရန် .... .... .... | ၂၆ |
| တနည်း အလုံးစုံတခါတည်းဆင်ခြင်ရန် .... .... | ၂၆ |
| လိင်ဆယ်ပါးပါဠိ အနက် .... .... .... | ၂၇ |

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နာသန သုံးမျိုး .... .... .... | ၂၉ |
| ဒဏ်ဆယ်ပါးပါဠိ အနက် .... .... .... | ၃၀ |
| **သေခိယပါဠိ** .... ... .... | ၃၂ |
| ပရိမဏ္ဍလဝဂ် .... ... .... | ၃၂ |
| ဥဇ္ဇဂ္ဃိကဝဂ် .... .... .... | ၃၃ |
| ခမ္ဘကဝဂ် .... .... ... | ၃၄ |
| သက္ကစ္စဝဂ် .... .... .... | ၃၅ |
| ကဗဠဝဂ် .... .... .... | ၃၅ |
| သုရုသုရုဝဂ် .... .... ... | ၃၆ |
| ပါဒုကဝဂ် .... .... .... | ၃၇ |
| သေခိယ အနက် .... .... .... | ၃၈ |
| **ဝတ်ပိုင်း** .... .... .... | ၆၀ |
| ခန္ဓကဝတ်ပါဠိ .... .... .... | ၆၀ |
| ခန္ဓကဝတ် အနက် .... .... .... | ၆၀ |
| **၃—ဝတ်ရွတ်စဉ်ခန်း** .... .... .... | ၇၁ |
| **ညဉ့်ရွတ်စဉ်** .... .... .... | ၇၁ |
| အဂါရဝသုတ် .... .... .... | ၇၂ |
| ဗောဇ္ဈင်သုတ် .... .... .... | ၇၃ |
| ပဗ္ဗဇိတ အဘိဏှသုတ် .... .... .... | ၇၅ |
| အနေကဇာတိ သံသာရံပါဠိ .... .... .... | ၇၆ |
| ဥဒါန ဂါထာ .... .... .... | ၇၆ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာဝေဏိကဂုဏ်တော် .... .... .... | ၃၇ |
| ပကိဏ္ဏက ဒေသနာ .... .... .... | ၃၈ |
| ငါးရံ့မင်း ပရိတ် .... .... .... | ၄၀ |
| နံနက်ရွတ်စဉ် .... .... .... | ၈၁ |
| ဒွတ္တိံသာကာရပါဠိ .... .... .... | ၈[illegible] |
| ဒွတ္တိံသာကာရ မြန်မာပြန် .... .... .... | ၈၂ |
| တစပဉ္စကနှင့် ဝက္ကပဉ္စက .... .... .... | ၈[illegible] |
| ပပ္ဖါသပဉ္စကနှင့် မတ္ထလုင်္ဂပဉ္စက .... .... .... | [illegible] |
| မေဒဆက္ကနှင့် မုတ္တဆက္က .... .... .... | [illegible] |
| မေတ္တာပို့ .... .... .... | ၉[illegible] |
| ဓုတင်္ဂကထာ .... .... .... | ၉[illegible] |
| ဓုတင်တော်ရသပါဠိ .... .... .... | ၉[illegible] |
| ဝိသုဒ္ဓိမဂ်ဩဝါဒခန်း .... .... .... | ၉[illegible] |
| ရွှေကျင်ဂိုဏ်းသား ရဟန်းတော်များပြည့်စုံရမည့် အချက်ကြီး ငါးပါး .... .... .... | ၉[illegible] |
| ထေရာနံ ဩဝါဒကထာ .... .... .... | ၁၀၀ |
| ကျောင်းဘုန်းကြီး တပည့်ကျော်ရေးခဲ့ တိုက်တာလိမ်းသိမ်းရေး .... .... .... | ၁၀[illegible] |
| သံဃဥပုသ် အမေးအဖြေ .... .... .... | ၁၁[illegible] |
| ပဝါရဏာ အမေးအဖြေ .... .... .... | ၁၁၉ |
| ဂဏသုဒ္ဓိအမိန့်စာ .... .... .... | ၁၂၈ |

# နိဒါန်း

ရှင်သာမဏေတို့ လိုက်နာဖြည့်ကျင့်ရမည့် သိက္ခာပုဒ်နှင့် ဝတ္တရားများကို "ရှင်ကျင့်ဝတ်"ဟု ခေါ်သည်။ ထို ရှင်ကျင့်ဝတ်ကို ပဌမတွင် လိင် ၅-ပါး၊ ဒဏ် ၅-ပါး ရှေးလျက် "အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဣမာနိ ဒသသိက္ခာပဒါနိ၊ ဣမေသု စ သာမဏေရေဟိ သိက္ခိတုံ[၁]" ဟု သိက္ခာပုဒ် ၁၀-ပါးကို သာမဏေတို့အတွက် သီးခြား ခွင့်ပြုတော်မူခဲ့သည်။ ထို့နောက် ရဟန်းတို့အပေါ်၌ ရှင်သာမဏေတို့ မရိုသေမကိုင်းညွတ်မှုတို့ကို အကြောင်းပြု၍ "ဘိက္ခူနံ အလာဘာယ"စသော ဒဏ် ၅-ပါးကို ဖြည့်စွက် ခွင့်ပြုတော်မူသည်။ ထို့နောက် အရှင်ဥပနန္ဒ၏တပည့် ကဏ္ဍက သာမဏေသည် ဘိက္ခုနီဒူသကအမှုကို ပြုခြင်းကို အကြောင်းပြု၍ 'ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ'မှ 'ဘိက္ခုနိဒူသကော ဟောတိ' အထိ ၅-ပါးကိုဖြည့်စွက်၍ လိင် ၁၀-ပါးအဖြစ် ခွင့်ပြုတော်မူသည်။ ဤသို့လျှင် ရှင်သာမဏေတို့အတွက် သီးခြား ခွင့်ပြုတော်မူအပ်သည့် ရှင့်ကျင့်ဝတ်တို့မှာ လိင် ၁၀-ပါး ဒဏ် ၁၀-ပါးသာ ဖြစ်ကြောင်း သိနိုင်သည်။

သို့သော် ရဟန်းတို့အတွက် ပညတ်အပ်သော သုက္ကဝိဿဋ္ဌိ စသော လောကဝဇ္ဇ သိက္ခာပုဒ်တို့နှင့် သေခိယ သိက္ခာပုဒ်တို့သည် လည်းကောင်း၊ ဥပဇ္ဈာယဝတ်စသော ခန္ဓကဝတ်တို့သည်လည်းကောင်း ရှင်သာမဏေတို့နှင့် သက်ဆိုင်လျက်ရှိကုန်၏[၂]။

---

၁-ဝိနည်း မဟာဝါ၊ နှာ- ၁၇။

၂-ပါစိတျာဒိ၊ ဋ္ဌ၊ ၂၅၂။ ဝဇိရ၊ ၄၁၂။ သာရတ္ထ၊ တ၊ ၂၀၃။ ဝိမတိ၊ ၇၊ ၉၅။

ထို့ကြောင့် ရှင်သာမဏေတို့ လိုက်နာဖြည့်ကျင့်ရမည့် ရှင်ကျင့်ဝတ်တို့ကို စာရင်းချကြည့်လျှင် ဖော်ပြလတ္တံ့ပါအတိုင်း တွေ့နိုင်ပေသည်။

(၁) လိင် ၁၀-ပါး၊
(၂) ဒဏ် ၁၀-ပါး၊
(၃) သုက္ကဝိဿဇ္ဇိစသော လောကဝဇ္ဇ သိက္ခာပုဒ်များ၊
(၄) သေခိယသိက္ခာပုဒ်များ၊
(၅) ခန္ဓကဝတ်များ ။

## ရှင်ကျင့်ဝတ် စာအုပ်

ထိုရှင်ကျင့်ဝတ်တို့ကို မြတ်စွာဘုရား လက်ထက်တော်မှစ၍ ရှင်သာမဏေတို့ လိုက်နာကျင့်သုံးခဲ့ကြသော်လည်း ထိုရှင်ကျင့်ဝတ်တို့ကို စုစည်းဖော်ပြသည့် ကျမ်းစာအုပ်များကား မပေါ်ထွက်ခဲ့ပေ။ ရှေးက ရဟန်းတော်များ ကျောင်းတိုက်တို့တွင် သင်ကြားပေးလေ့ရှိသော သင်ရိုးစာအုပ်ဖြစ်သည့် ခုဒ္ဒကပါဌပါဠိတော်၌လည်း ဝိစဉ်ထည့်သွင်းထားခြင်းမရှိပါ၊ ထိုထို ဆိုင်ရာ ပါဠိတော်ရင်းတို့၌သာ ပါဝင်တည်ရှိ နေခဲ့ကြရပေသည်။

ရှေးက ရှင်ကျင့်ဝတ် စာအုပ်များနှင့်စပ်၍ လျှောက်ထားရာ သက်တော် ၉၈-ရှိ ကောဒသမ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက ဆရာတော်ဘုရားကြီးက ဤသို့ မိန့်ကြားတော်မူသည်။

> "ဟို စာအုပ်နဲ့ ကျက်ခဲ့ရတာမဟုတ်ဖူး၊ ညဦးညဦး တိုက်အုပ်ဆရာတော်ကြီးက နှုတ်တိုက်ချပေးတယ်၊ ရှင်ဖြစ်စ ဆွမ်းစားရာ တိုက်အုပ်ဆရာတော်ကြီးက ခေါ်နားလာပြီး ၃-ရက်တိတိ စားပုံသောက်ပုံ ပြပေးတယ်၊ 'ခင်ဗျားတို့ ကြီးပြီ၊ ၃-ရက် တော်ပြီ၊ အရင်တော့ ၅-ရက်ပြတယ်'လို့ မိန့်တယ်"။ ။

ဤမိန့်ကြားချက်တို့ကို ထောက်လျှင် ရှေးအခါက ရှင်သာမဏေတို့နှင့် ဆိုင်သော ကျင့်ဝတ်တို့ကို သီးခြားကျမ်းစာအဖြစ် စီစဉ်လေ့မရှိပဲ ထိုထို ဆိုင်ရာကျမ်းတို့မှ ထုတ်၍ နှုတ်တိုက်ချပေးခြင်း၊ လက်တွေ့ ကြီးကြပ်ပြသခြင်းဖြင့် သင်ကြားပေးလေ့ရှိကြောင်း သိနိုင်ပေသည်။

## ရှင်ကျင့်ဝတ် ကျမ်းစာပေါ်ချိန်

သက္ကရာဇ် ၁၀၆၀-ပြည့်နှစ် နန်းတက်သည့် သိရိမဟာသိဟသူရ သုဓမ္မရာဇာ တံဆိပ်နာမံ ခံတော်မူသော ဝမ်းဘဲအင်းစံ စနေနှံ မင်းလက်ထက်တွင် ဗန့်ကျီနယ် တုံ့ရွာကျောင်းနေ ရှင်ဂုဏာလင်္ကာရသည် ရှင်သာမဏေတို့ ရှာဝင်ရှာသွား သက်န်းကို လက်ကန်တော်ဆောင်စေ၍ ယပ်ကို ကိုင်စွဲစေပြီး တုံ့ပေးတော်မူရိုက်း တည်ထောင်သည်။

ထိုအခါ ဘောင်ပူမြို့ ရှင်ဗုဒ္ဓင်္ကုရ၊ ရှင်စိတ္တ၊ တပယင်းမြို့ ကျေးရွာ ရှင်သုနန္ဒ၊ တရုပ်မြို့ ငရဲ့အိုး ရှင်ကလျာဏတို့က ရှင်သာမဏေတို့ ရှာဝင်ရှာသွား သင်္ကန်းကို တဖက်လက်ကန်တော့ မတင်စေဘဲ ကပတ်သိမ်း ကပတ်ကွင်းစွပ် လက်လိပ်ဆင်စွယ်တင် ရုံစေလျက် အရုံတောနေဂိုဏ်း တည်ထောင်သည်။

ထိုအခါမှစ၍ မြန်မာနိုင်ငံ သာသနာသမိုင်း၌ ရှင်သာမဏေများ ရှာဝင်သည့်အခါ တင်သင့် ရုံသင့် ဝိဝါဒါမိကရဏ်းကြီး ပေါ်လာတော့သည်။

၁၀၇၆-ခုနှစ် နန်းတက်သော မာရ်အောင်စေတီဒါယကာ မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းလက်ထက် ထိုအဓိကရဏ်း မငြိမ်း။

၁၀၈၅-ခုနှစ် နန်းတက်သော လောကသုဓမ္မာ ဒါယကာ ဟံသာဝတီရောက် မင်းလက်ထက် အတင်ဖက်နိုင်၍ အရုံရှုံးသည်၊ သို့သော် အဓိကရဏ်း မငြိမ်း။

၁၁၁၄-ခုနှစ် နန်းတက်သော အလောင်းမင်းတရားကြီး လက်ထက်တွင်လည်း အတင်နိုင်၍ အရုံရှုံးပြီး အဓိကရုဏ်း မငြိမ်း။

၁၁၂၂-ခုနှစ် နန်းတက်သော နောင်တော်ကြီးမင်း လက်ထက်တွင်လည်း မပြီးပြတ်။

၁၁၂၅-ခုနှစ် နန်းတက်သော ဆင်ဖြူရှင် လက်ထက် တွင်လည်း ထိုနည်းတူပင်။

၁၁၃၈-ခုနှစ် နန်းတက်သော စဉ့်ကူးမင်း လက်ထက်တွင်ကား အတင်ရှုံး၍ အရုံနိုင်သည်။ သို့သော် အဓိကရုဏ်း မငြိမ်း။

၁၁၄၄-ခုနှစ် နန်းတက်သော ဘိုးတော်လက်ထက် ၁၁၄၆-ခုနှစ်တွင်မှ အတင်ဂိုဏ်းခေါင်းဆောင် သာသနာပိုင်ဟောင်း ရှင်ယသကို လူဝတ်လဲစေခြင်းဖြင့် အဓိကရုဏ်းကြီး ငြိမ်းသုံးရတော့၏။

ဤ အဓိကရုဏ်းကြီးသည် မင်းဆက်အားဖြင့် ၈-ဆက်၊ နှစ်ကာလ အရေအတွက်အားဖြင့် ၈၆-နှစ်အထိ ကြာညောင်း ခဲ့ရလေသည်။

ဤ ဝိဝါဒါဓိကရုဏ်းကြီး ပေါ်ပေါက်လာရသည်မှာ ရှင်သာမဏေများ လိုက်နာဖြည့်ကျင့်ရမည့် သိက္ခာပုဒ်နှင့် ဝတ္တရားတို့ကို စုစည်းဖော်ပြသည့် ရှင့်ကျင့်ဝတ် ကျမ်းစာများ မရှိခြင်းကြောင့်ဟု ဆိုနိုင်သည်။

ချဲ့ဦးအံ့၊ ဤ ဝိဝါဒါဓိကရုဏ်းကြီး စတင်ပေါ်ပေါက်ရာခေတ်မှာ ကျမ်းဂန် ပြုစုမှုနှင့်စပ်၍ များစွာတိုးတက် နေပြီဖြစ်သည်။ သို့သော် ရှင်ကျင့်ဝတ် ကျမ်းစာများကိုကား ပြုစုကြ ပေတင်ကြသေးပည် မဟုတ်ပေ။ အကယ်၍သာ ရှင်ကျင့်ဝတ်ကျမ်းစာများ ပြုစုကြ ပေတင်ကြမည်ဆိုလျှင် အတင်ဂိုဏ်းကို စတင်ခဲ့သော ရှင်ဂုဏာဘိလင်္ကာရသည် ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌ အနက်အဓိပ္ပါယ် သဘောသကန် မကျန စုပ်စောဒနာ အာဘော် ကျမ်းထွက် ကျမ်းတက် ကျမ်းရိုးပင် မတတ်သော်လည်း သေခိယသိက္ခာပုဒ်များ ရှင်သာမဏေတို့နှင့် သက်

ဆိုင်ကြောင်း ရှင်သာမဏေတို့ပါ ဖြည့်ကျင့်ရမည်ဖြစ်ကြောင်း အလွယ်တကူ သိခွင့်ရပေလိမ့်မည်။ ထိုသို့သာ သိခွင့်ရပါက သေခိယတွင်ပါဝင်သည့် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်တို့နှင့် ဆန့်ကျင်သည့် "ရှင်သာမဏေတို့ ရွာဝင်ရွာသွား သက်နးကို တဖက်သက်ကန်တော့တင်၍ သွားရမည်" ဟူသောဝါဒကို စတင်မိလိမ့်မည် မဟုတ်ပေ၊ ယခုသော်ကား ထိုဝါဒကို စတင်မိခဲ့လေပြီ။

ဤဖြစ်ရပ်ကို ထောက်၍ "သက္ကရာဇ် ၁၀၆၀-ပြည့်နှစ် ဟိုဖက်မှာ ရှင်ကျင့်ဝတ် ကျမ်းစာများ မရှိသေး" ဟု ခန့်မှန်းနိုင်ပေသည်။

ဆိုခဲ့ပြီးသော ဝိဝါဒါခိကရုဏ်းကြီးသည် ရှင့်ကျင့်ဝတ်ကျမ်းစာများ မရှိခြင်းကြောင့် ပေါ်ပေါက်လာခဲ့ရသကဲ့သို့ ရှင်သာမဏေတို့ လိုက်နာဖြည့်ကျင့်ရမည့် ကျင့်ဝတ်များမှာ "ဘာတွေ" ဆိုသည်ကို သိလိုစိတ်များ လေ့လာလိုစိတ်များ ရေးမှတ်လိုစိတ်များ ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးရာ ရှင်ကျင့်ဝတ်ကျမ်းစာများ ရေးသားပြုစုရန် သတိပေးရာလည်း ရောက်နေပေမည်။ ထို့ကြောင့် ထိုဝိဝါဒါခိကရုဏ်းကြီး ဖြစ်ပေါ်ပြီးရာ ကာလကို ရှင်ကျင့်ဝတ် ကျမ်းစာများ ပေါ်ထွန်းရာခေတ်ဟု ခန့်မှန်းလိုပါသည်။

ထိုသို့ ရေးသားပြုစုလိုစိတ်များ ဖြစ်ပေါ်၍ ရေးသားပြုစုကြရာ၌လည်း ကျမ်းစာသဘော တလုံးတစည်းတည်း မဟုတ်မူပဲ ပုဂ္ဂိုလ်အမျိုးမျိုးက မိမိတို့ ရေးလိုရာအပိုင်းကို မှတ်စုဆန်ဆန် ရေးသားခဲ့ကြပေမည်။ ထို့ကြောင့် ရတနာပုံ ရွှေမြို့တော်ကြီး၏ အရှေ့တောင်ဝိစိဘ္ဘာရာမခေါ် မာန်အောင်ကျောင်းတိုက်၌ သီတင်းသုံးလေ့ရှိသော တိလောကာဘိဝံသ သာသနဇောတ မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော် ၁၂၃၆-ခုနှစ် ရေးသားပြုစုသော "ရှင်ကျင့်ဝတ်ပါဌ်အနက်" ကျမ်းစာနိဒါန်း၌—

"ရှေးရှေးဆရာမြတ်တို့ စီရင်ရေးသားအပ်သော ရှင်ကျင့်ဝတ်စကားအစဉ်သည် တလုံးတစည်းတည်းမရှိ၊ အကွဲအပြား

ဖြစ်လျက်ရှိပါသည်။ တလုံးတစည်းတည်းဖြစ်၍ မှန်ကန်သေချာရှိအောင် စုရုံးယူငင် ပြင်ဆင်ရေးသားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားရှိသည့်အတိုင်း”ဟု ဖော်ပြထားပေသည်။

## ရှေးက ရှင်ကျင့်ဝတ်စာအုပ်

ရှေးက ဝက်ခုတ်မူ ရှင်ကျင့်ဝတ်စာအုပ် ရှိခဲ့ဖူးသည်ဟု သိရသော်လည်း မတွေ့ရပါ။ ယခု တွေ့ရသော စာအုပ်မှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း ရတနာပုံ ရွှေမြို့တော်ကြီး၏ အရှေ့တောင် ဇလင်းတိုက်ဟောင်း၏ တောင်ဖက် ဝိစိတ္တာရာမအခါ မှာန်အောင်ကျောင်းအတွင်း သီရိပဝရ တိလောကမဟာရာဇိန္ဒာဓိပတိ ပဒုမာ ရတနာဒေဝီ ဘွဲ့တံဆိပ်နာမံ ခံသော အလယ်နန်းမတော် ဆင်ဖြူမရှင်၏ သမီးတော်အကြီး ပုဂံ၊ မိုင်းနောင် နှင်မြို့စားသီရိ သုရတနာ မင်္ဂလာဒေဝီ တံဆိပ်နာမံ ခံသော စုဘုရားကြီးက ကျောင်းဦး ပြာသာဒ်ဆော် စနု ဘောဂ ဆောင်မနှင့်တကွ ဘိုငါးဆင့်စမြင်ခံ ကျောင်းတော်ကြီးကို ဆောက်လုပ်၍ တင်လှူခြင်းကို ခံတော်မူရသော တိလောကာဘိဝံသ သာသနဓဇာတ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဆရာတော် ပြုစုသည့် “ရှင်ကျင့်ဝတ် ပါဠိအနက်” စာအုပ်ဖြစ်သည်။

ထိုစာအုပ်ကို ၁၂၃၆-ခု၊ ကဆုန်လဆန်း ၂-ရက်၊ နေ့ ၂-ချက်တီးချိန် ပြီးဆုံး အောင်မြင်ခဲ့သည်။ ထိုစာအုပ်၏ နိဂုံး၌—

> “ရှေးရှေး ဆရာမြတ်တို့ စီရင်ရေးသားအပ်သော ရှင်ကျင့်ဝတ် စကား အစဉ်သည် ကာလရှည်လျားသည်နှင့် ပုဒ် ပါဠိ အက္ခရာ သဒ္ဒါအနက် ပျက်စီးတိမ်းယိမ်း ရှိသည်ဖြစ်၍ ထိုရှေးရှေး ဆရာမြတ်တို့ စီရင်ရေးသားအပ်သော ရှင်ကျင့်ဝတ် စကားအစဉ်၏ မှန်ကန်သေချာစွာ ဖြစ်သဖြင့် ရှည်မြင့်စွာသော ကာလပတ်လုံး ခိုင်ခံ့စေခြင်းငှါ.... ဝိနည်း ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် တိုက်ဆိုင်ညှိနှိုင်း၍ အသစ်ပြင်ဆင် စီရင်ရေးသားအပ်သော ရှင်ကျင့်ဝတ် စကားအစဉ်”ဟု ဖော်ပြထားသဖြင့် အသစ်

တီသွင် စီရင်ရေးသားထားခြင်း မဟုတ်ပဲ၊ ရှေးဆရာမြတ်တို့၏ ရှင်ကျင့်ဝတ် စကားအစဉ်တို့ကို ဝိနည်းပါဠိ အဋ္ဌကထာ ဋီကာတို့ဖြင့် တိုက်ဆိုင်ညှိနှိုင်း တည်းဖြတ်ထားခြင်း သဘောမျှသာ ဖြစ်ကြောင်း သိရသည်။

ထိုစာအုပ်၌—

၁-သက်နိုးတောင်း ပါဠိအနက်၊
၂-ခွင့်တောင်း ပါဠိအနက်၊
၃-သီလတောင်း ပါဠိအနက်၊
၄-နမော တဿ ပါဠိအနက်၊
၅-သရဏဂုံ ပါဠိအနက်၊
၆-သီလခံ ပါဠိအနက်၊
၇-ဥပဇ္ဈာယ်ယူ ပါဠိအနက်၊
၈-ပစ္စဝေက္ခဏာ ပါဠိအနက်၊
၉-ဒဏ် ပါဠိအနက်၊
၁၀-လိင် ဆယ်ပါး ပါဠိအနက်၊
၁၁-စုဒ္ဒသခန္ဓကဝတ် ပါဠိအနက်၊
၁၂-ဝတ္တာနိသံသ ပါဠိအနက်၊
၁၃-သေခိယ ပါဠိအနက်တို့ ပါဝင်သည်။

ဒဏ် ပါဠိအနက်ကို ပြရာ၌ ဝိနည်းမဟာဝါပါဠိတော် (နှာ-၁၁၇) ဒဏ္ဍကမ္မဝတ္ထု၌ လာသည့်အတိုင်း ဒဏ် ၅-ပါး ပါဠိအနက်ကိုသာပြဆို၍ "အမှန်အားဖြင့် ဒဏ် ၅-ပါး၊ ဆယ်ပါးသာမက ဒဏ်အများပင် ရှိကြောင်း" အမှာစကားဖြင့် ပြဆိုသည်။

စဋ္ဌသာခန္ဓကဝတ် ပါဠိအနက်ကို ပြဆိုရာ၌ ဦးစွာ ဝတ် ၁၄-ပါး ခေါင်းစဉ်ကို ပြသည်။ ထိုနောက် စူဠဝါပါဠိတော် (နှာ-၄၁၆)၌ လာသည့်အတိုင်း အကျယ်ပြသည်။

ထိုကျမ်းစာကို ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာတိုက်က စာအုပ် အဖြစ် ၁၉၀၈-ခုနှစ်တွင် စက်တင်ပုံနှိပ် ထုတ်ဝေခဲ့သည်။

## ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်

ထိုသို့ ရှေးက ရှင်ကျင့်ဝတ်ကျမ်းစာများ ရေးသား ပြုစုကြသဖြင့် စာအုပ်အဖြစ်သို့ပင် ရောက်သော်လည်း များစွာတွင်ကျယ်ပျံ့နှံ့ခြင်း မရှိ လှပေ၊ ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ် ခေတ်တွင်မှ ရှင်ကျင့်ဝတ် စာအုပ်များ တွင်ကျယ် ပျံ့နှံ့လာသည်ကို တွေ့ရသည်။

ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်ကျမ်းစာသည် မူကျဉ်း မူကျယ်ဟူ၍ နှစ်မျိုး ရှိသည်၊ ထိုနှစ်မျိုးတို့တွင် ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် မူကျဉ်းကို မဟာ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး "ရေဝိုင်းတိုက်" ဟူ၍လည်း ခေါ်သော မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်ပြီးမှ စီစဉ်သည်ထင်ကြောင်း၊ ငယ်ငယ် က ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ်စာအုပ် ပါးပါးကလေးများ တွေ့ရကြောင်း၊ မူကျယ်ကို အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် စီစဉ်ကြောင်း၊ ယခု ပြည်မြို့ နဝင်းရပ်၌ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ကြီးကို တည်ထောင် သာသနာပြုတော်မူသော ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌ ဗာရာဏသီဆရာတော်က အမိန့်ရှိသည်။

ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် မူကျဉ်း စာအုပ်၌—

၁-သက်န်းကပ်၊
၂-သက်န်းတောင်း၊
၃-သရဏဂုံတောင်း၊

၄-ပစ္စဝေက္ခဏာပါဠိအနက်၊
၅-ပစ္စဝေက္ခဏာလင်္ကာများ၊
၆-လိင်ဆယ်ပါး ပါဠိအနက်၊
၇-ဒဏ်ဆယ်ပါး ပါဠိအနက်၊
၈-သေခိယပါဠိအနက်၊
၉-ဝတ်ပိုင်းပါဠိအနက်၊
၁၀-ညဉ့်ရွတ်စဉ်၊
၁၁-နာညတြစသော ၆-ဂါထာအနက်၊
၁၂-နံနက်ရွတ်စဉ်၊
၁၃-သဗ္ဗေ သင်္ခါရာစသော ၈-ဂါထာအနက်၊
၁၄-စုတင် တေရသ ဆောက်တည်ရန်ပါဠိ၊
၁၅-ကျောင်းသားကျင့်ဝတ်၊
၁၆-ဂဏ္ဍာသုဒ္ဓိအမိန့်စာတို့ ပါဝင်သည်။

စည်ရှင်ဆရာတော်သည် ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်မူကျဉ်းတွင် ဝိသုဒ္ဓါရုံ တိုက် ဥပဒေ ခေါ်ဆိုရမည့် ဩဝါဒကထာ၊ ထိဝိနိစ္ဆယ၊ ပကိဏ္ဏကကထာ၊ ဝဋ္ဋတော် ၁၂-ပါး လင်္ကာ၊ ဥပေါသထ လောဆက္က၊ အင်းကြီး ပုစ္ဆာ အဖြေတို့ကို ဖြည့်စွက်၍ "ဝိသုဒ္ဓါရုံမူ ရှင်ကျင့်ဝတ်သစ်ကြီး" အမည်ဖြင့် စီစဉ်သည်။ အစောဆုံး ၁၂၈၂-ခု၊ တန်ဆောင်မုန်းလတွင် ပုံနှိပ်သော စာအုပ်ကို တွေ့ရသည်။

၁၂၉၆-ခုနှစ်တွင် တဖန် နောက်ဆက်တွဲ ပရိသိဋ္ဌကဏ္ဍ အနေဖြင့် ဒသဓမ္မသုတ်နိဿယ၊ အာဝေဏိကဂုဏ်တော်နိဿယ၊ ပဌ္ဌဂိုဏ္ဍရ ဒုတိယ အဂါရဝသုတ် နိဿယ၊ မဇ္ဈရာဇစရိယာ နိဿယတို့ကို ဖြည့်စွက်ပြန်သည်။ ဤသို့လျှင် ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်မူကျယ်ကြီး၌ ခေါင်းစဉ် မာတိကာ ပေါင်း ၂၆-ခု ပါဝင်လျက်ရှိသည်။

## ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် အဖွင့်

သာသနာတော်နှစ် ၂၅၂၅-ခု၊ မြန်မာနှစ် ၁၃၄၃-ခု၊ တပေါင်းလဆန်း ၇-ရက် (၁-၃-၈၂)နေ့တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်၊ မိုးသောက်အုပ်စု ရှမ်းကုန်းကျေးရွာ၏ အရှေ့မြောက် အရပ် ကောင်းမြတ်သော မြေအပြင်တွင် "ဓမ္မဝိဟာရ" မည်သော သာသနာပြုကျောင်းတိုက် တစ်တိုက် စတင် ပေါ်ပေါက် လာသည်။ စာရေးသူသည် ထိုကျောင်းတိုက်ကို အုပ်ချုပ် သာသနာပြုရန် တာဝန် ရှိလာသဖြင့် ၁၃၄၃-ခု၊ နှောင်တန်ခူးလဆုတ် ၅-ရက်နေ့မှစ၍ နေထိုင် သာသနာပြုခဲ့သည်။

ထိုအခါ ရှင်သာမဏေများအား ရှင်ကျင့်ဝတ်များ ကျက်စေရာ ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ် (မူကျဉ်း) စာအုပ်များ မူအမျိုးမျိုး ဖြစ်နေပြီး အချို့ ချွတ်ချော်တိမ်းယိမ်းနေသည်တို့ကို တွေ့ရတော့သည်။ ထို့ကြောင့် "ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ်ကို မူမှန်ဖြစ်စေရန် တည်းဖြတ်ပြီး အဓိပ္ပာယ် သိလွယ်အောင် ဖွင့်ဆိုရေးသားမည်"ဟု ဆုံးဖြတ်ကာ ဇတင်ဆောင်ရွက် ခဲ့ပါသည်။ ထို့ကြောင့် ဤစာအုပ်ကို "ဓမ္မဝိဟာရ ရှင်ကျင့်ဝတ်" ဟူ၍ လည်း ခေါ်နိုင်ပေသည်။

### ခိစဉ်တည်းဖြတ်ပုံ

ဤစာအုပ်၌ ရှင်ပြုခန်း ရှင်ကျင့်ဝတ်ခန်း ဝတ်ရွတ်စဉ်ခန်း ဝိသုဒ္ဓါရုံ ခန်းဟု အခန်း ၄-ခန်းပါဝင်ရာ ရှေး ၃-ခန်းကို ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် တိုက်ဆိုင်တည်းဖြတ် ဖွင့်ဆိုပါသည်။ နောက်ဆုံး ဝိသုဒ္ဓါရုံခန်း၌ ဩဝါဒကထာဟု ခေါ်တွင်သည့် မဟာဝိသုဒ္ဓါရုံတိုက် ဥပဒေ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ကျောင်းဘုန်ကြီး တင်မြှောက်ရေးနှင့် ကျောင်းတိုက်ထိန်းသိမ်းရေး ဥပဒေ၊ သံဃဥပုသ် အမေးအဖြေ၊ ပဝါရဏာ အမေးအဖြေ၊ အာမခံလျှောက်၊ နိဿယယူပုံ၊ ကျောင်းသားကျင့်ဝတ်တို့ကို ထည့်သွင်းထားပါသည်။

တည်းဖြတ်ရာ၌ ၁၂၈၂-ခုနှစ် တန်ဆောင်မုန်းလတွင် ရန်ကုန်မြို့ ကဝိမျက်မှန်တိုက်၌ ရိုက်နှိပ်သော ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် သစ်ကြီး၊ ၁၃၁၀-ခုနှစ် ပုံနှိပ်ပြီး ရန်ကုန်—မန္တလေး ပိဋကတ်စာအုပ်ဆိုင် ဦးစံညွန့် သား ကိုလှမောင်တို့ ထုတ်ဝေသော မဟာဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် မူဟောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဘုန်းကြီး ဦးပရမနှင့် ဦးအဂ္ဂ ဉာနာဘိဝံသတို့ တည်းဖြတ်ပြီး ရန်ကုန်—မန္တလေး ပိဋကတ်စာအုပ်ဆိုင် ဦးလှမောင် ၁၃၇၄-ခု၊ ဒီဇင်ဘာလ ထုတ်ဝေသော မဟာဝိသုဒ္ဓါရုံမူမှန် ရှင်ကျင့်ဝတ်သစ် မူကျယ်ကြီးတို့ကို လက်ရင်းထား၍ ရန်ကုန်မြို့ ကျောက် ကုန်း မေဒိနီကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ မေဒိနီ ဆရာတော်၏ မေဒိနီ ရှင်-ရဟန်းကျင့်ဝတ်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ပရမတ္ထ သရူပဘေဒနီ (ဒု·တွဲ)တို့နှင့် ညှိနှိုင်းတည်းဖြတ်ပါသည်။

ကျေးဇူးတင်ခြင်း

မိမိ ရေးသားပြီးသမျှကို ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကမာစဲရွာ မန်းရတနာကျောင်း ဓမ္မာစရိယ ဒိဿဘာဏက ဦးနန္ဒိယ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် အစိုးရ နှင့် သကျသီဟဓမ္မာစရိယ ပါဠိပါရဂူ ဦးအဂ္ဂဉာနာဘိဝံသ၊ စစ်ကိုင်းမြို့ မဟာသုဓောဓာရုံတိုက် ပဓာန စာချဆရာတော် သ၊စ၊အ ဓမ္မာစရိယ ပါဠိပါရဂူ ဦးနန္ဒမာလာဘိဝံသတို့ထံ တင်ပြခဲ့ပါသည်။ ထိုအရှင်တို့က ထပ်မံ တည်းဖြတ်ကြပါသည်။ ထို့ကြောင့် ထိုအရှင် ၃-ပါးတို့အား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

ဦးမာနိတသိရီ

သဒ္ဓေးတန်းကျောင်း

မဟာဝိသုဒ္ဓါရုံတိုက်သစ်

မန္တလေး။

၁၃၄၅-ခု၊ ဝါခေါင်လဆုတ် ၇-ရက်။

# ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် အဖွင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရှင်ပြုခန်း

ပဗ္ဗဇ္ဇ ဒေါ်သကင်း၍ အမိဒႉဖတို့၏ ခွင့်ပြုချက်ကို ရရှိပြီးဖြစ်သော ရှင်သာမဏေလောင်းသည်–

၁။ ဆံချခြင်း
၂။ သင်္ကန်းဝတ်ခြင်း
၃။ သရဏဂုံ ဆောက်တည်ခြင်း ဟူသော အင်္ဂါ ၃-ပါးနှင့် ပြည့်စုံပါမှ ရှင်သာမဏေအဖြစ်သို့ ရောက်နိုင်သည်[၁]။

တို့ကြောင့် ဆံမချရသေးလျှင် ရှင်လောင်းကို ဆံချပေးရမည်။ ဆံချရာ၌ အစီအရင်မှာ ကျောင်းတိုက်အတွင်း၌ အခြားရဟန်းများရှိလျှင် ရှင်လောင်းဆံချပေးလိုပါကြောင်း ပန်ကြား အသိပေးရမည်။ သံဃာများလောကြောင့် စေ့ငအောင် မပန်ကြားနိုင်လျှင် ခဏ္ဍသိမ်တွင်းသို့ သွား၍(တို ခဏ္ဍသိမ်တွင်း၌ ရဟန်းရှိလျှင် ရှေးနည်းအတူ ပန်ကြားအသိ ပေးပြီးမှ) ဆံချပေးရမည်[၂]။

ဆံချစဉ် ရှင်လောင်းကို ဖော်ပြမည့်အတိုင်း တစ ပဥ္စက ကမ္မဋ္ဌာန်းကို နှလုံးသွင်း ရွတ်ဆိုပွါးများနေစေရမည်။

''ငါ၏ကိုယ်၌ ဤဆံပင်တို့သည် မတင့်မတယ် ရွံ့ရှာစက်ဆုပ်ဖွယ် တို့ပါတကား။

- ငါ၏ကိုယ်၌ ဤမွေးညင်းတို့သည် မတင့်မတယ် ရွံ့ရှာစက်ဆုပ်ဖွယ် တို့ပါတကား။

---

၁- ဝိနည်းမဟာဝါ၊ ၂၉။ ၂- ပါစိတျာဒိ၊ ၅၊ ၂၄၀၊ ၂၀၄၊

- ငါ၏ကိုယ်၌ ဤခြေသည်း လက်သည်းတို့သည် မတင့်မတယ် ရွံရှာ စက်ဆုပ်ဖွယ် တို့ပါတကား။

- ငါ၏ကိုယ်၌ ဤသွားတို့သည် မတင့်မတယ် ရွံရှာ စက်ဆုပ်ဖွယ် တို့ ပါတကား။

- ငါ၏ကိုယ်၌ ဤအရေတို့သည် မတင့်မတယ် ရွံရှာ စက်ဆုပ်ဖွယ် တို့ ပါတကား''။

ဤသို့ အနုလောမ အစဉ်အားဖြင့်လည်းကောင်း၊ အရေ၊ သွား၊ ခြေသည်း လက်သည်း၊ မွေးညင်း၊ ဆံပင် ဟူသော ပဋိလောမ အစဉ် အားဖြင့်လည်းကောင်း နှလုံးသွင်း ရွတ်ဆိုပွါးများ နေစေရမည်။

(ဤသို့ နှလုံးသွင်း ရွတ်ဆိုပွါးများတတ်စေရန်လည်း သင်္ကန်းတောင်း သင်စဉ်ကပင် သင်ပေးထားသင့်ပေသည်။ )

ဆံချပြီးလျှင် နန္နင်းမှုန့် ဆပ်ပြာ စသည်တို့ဖြင့် လူနံ့ ပျောက်အောင် ပွတ်တိုက်ရေချိုးပေးရမည်။ ဤကား ဆံချရာ၌ အစီအရင်တည်း[၁]။

## သင်္ကန်းဝတ်

ထို့နောက် ဖော်ပြပါ သင်္ကန်းကပ်ဆိုရိုးကို (၃)ကြိမ်သော်လည်း ကောင်း၊ (၂)ကြိမ်သော်လည်းကောင်း၊ (၁)ကြိမ်သော်လည်းကောင်း ရွတ်ဆို၍ ဆရာရဟန်းအား သင်္ကန်း ကပ်ရမည်။

## သင်္ကန်းကပ် ဆိုရိုး

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

---

၁-ပါစိတျာဒိ၊ ဋ္ဌ၊ ၂၄၉။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ ဣမံ ကာသာဝံ၊ တပည့်တော်၏လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုပေးတော်မူပါကုန်ဘုရား။

## သင်္ကန်းတောင်း ဆိုရိုး[၁]

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရား။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ၊ အလုံးစုံသော ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏ-တ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ။ ဧတံ ကာသာဝံ၊ အရှင်ဘုရားတို့၏လက်၌ရှိသော ထိုသင်္ကန်းကို။ ဒတွာ၊ ပေးတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ပြုပေးတော်မူပါကုန် ဘုရား။

---

၁- ဤသင်္ကန်းကပ် သင်္ကန်းတောင်း ဆိုရိုးတို့မှာ "ကာသာယာနိ ကိဂ္ဂတ္တာ၊ ဝါ ဒိက္ခတ္တာ၊ ဝါ သကိံ ဝါ ပဋိဂ္ဂါဟေတဗ္ဗော"ဟူသော ပါဠိ-တျာဒိ၊ အဋ္ဌကထာ၊ (နှာ-၂၄၉၊ ၂၅၀)စကားအရ ရှေးဆရာများ စီစဉ်ခဲ့ကြသည်။ ဝိမတိ(ဒု၊ ၉၅)။ ဝိနယာလင်္ကာရ(ပ၊နှာ-၂၅၉)တို့၌ကား "သဗ္ဗဒုက္ခနိဿရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"ဟု သင်္ကန်းကပ် ဆိုရိုးကိုပြ၍ "သဗ္ဗဒုက္ခ-နိဿရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"ဟု သင်္ကန်းတောင်း ဆိုရိုးကို ပြကြသည်။

ဆရာထံမှ သင်္ကန်းရလျှင် ဆရာ၏အမိန့်ဖြင့် သင်္ကန်းဝတ်ရမည်။ (ဆရာ့အမိန့်မရပဲ ကိုယ့်ဟာကိုယ် မဝတ်ရ)။

သင်္ကန်းဝတ်ပြီးလျှင် ဖော်ပြပါ သရဏဂုံတောင်း ဆိုရိုးကို ရွတ်ဆို၍ သရဏဂုံ တောင်းရမည်။

**သရဏဂုံတောင်း ဆိုရိုး**

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ၊ အရှင်ဘုရား။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏။

ဘန္တေ၊ အရှင်ဘုရား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏။

ဘန္တေ၊ အရှင်ဘုရား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ ပဗ္ဗဇ္ဇံ၊ ရှင်သာမဏေ အဖြစ်ကို။ ယာစာမိ၊ တောင်းပါ၏။

ထိုသို့ ရှင်လောင်းက သရဏဂုံတောင်း ဆိုပြီးသောအခါ ဆရာ ရဟန်းက—

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"—

ဟု သိထိလ ဓနိတ ဌာန် ကရိုဏ်း ပယတ် ပီသစွာ ချပေးရမည်။ ရှင်လောင်းကလည်း သိထိလ ဓနိတ ဌာန် ကရိုဏ်း ပယတ် ပီသစွာ လိုက်ဆိုရမည်။ ဆရာရဟန်းက တပည့် ရှင်လောင်း လိုက်ဆိုပုံ ကျေနပ်လျှင် "သရဏ ဂမနံ ပရိပုဏ္ဏံ"ဟု သရဏဂုံပြည့်စုံပြီဖြစ်ကြောင်း ပြောရမည်။ (လိုက်ဆိုပုံ မပီလျှင် ထပ်ချပေးရမည်)။ တပည့်က "အာမ ဘန္တေ"ဟု ပြန်ကြားရမည်။

## သိက္ခာပုဒ်ဆောက်တည်ရန်မလို

ဤသို့ ဆရာရဟန်းက သရဏဂုံပေး၍ ရှင်လောင်းက သရဏဂုံ ပီသအောင်လိုက်ဆိုပြီးသည်နှင့် သရဏဂုံယူခြင်းကိစ္စပြီး၍ ရှင်သာမဏေ အဖြစ်သို့ရောက်သည်။ ရှင်သာမဏေတို့ ဖြည့်ကျင့်ရမည့် သီလသိက္ခာများ ပြည့်စုံပြီ။ ဥပသမ္ပဒ ကမ္မဝါစာ ဆုံးသည်နှင့် ရဟန်းလောင်း ရဟန်း အဖြစ်သို့ရောက်၍ ရဟန်းတို့ ဖြည့်ကျင့်ရမည့် သီလသိက္ခာများ ပြည့်စုံပြီး ဖြစ်သကဲ့သို့တည်း။ ထို့ကြောင့် "ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် သိက္ခာပုဒ်တို့ကို သီးခြားရွတ်ဆို ဆောက်တည်ဖွယ်မလို၊ ဖြည့်ကျင့်နိုင်ဖို့အတွက် သင်ယူရန်သာလိုသည်[၁]။

## ဝတ်တောင်းရန်

ပရိယတ် ပဋိပတ်တို့ကို ဖြည့်ကျင့်အားထုတ်နေမည်ခြင်းကြောင့် သရဏဂုံယူ တပည့်က သရဏဂုံဆရာအပေါ်၌ ပြုရမည့် အာစရိယဝတ်၊ သရဏဂုံဆရာက သရဏဂုံယူ တပည့်အပေါ် ပြုရမည့် အန္တေဝါသိက

---

၁-ပါစိတျာဒိ၊ ဌ၊ ၂၅၁၊ ၂၅၂။

ဝတ်တို့ ပျက်ကွက်ခဲ့သော် အပြစ်မှလွတ်စေခြင်းငှါ တောင်းပန်ခွင့်လွှတ် ထားသင့်သည်။ ထို့ကြောင့် ဖော်ပြပါ ခွင့်တောင်းစကားဖြင့် ခွင့် တောင်းရမည်။

### ခွင့်တောင်းစကား

သရဏဂုံဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ခွင့်ပေးသနားတော်မူပါဘုရား။ ဘုရားတပည့်တော်က လည်း အလုံးစုံ ခွင့်ပြုပါ၏ ဘုရား။

### ဥပဇ္ဈာယ်ဆရာ

ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးသူသည် ပရိသုပဋ္ဌာက အင်္ဂါနှင့် ပြည့်စုံသော ရဟန်းတော်တစ်ပါးကို ဝတ်ပုံစားပုံမှစ၍ အသေးစိတ် ပြောဆိုဆုံးမဖို့ ဥပဇ္ဈာယ်ဆရာအဖြစ် တင်မြှောက် လျှောက်ထားရသည်။

### ဥပဇ္ဈာယ်လျှောက်ပုံ

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ၊
ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ (ဝိနည်းမဟာဝါ၊ ၅၇)

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယော၊ အပြစ်ကြီးငယ် အသွယ်သွယ်တို့ကို ကပ်၍မပြတ် ကြည့်ရှု ဆိုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါ ဘုရား။

### ခွင့်တောင်းရန်

ပရိယတ် ပဋိပတ်တို့ကို ဖြည့်ကျင့်အားထုတ်နေပါခြင်းကြောင့် သဒ္ဓိ- ဝိဟာရိကတပည့်က ဥပဇ္ဈာယ်ဆရာအပေါ်၌ ပြုရမည့် ဥပဇ္ဈာယဝတ်၊ ဥပဇ္ဈာယ်ဆရာက သဒ္ဓိဝိဟာရိကတပည့်အပေါ်၌ ပြုရမည့် သဒ္ဓိဝိဟာရိက

ဝတ်တို ပျက်ကွက်ခဲ့သော် အပြစ်မှ ကင်းလွတ်စေခြင်းငှါ တောင်းပန် ခွင့်လွှတ်ထားသင့်သည်။ ထို့ကြောင့် ဖော်ပြပါ ခွင့်တောင်းစကားဖြင့် ခွင့်တောင်းရမည်။

## ခွင့်တောင်းစကား

ဥပဇ္ဈာယ်ဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ခွင့်ပေးသနားတော်မူပါ ဘုရား။ ဘုရားတပည့်တော်ကလည်း အလုံးစုံ ခွင့်ပြုပါ၏ဘုရား[၁]။

ရှင်ပြုခန်း ပြီး၏။

---

၁-ပါစိတျာဒိ၊နှာ-၂၆၄။ "မယ္ဟံ ဥပဇ္ဈာကော အတ္ထိ တုမှေ အတ္တ-နော သဇ္ဈာယ ပနသိကာရာဒိသု ယောဂံ ကရောထာ"တိ ဝဒတိ သဒ္ဒိဝိဟာရိကာနံ အနာပတ္တိ-ဆိုသောစကား။ ဝဇိရ၊နှာ-၄၁၈။ သာရတ္ထ၊ တ၊နှာ-၂၃၄။ "တေ ဧဝ ဝါ သဒ္ဒိဝိဟာရိကာဒယော ဘန္တေ တုမှေ ကေဝလံ အပ္ပေါသ္သုက္ကာ ဟောယာတိ ဝဒန္တိ၊ ဝတ္တံ ဝါ န သာဒိယန္တိ တဒော ပဋ္ဌာယ အာစရိယုပဇ္ဈာယာနံ အနာပတ္တီတိ ဝဒန္တိ"ဆိုသော စကားတို့ကို နည်းမှီ၍ ဆရာတို့ ဆိုရိုးပြုကြသည်။

# ရှင်ကျင့်ဝတ်

## ပစ္စဝေက္ခဏာ ပါဌ် အနက်

### သင်္ကန်း၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ[၁]။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို၊ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသ မကသ ဝါတာတပ ပရီသပ သမ္ဖဿာနံ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့တို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဟိရိကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

### မြန်မာလို ဆင်ခြင်ပုံ

သင့်သော အကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ သင်္ကန်းကို မှီဝဲပါ၏။

(၁) အအေးကို ပယ်ဖျောက်ရုံငှါသာလျှင် သင်္ကန်းကို မှီဝဲပါ၏။
(၂) မီးပူကို ပယ်ဖျောက်ရုံငှါသာလျှင် သင်္ကန်းကိုမှီဝဲပါ၏။
(၃) မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရုံငှါသာလျှင် သင်္ကန်းကို မှီဝဲပါ၏။

---

၁–မူလပဏ္ဏာသ၊ နှာ ၁၂။ အင်္ဂုတ္တရ၊ ဒု၊ နှာ–၃၄၁၊

(၄) ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးငှါသာလျှင် သင်္ကန်းကို မှီဝဲပါ၏။

အင်္ဂါလေးပါးရှိသည်။

[ဍံသ=မှက်၊ မသက=ခြင်ယင် (မသက၊ မကသ ၂-ချက်သင့်။ သဒ္ဒနီတိသုတ္တ။ နှာ-၄၀)ဝါတာတပ=လေနေပူ၊သရီသပ=မြွေ ကင်း,သန်း။ ဤ "မြွေ,ကင်း,သန်း ဟူသော အနက်၌ "ကင်း သန်း" ဟူသော ဝေါဟာရသည် ကင်းနှင့်အသင်းကို ပေါင်းစပ် ထားသည့် "ကင်းသင်း" ဟူသော ဝေါဟာရမှ ပြောင်းလာ သော ဝေါဟာရဖြစ်သည်။ "မြွေကင်းတို့၏ အသင်းဝင် သတ္တဝါ များ"ဟု ဆိုလိုသည်။ မှန်၏၊ သရီသပ သဒ္ဒါသည် ၎င်ဖြင့် ရွေ့သွား သွားတတ်သော မြွေ ကင်းခြေများ ပင့်ကူ တက်တူ ကင်းမြီးကောက် စသော သတ္တဝါတို့ကို ဟော၏။ ထို့ကြောင့် "မြွေ,ကင်းသန်း" ဟူသော အနက်သည် မြွေကင်းတို့နှင့် သူတို့၏ အသင်းဝင် ပင့်ကူ တက်တူစသော သတ္တဝါတို့ကို ခြုံငုံ၍ဆိုသည် ဟုမှတ်။ သတ်ပုံ အဘိဓာန် ပိတ်လင်စုံ နှာ-၁၁၃၊ ၁၁၄ကြည့်]

ဆွမ်း၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ၊ ယာပနာယ၊ ဝိဟိံသူပရတိယာ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ[၁]။

---

၁။ မူလပဏ္ဏာသ၊ နှာ-၁၂။ အင်္ဂုတ္တရ၊ ၃၊ နှာ-၃၄၁။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊
ပညာဖြင့် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။
ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဒဝါယ၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးထူး
ပျော်ပါး ကစားခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မမှီဝဲပါ။ မဒါယ၊
လက်ဝှေ့သတ်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်း
ငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ မဏ္ဍနာယ၊ နန်းတွင်းသူ ပြည့်တန်ဆာမ
တို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။
ဝိဘူသနာယ၊ ကျွန်းသခွား ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပ
တင့်တယ်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဣမဿ ကာယဿ၊
ဤရုပ်ကာယ၏။ ယာဝ ဌိတိယာ ဧဝ၊ တည်နိုင်ငှါသာလျှင်။ ယာဝ
ယာပနာယ ဧဝ၊ မျှတချိန်ငှါသာလျှင်။ ယာဝ ဝိဟိံသူပရတိယာ ဧဝ၊
ပင်ပန်းခြင်း ငြိမ်းချိန်ငှါသာလျှင်။ ယာဝ ဗြဟ္မစရိယာနုဂ္ဂဟာယ ဧဝ၊
သာသနာ့ဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ချိန်ငှါသာလျှင်။
ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။
ဣတိ ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊ ဤသို့ ဆွမ်းအစရှိသော အာဟာရ
ကို မှီဝဲသဖြင့်။ ပုရာဏံ၊ အဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ဆင်းရဲ
ဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ နဝံ၊ အသစ်ဖြစ်သော။
ဝေဒနဉ္စ၊ ဆင်းရဲဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ မေ၊
ငါ့အား။ ယာတြာစ၊ မျှတခြင်းသည်လည်းကောင်း။ အနဝဇ္ဇတာစ၊
အပြစ်မရှိခြင်းသည်လည်းကောင်း။ ဖာသုဝိဟာရောစ၊ ချမ်းသာစွာ
နေရခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့
နှလုံးပြု၍။ ပိဏ္ဍပါတံ၊ ဆွမ်းအစရှိသော အာဟာရကို။ ပဋိသေဝါမိ၊
မှီဝဲပါ၏။

## မြန်မာလိုဆင်ခြင်ပုံ

သင့်သောအကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ ဆွမ်းအစရှိသော
အာဟာရကို မှီဝဲပါ၏။

(၁) ရှာသူသားယော်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မမှီဝဲပါ။

(၂) လက်ဝှေ့သက်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မမှီဝဲပါ။

(၃) နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မမှီဝဲပါ။

(၄) ကျွမ်းသပဒး ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှါ ဆွမ်းအစရှိသော အာဟာရကို မမှီဝဲပါ။

(၅) ဤရူပကာယ၏ တည်ရုံငှါသာလျှင်ဆွမ်းအစရှိသောအာဟာရကို မှီဝဲပါ၏။

(၆) မျှတရုံငှါသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။

(၇) ပင်ပန်းခြင်း ငြိမ်းရုံငှါသာလျှင် ဆွမ်းအစရှိသောအာဟာရကို မှီဝဲပါ၏။

(၈) သာသနာဖြဟ္မစရိယ မဂ္ဂဗြဟ္မစရိယနှစ်ပါးကို ချီးမြှောက်ရုံငှါသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။

(၉) ဤသို့ ဆွမ်းကိုမှီဝဲသဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကိုလည်း ပယ်ဖျောက်အံ့။

(၁၀) အသစ်ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်စေအံ့။

(၁၁) ငါ့အား မျှတခြင်းသည်လည်းကောင်း၊

(၁၂) အပြစ်မရှိခြင်းသည်လည်းကောင်း၊

(၁၃) ချမ်းသာစွာနေရခြင်းသည်လည်းကောင်း ဖြစ်လတ္တံ့။

ဤသို့ နှလုံးပြု၍ ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။

အင်္ဂါ ၁၃-ပါး ရှိသည်။

## ကျောင်းဦးဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မသက ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ[၁]။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာ နေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ သီတဿ၊ အအေးကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဥဏှဿ၊ မီးပူကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသ မသက ဝါတာတပ သရီသပ သမ္ဖဿာနံ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း တို့၏ အတွေ့တို့ကို။ ယာဝပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်၊ သေနာသနံ၊ အိပ်ရာနေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ ဧဝ၊ ဥတုဘေးရန်ပယ်ဖျောက်ခြင်း ကိန်းအောင်း မွေ့လျော်ခြင်း အကျိုးငှါသာလျှင်။ သေနာသနံ၊ အိပ်ရာ နေရာ ကျောင်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## မြန်မာလိုဆင်ခြင်ပုံ

သင့်သောအကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ အိပ်ရာနေရာ ကျောင်းကို မှီဝဲပါ၏။

(၁) အအေးကို ပယ်ဖျောက်ရုံငှါသာလျှင် အိပ်ရာနေရာကျောင်းကို မှီဝဲပါ၏။

(၂) မီးအပူကို ပယ်ဖျောက်ရုံငှါသာလျှင် အိပ်ရာနေရာကျောင်းကို မှီဝဲပါ၏။

---

၁-မူလပဏ္ဏာသ၊ နှာ-၁၃။ အင်္ဂုတ္တိုရ်၊ ၃၊ နှာ-၃၄၁။

(၃) မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း တို့၏ အတွေ့တို့ကို ပယ်ဖျောက်ရိုင့်ါသောလျှင် အိပ်ရာ နေရာကျောင်းကို မှီဝဲပါ၏။

(၄) ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှါသောလျှင် အိပ်ရာနေရာကျောင်းကို မှီဝဲပါ၏။

အင်္ဂါ ၄-ပါး ရှိသည်။

[သေနာသန။ ။အကြင် နှစ်ဖက်မိုးသော ကျောင်းသည်၌ အိပ်၏၊ ထိုအိပ်ရာ နှစ်ဖက်မိုးသော ကျောင်းစသည်သည် သေန(အိပ်ရာ)မည်၏။ အကြင် နှစ်ဖက်မိုးသော ကျောင်းသည်၌ ထိုင်၏၊ ထို ထိုင်ရာ နှစ်ဖက်မိုးသော ကျောင်းစသည်သည် အာသန(နေရာ)မည်၏။

ဥတုဘေးရန် ဟူသော စကား၌ အအေး, အပူ ဥတုသည်ပင် နှိပ်စက်တတ်သော အနက်သဘောကြောင့် ဘေးရန် (ပရိဿယ)မည်၏။

တနည်း။ ။အအေး,အပူ ဥတုသည် ဥတုမည်၏။ ခြင်္သေ့,သစ်ကျားစသော ထင်ရှားသော ဘေးရန်တို့သည် လည်းကောင်း၊ ရာဂ ဒေါသစသော မထင်ရှားသော ဘေးရန်တို့သည် လည်းကောင်း ဘေးရန် (ပရိဿယ)မည်၏။ ဝိသုဒ္ဓိ၊ပ၊၃၂၊၃၃။]

## ဆေး၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဈ ပရမတာယ[၁]။

ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့်ဆင်ခြင်၍။ ဂိလာနပ္ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်ဆာအသောက်အစီဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဥပ္ပန္နာနံ၊ ဖြစ်ပြီးဖြစ်ဆဲဖြစ်ကုန်သော။ ဝေယျာဗာဓိကာနံ၊ ခုတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊

---

၁-မူလပဏ္ဏာသ၊ နှာ-၁၃။ အင်္ဂုတ္တရ၊ ဒု၊ နှာ-၃၄၁။

ဆင်းရဲဝေဒနာတို့ကို။ ယာဝ ပဋိဃာဘာယ ၀ေ၊ ပယ်ဖျောက်ရှုငြိသာ လျှင်။ ယာဝ အဗျာပဇ္ဇပရမတာယ ၀ေ၊ အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်းအကျိုးငှါသာလျှင်။ ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦ ဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

## မြန်မာလို ဆင်ခြင်ပုံ

သင့်သောအကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ အနာ၏ ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦဖြစ်သော ဆေးကို မှီဝဲပါ၏။

(၁) ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်ရုငှါသာလျှင် အနာ၏ ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦ ဖြစ်သော ဆေးကို မှီဝဲပါ၏။

(၂) အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်းအကျိုးငှါသာလျှင် အနာ၏ ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦဖြစ်သော ဆေးကို မှီဝဲပါ၏။

အင်္ဂါ ၂-ပါး ရှိသည်။

## ပစ္စဝေက္ခဏာ လင်္ကာများ[၁]

## သင်္ကန်း၌ ဆင်ခြင်ရန်

(၁) ချမ်း ပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေသဲ့သန်၊ ပယ်ရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစံပယ်၊ ပြင်ဆင်မယ်ဟု၊ စိတ်ဝယ်မထားမ်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်း သုံးဆောင်ပါသတည်း။

---

၁- ဘောဒနီ၊ ဒု၊ ၇၃၊ ၇၄။

## ဆွမ်း၌ ဆင်ခြင်ရန်

(၂) ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပ ရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤ ကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမော ပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာ ဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုယ်မျှလစ်၊ ခပ်သိမ်းဖြစ်ကို၊ မဖြစ်လေ အောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

## ကျောင်း၌ ဆင်ခြင်ရန်

(၃) ချမ်း ပူကိုဖျက်၊ ခြင်,မှက် လေနေ၊ ကင်းမြွေဝေးမှု၊ ဥတု ဘေးဘျမ်း၊ မသန်းကင်းငင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်း ကို၊ ကိန်းအောင်းမှီခိုပါသတည်း။

## ဆေး၌ ဆင်ခြင်ရန်

(၄) ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

## အလုံးစုံ တခါတည်းဆင်ခြင်ရန်

(၅) ဖိနပ်,ဆိမိး,ထီး,ဘောင်ဝှေး၊ ဟူသမျှကို၊ အေးမြချမ်းပူ[၁]၊ မြေ့ူသစ်ဇုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းငင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်ပာ၊ သာသနာကို၊ ကောင်းစွာကျင့် ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

## တနည်း အလုံးစုံ တခါတည်းဆင်ခြင်ရန်

ဖိနပ် ဆိမိးကို အစပြု၍ ယခုနေ့ ရှေနောက်အာရုံ နှစ်ခုအကြား သုံးစားမှီဝဲအပ်သာပျ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါး

---

၁-ဘေဒနီ၊ ဒု၊ နှာ-၂၉-၌ ''အေးမြခြစ်ပူ''ဟု ရှိသည်။

တို့ကို ကစားစံပယ် မြူးရယ်မာန်ကြွ လှုပရှားဆင်း ပြည့်ဖြိုးခြင်းငှါ သုံးဆောင်အပ်သည် မဟုတ်ပါ၊ နဲ့ဿဘ္ဘာ နိဗ္ဗာဝ အဗျာကတ သုည ဓာတ်ရုပ်အစစ် အနိစ္စ ဒုက္ခ အနတ္တ အသုဘ အရိုးစုဖြစ်သော ဤကိုယ်ခန္ဓာ အတွင်းအပြင် ရောဂါ ဘေးဘယကင်းကွာ၍ ချမ်းသာကျန်းမာ အသက်ရှည်ကြာစွာတည်နေလျက် ဝေပေကျုပ်းဂန် သင်အံလေ့လာနိုင်ခြင်း သီလသမာဓိ ဝိပဿနာ ရဟန်းတရားကို ပွါးများအားထုတ်နိုင်ခြင်း အကျိုးငှါ သုံးဆောင်မှီဝဲပါသတည်း [1]။

ပစ္စဝေက္ခဏာ ပြီး၏။

## လိင်ဆယ်ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယ မဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိ-ဒူသကော ဟောတိ။ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာ-ဂတော သာမဏေရော နာသေတဗ္ဗော [2]။

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေ-တဗ္ဗော၊ လိင်ပြန်စေအပ်၏။ ပါဏာတိပါတီ၊ သူ့အသက်ကိုသတ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါယီ။ အရှင်မပေးသော သူတပါး ဥစ္စာကို ခိုးယူလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အဗြဟ္မစာရီ၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒီ၊ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

၁-ထေရာန်ဩဝါဒကထာ အပိုဒ်-၉။ ၂-ဝိနည်းမဟာ၊ဝါ-နှာ-၁၁၉။

သုရာမေရယ မဇ္ဇပါယီ၊ မေ့လျော့ခြင်း၏အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ ဓမ္မဿ၊ တရားတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ သံဃဿ၊ သံဃာတော်မြတ်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော၊ မှားသော အယူရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုနိဒူသကော၊ ဘိက္ခုနီမကို ဖျက်ဆီးသည်။ ဟောတိ၊ ဖြစ်၏။ ဒသဟိ၊ ဆယ်ပါးကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သာမဏေရော၊ သာမဏေကို။ နာသေတဗ္ဗော၊ လိင်ပြန် စေအပ်၏။

## မြန်မာပြန်

လွန်ကျူးမိက လူထွက်ရသည့် ၁၀-ပါးကုန်သော ဒသမှုတို့ကား- သူ့အသက်ကိုသတ်ခြင်း၊ ရှင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်း၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ သေရည်သေရက်ကို သောက်ခြင်း၊ မြတ်စွာဘုရားကို ပြစ်တင်ကဲ့ရဲ့ခြင်း၊ တရားတော်ကို ပြစ်တင်ကဲ့ရဲ့ခြင်း၊ သံဃာတော်ကို ပြစ်တင်ကဲ့ရဲ့ခြင်း၊ မှားသောအယူဝါဒကိုယူခြင်း၊ ရဟန်းမကို ဖျက်ဆီးခြင်းတို့ ဖြစ်ပါသည်။

[ဤအပါ ၁၀-ပါးတို့တွင် ၁-ပါးပါးကို လွန်ကျူးမိ၍ လိင်ကျပါက ယူထားသော သရဏဂုံနှင့် ဥပဇ္ဈာယ်တို့ ငြိမ်းသွား ကင်းသွား ပြီဖြစ်၍ ရရှိထားသော ကျောင်းဒိပ်ချာနေရာနှင့် ရရှိလတ္တံ့သော သံဃာ့လာဘ်တို့ လက်လွှတ်ပြီး ဖြစ်သွားသည်။ (ပါစိတျာဒိ၊ ဋ္ဌ၊ ၂၉၆)

## နာသန သုံးမျိုး

(၁) သံဝါသနာသန = ကံကြီး ကံငယ် ဟူသော သံဝါသကို ဖျက်ဆီးခြင်း၊ (နှင်ထုတ်ခြင်း)

(၂) လိင်္ဂနာသန = အသွင်ကို ဖျက်ဆီးခြင်း၊

(၃) ဒဏ္ဍကမ္မ နာသန = ဒဏ်ပေးခြင်းဟူသော ဖျက်ဆီးခြင်း တို့တွင်—

ဤနာသေတဗ္ဗောဟူသော စကား၌ လိင်္ဂနာသန=အသွင်ကို ဖျက်ဆီးခြင်းကို ယူရမည်။ (ပါစိတျာဒိ၊ဋ္ဌ၊၁၄၀၊၂၉၅။)

"လိင်ပြန်စေအပ်၏" ဟူသော အနက်၌ "လိင်" ဟူသော စကားသည် လိင်္ဂသဒ္ဒါမှလာသော စကားဖြစ်၍၊ "အသွင်" ဟု အဓိပ္ပာယ်ရ၏။ ထိုအသွင်သည် ဂဟဋ္ဌလိင်္ဂ=လူ့အသွင်၊ ပဗ္ဗဇ္ဇလိင်္ဂ=ရှင်သာမဏေအသွင်ဟု နှစ်မျိုးရှိရာ ရှင်သာမဏေတို့၏ အသွင်မှ လူ့အသွင်ကိုပြန်ယူခြင်း၊ လူ့အသွင်သို့ ပြန်ရောက်ခြင်းကို "လိင်ပြန်ခြင်း" ဟု ဆိုသည်။ လူထွက်ခြင်းတည်း။ "လိင်ကျသည်" ဟု ဆိုရာ၌လည်း မူလသူ့အသွင်သို့ လျောကျသည်ဟု ဆိုလိုခြင်းပင်တည်း။

မုသာဝါဒအရာ၌ ရယ်လို၍ လိမ်ညာလျှင်သော်မှ လိင်ကျသည်။ မဇ္ဇပါနအရာ၌ သေအရက်မှုန်းသိလျက်သောက်မှ လိင်ကျသည်။ မသိ၍ သောက်မိသော် လိင်မကျ။

မိစ္ဆာဒိဋ္ဌိကော ဟောတိ၌ သဿတဒိဋ္ဌိစသော မှားသောအယူတမျိုးမျိုးကို ယူသူသည် "မှားသောအယူရှိသူ" မည်၏။ မှားသော အယူရှိသူသည် ထိုအယူကို မစွန့်မှ လိင်ပြန်ခံရသည်။ အယူကို စွန့်ပါက ဒဏ်ထမ်းစေပြီး "အယူမှားကို ယူမိပါသည် သည်းခံတော်မူပါ" ဟု ဝန်ခံလျှောက်ထားစေရသည်။

ဘိက္ခုနိဒူသကသည် အဗြဟ္မစာရီတွင် ပါဝင်ပြီး ဖြစ်သော်လည်း အဗြဟ္မစာရီမှာ နောင်အခါ စောင့်စည်းပါက ရှင်သာမဏေအဖြစ် ရဟန်းအဖြစ်ကို ရနိုင်၍ ဘိက္ခုနိဒူသကမှာ နောင်အခါ စောင့်စည်းသော်လည်း ရှင်သာမဏေအဖြစ် ရဟန်းအဖြစ်ကို မရနိုင်တော့ဟု ပြခြင်းငှါ ဘိက္ခုနိဒူသကကို သီးခြားဆိုသည်။ (ပါစိတျာဒိ၊ ဋ္ဌ၊ ၂၉၆၊ ၂၉၇။)]

ဒဏ်သယ်ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ၊ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာသယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ။ ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ (ဝိ၊ နှ၊ ၁၁၇-၈။)

ဒသဟိ၊ ဆယ်ပါးကုန်သော။ အင်္ဂေဟိ၊ အကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သဲဒဏ် ရေဒဏ် ပေးခြင်းအမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဝိကာလဘောဇနော၊ နေလွဲညစာ စားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော၊ ကခြင်း သီခြင်း တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော၊ ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုလေ့ရှိသည်။

ဟောတိ၊ ဖြစ်၏။ ဥစ္စာသယနံ မဟာသယနေသု၊ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ၊ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံကို ကိုင်ခံလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အလာဘာယ၊ လာဘ်မရ ခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အနတ္ထာယ၊ အကျိုးမဲ့ခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အာဝါသာယ၊ နေရာမရခြင်းငှါ။ ပရိသက္ကတိ၊ အားထုတ် ၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ခြိမ်းခြောက်၏။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခူဟိ၊ တပါးသောရဟန်း တို့နှင့်။ ဘေဒေတိ၊ ကွဲပြားအောင် ကုန်းတိုက်၏။ ဒသဟိ၊ ဆယ်ပါး ကုန်သော။ ဣမေဟိ ခေါ အင်္ဂေဟိ၊ ဤအကြောင်းအင်္ဂါတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ သာမဏေရဿ၊ သာမဏေအား။ ဒဏ္ဍကမ္မံ၊ သံဒဏ် ရွှေဒဏ် ပေးခြင်းအမှုကို။ ကာတုံ၊ ပြုအပ်၏။

## မြန်မာပြန်

လွန်ကျူးမိက ဒဏ်သင့်ရသည့် ၁၀-ပါးကုန်သော အမှုတို့ကား- နေလွဲအခါ ခဲဖွယ်ဘောဇဉ်အဝင်အပါ ယာဝကာလိကဝတ္ထုကို စား မျိုခြင်း၊ ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း ကြည့်ရှုနားထောင်ခြင်း၊ ပန်း ပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပျောင်းတို့ဖြင့် ပြေပြစ်အောင်ပြုခြင်း၊ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်ခြင်း၊ ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံကို ကိုင်ခံခြင်း၊ ရဟန်းတို့ လာဘ်မရအောင် အားထုတ်ခြင်း၊ ရဟန်းတို့ အကျိုးမဲ့(ဘေးဥပဒ်)ဖြစ်အောင် အားထုတ်ခြင်း၊ ရဟန်းတို့ နေမြဲကျောင်း၌ မနေနိုင်အောင် အားထုတ်ခြင်း၊ ရဟန်းတို့ကို ဆဲရေး ခြိမ်းခြောက်ခြင်း၊ ရဟန်းချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်းတို့ ဖြစ် ပါသည်။

[“တို့ဆီ မလာနဲ့၊ ဤကျောင်းထဲ မဝင်ခဲ့နဲ့” ဟု မိမိနေထိုင်ရာသို့ မလာရန် တားမြစ်ခြင်းမျှကို ဒဏ်အဖြစ် ပေါပေါ်ရှုရင်း ဖြစ်သော်

လည်း အပြစ်အားလျော်စွာ ရေခပ်စေခြင်း၊ ထင်းသယ်စေခြင်း သဲကျုံးစေခြင်းကိုလည်း ပြုအပ်၏ ဟု သင်္ဂါယနာအရှင်တို့ မိန့်ဆိုကုန်၏။ (ပါစိတျာဒိ၊ ၄၊ ၂၉၅။)

နေလွဲအခါ ခဲဖွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိကပဉ္စမျိုးကို စားမျိုခြင်းကို "ဝိကာလဘောဇန" ဟု ဆိုသည်။ (ကင်္ခါ၊ ၂၂၅။)

ဘုရားရှင်၏ လက်ရှစ်သစ် ပမာဏထက်လွန်သော ဒူးခြေရှိသော ညောင်စောင်းအင်းပျဉ်သည် ဥစ္စာသယနမည်၏။

အခြေ၌ သားရဲရုပ်တပ်သော ပလ္လင်၊ အမွေးရှည်ကောင်ဇောကြီး၊ ဆန်းကြယ်သော သားမွေးအခင်း၊ ဖြူသော သားမွေးအခင်း၊ ပန်းပြောက်ခြယ် သားမွေးအခင်း၊ လဲသွပ်အခင်း၊ ရုပ်ပုံခြယ် သားမွေးအခင်း၊ တဖက်အမွေးရှိ အခင်း၊ နှစ်ဖက်အမွေးရှိ အခင်း၊ ရွှေချည်ထိုးအခင်း၊ ပိုးချည်အခင်း၊ သားမွေးအခင်းကြီး၊ ဆင်ကုန်းနှီး၊ မြင်းကုန်းနှီး၊ ရထားခင်းနှီး၊ သစ်နက်ရေအခင်း၊ ပံပိုင့်ရေအခင်း၊ နီသောမျက်နှာကြက်နှင့် အုံးနှီနှစ်ဖက်ရှိသော နေရာတို့သည် မဟာသယနမည်၏။ (ဝိနည်းမဟာဝါ၊ ၂၈၀၊ ၂၈၁။)]

## သေခိယ ပါဠိ[၁]

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

(၁) ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။
(၂) ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။
(၃) သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာပီတိ သိက္ခာ ကရဏီယာ။
(၄) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၅) သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

---

၁-ပါစိတ်ပါဠိ၊ နှာ-၂၃၈၊ ၂၇၁။

(၆) သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၇) ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၈) ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၉) န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၀) န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

### ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

(၁၁) န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၂) န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၃) အပ္ပသဒ္ဒေါ အန္တရဃရေ ဂပိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၄) အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၅) န ကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၆) န ကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၇) န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂပိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၈) န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၁၉) န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၀) န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

### ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

(၂၁) နခမ္ဗကတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၂) န ခမ္ဗကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၃) န ဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၄) န ဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၅) န ဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၆) န ပလ္လတ္ထိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။
(၂၇) သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။
(၂၈) ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။
(၂၉) သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။
(၃၀) သမတိတ္ထိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခမ္ဗကတာဝဂ္ဂေါ တတိယော။

(၃၁) သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၃၂) ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၃၃) သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၃၄) သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၃၅) န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၃၆) န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျော-
ကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

(၃၇) န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၃၈) န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

(၃၉) နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၀) ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

(၄၁) န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၂) န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၃) န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၄) န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၅) န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၆) န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၇) န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၈) န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၄၉) န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၀) န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

(၅၁) န သုရုသုရုကာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၂) န ဟတ္ထနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၃) န ပတ္တနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၄) န သြဋ္ဌနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၅) န သာမိသေန ဟတ္ထေန ပါဏီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

(၅၆) န သသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။

(၅၇) န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၅၈) န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၅၉) န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၀) န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

(၆၁) န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၂) န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၃) န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၄) န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၅) န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၆) န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၇) န ဩဂုဏ္ဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၈) န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၉) န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၇၀) န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၇၁) န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၇၂) န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၇၃) န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

(၇၄) န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

(၇၅) န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

## သေခိယ အနက်

အာယသ္မန္တော၊ အရှင်တို့။ သေခိယာ၊ သေခိယ အမည်ရှိကုန်သော။ ဣမေ ခေါ ပန ဓမ္မာ၊ ဤသိက္ခာပုဒ်တို့သည်။ ဥဒ္ဒေသံ၊ အကျဉ်းရွက်ဆိုအပ်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။

(၁-၂) ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကိုရုံအံ့၊ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

(၃-၄) သုပ္ပဋိစ္ဆန္နော၊ လည် လက်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

* * *

* ဤသေခိယသိက္ခာတို့ကို မရိုသေသော စိတ်ထားဖြင့် ဖြည့်ကျင့်ခြင်းမပြုသော သာမဏေသည် ဒဏ်ထိုက်၏။ (ဝဇိရဗုဒ္ဓိ၊ ၄၁၂။ သာရတ္ထ၊ တ၊ ၂၀၃။ ဝိမတိ၊ ဒု၊ ၉၅။)

၁။ သင်းပိုင်ကို ဒူးနှစ်ဖက် ချက်ဟူသော အဝန်း ၃-ပါးကို ဖုံးလွှမ်းစေလျက် အဝန်းညီစွာ ဝတ်ရသည်။ ဒူးဝန်းကိုဖုံးမိစေရန် ဒူးအောက် လက်ရှစ်သစ်ခန့်ချ၍ ဝတ်ရသည်။

၂ ။ကိုယ်ဝတ်သင်္ကန်းကို အောက်အနားစွန်းချင်း ညီအောင် ရမ်းရ ရုံရသည်။ ဒူးအောက် လက် ၄-သစ် ခန့်ချပြီး ရမ်းရ ရုံရမည်ဟု ဝိမတိဋီကာဆရာ မိန့်ဆိုသည်။

ဤ ပရိမဏ္ဍလသိက္ခာပုဒ်တို့၌ "အန္တရဃရေ"ဟု အထူးပြု၍ မဆိုခြင်းကြောင့် ကျောင်းတိုက်တွင်း၌လည်းကောင်း၊ မြို့တွင်း ရွာတွင်း၌ လည်းကောင်း လိုက်နာကျင့်သုံးကြရသည်။

(၃-၄) မြို့တွင်း ရွာတွင်း၌ အနားပတ်သီးတပ် သင်္ကန်းရုံကာ သွားလာနေထိုင်ရသည်။ မြို့တွင်း ရွာတွင်း၌ ညဥ့်အိပ်နေနေ တည်းခို နေထိုင်သော ဝါသူပဂတ ရဟန်းသာမဏေ တို့မှာကား သင်္ကန်းမရုံပဲ နေထိုင်သော်လည်း အပြစ်မရှိ။

(၅-၆) သုသံဝုတော၊ လက်ခြေတို့ကို မကစားပဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၇-၈) ဩက္ခိတ္တစက္ခု၊ လေးတောင်ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်သွာရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၉-၁၀) ဥက္ခိတ္တကာယ၊ သင်္ကန်းကိုပင့်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ပဌမော၊ ရှေးဦးစွာသော။ ပရိမဏ္ဍလဝဂ္ဂေါ၊
ပရိမဏ္ဍလဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

*   *   *

(၅-၆) မြို့တွင်း ရွာတွင်း၌ လက်ခြေတို့ကို မဆော့ မကစားပဲ ဣန္ဒြေကို ကောင်းစွာထိန်းသိမ်း၍ သွားလာနေထိုင်ရသည်၊ ဤသိက္ခာပုဒ် ၂-ခုတို့သည် ဘေးရန်တို့ကြောင့်ပင် လွန်ကျူးခွင့်မရသေးသိက္ခာပုဒ်များဖြစ်သည်။

(၇-၈) မြို့တွင်း ရွာတွင်း၌ မျက်သွာချကာ လေးတောင်ခန့်မျှကိုသာ ကြည့်၍ သွားလာနေထိုင်ရသည်။ တနေရာမှာ ရပ်၍ မော်တော်ကား မြင်းလှည်း စသော ဘေးရန်များ ရှိ-မရှိကို လှမ်းမျှော် ကြည့်ရှုရာ၌ကား အပြစ်မရှိ။

(၉-၁၀) မြို့တွင်း ရွာတွင်း၌ လက်တဖက်ဖြင့်ဖြစ်စေ လက်နှစ်ဖက်လုံးဖြင့်ဖြစ်စေ သင်းပိုင်ကြေသီတို့ကို ဆွဲမပြီး (စွန်တောင်ဆွဲပြီး) မသွားလာ မနေထိုင်ရ။ ထိုင်နေရင်း အတွင်းအိပ်မှ ရေစစ်ကိုထုတ်ယူရာ၌ပင် ရုံထားသောသင်္ကန်းကို ခါးပေါ်အောင် မပင့်မလှန်မိစေရ။

မြို့တွင်း ရွာတွင်း၌ ညဥ့်အိပ်နေနေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်းသာပဏော်တို့မှာကား သင်္ကန်းကို ဆွဲမ(စွန်တောင်ဆွဲ)ပြီး နေထိုင်သော်လည်း အပြစ်မရှိ။

(၁၁–၁၂) ဥဇ္ဇုဌ္ဌိကာယ၊ ပြင်းစွာရယ်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၁၃-၁၄)အပ္ပသဒ္ဒေါ၊ ငယ်သောအသံရှိသည်ဖြစ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ နိသီဒိဿာမိ၊ နေထိုင်အံ့။

(၁၅-၁၆) ကာယပ္ပစာလကံ၊ ကိုယ်ကိုလှုပ်၍လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၁၇–၁၈)ဗာဟုပ္ပစာလကံ၊ လက်ရုံးကိုလှုပ်၍လှုပ်၍။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

* * *

(၁၁-၁၂) မြို့တွင်း၌ ရယ်စရာတွေ့ကြုံလျှင် ပြုံးရုံသာပြုံးရသည်။

(၁၃–၁၄) ဟစ်ဆယ့်နှစ်တောင်ခန့်အရပ်မှ စကားကို ကွဲကွဲပြားပြား မကြားရသော အသံသည် ငယ်သောအသံ ညင်သာသော အသံ မည်၏။မြို့တွင်းရွာတွင်း၌ သွားလာ နေထိုင်သည့်အခါ ထိုမျှ ညင်သာသောအသံဖြင့် ပြောဆိုရသည်။

(၁၅–၁၆) မြို့တွင်း ရွာတွင်း၌ ခန္ဓာကိုယ်ကို တည်ငြိမ် ဖြောင့်မတ်စွာထား၍ သွားလာနေထိုင်ရသည်။ မြို့တွင်းရွာတွင်း၌ ညဉ့်အိပ်နေနေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်း သာမဏေ တို့မှာကား ခန္ဓာကိုယ်ကို တည်ငြိမ်ဖြောင့်မတ်စွာ မထားပဲ နေထိုင်သော်လည်း အပြစ်မရှိ။

(၁၇-၁၈) မြို့တွင်းရွာတွင်း၌ လက်ရုံးကို တည်တည်ငြိမ်ငြိမ် ထား၍ သွားလာနေထိုင်ရသည်။ မြို့တွင်းရွာတွင်း၌ ညဉ့်အိပ် နေနေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်းသာမဏေတို့မှာကား လက်ရုံးကို တည်တည်ငြိမ်ငြိမ်မထားပဲ နေထိုင်သော်လည်း အပြစ်မရှိ။

(၁၉-၂၀)သီသပ္ပစာလကံ၊ ဦးခေါင်းကို လှုပ်၍လှုပ်၍။အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊မနေထိုင်အံ့။ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို ကရဏီယာ၊ ပြုအပ်၏။

ဒုတိယော၊ နှစ်ခုမြောက်သော။ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ၊ ဥဇ္ဇဂ္ဃိကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

(၂၁-၂၂) ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၂၃-၂၄) ဩဂုဏ္ဌိကော၊ ဦးခေါင်းကိုခြုံလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

*　　　*　　　*

(၁၉-၂၀) မြို့တွင်းရွာတွင်း၌ ဦးခေါင်းကို တည်ငြိမ်ဖြောင့်မတ်စွာ ထား၍ သွားလာ နေထိုင်ရသည်။မြို့တွင်းရွာတွင်း၌ ညဉ့်အိပ်နေ့နေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်း သာမဏေတို့မှာကား ဦးခေါင်းကို တည်ငြိမ်ဖြောင့်မတ်စွာ မထားပဲ နေထိုင် သော်လည်း အပြစ်မရှိ။

(၂၁-၂၂) မြို့တွင်းရွာတွင်း၌ ခါးထောက်၍ မသွားလာ မနေထိုင်ရ။ မြို့တွင်းရွာတွင်း၌ ညဉ့်အိပ်နေ့နေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်း သာမဏေတို့မှာကား ခါးထောက်၍ နေထိုင်သော်လည်း အပြစ်မရှိ။

(၂၃-၂၄) မြို့တွင်းရွာတွင်း၌ ဦးခေါင်းခြုံ၍ မသွားလာ မနေထိုင်ရ။ မြို့တွင်းရွာတွင်း၌ ညဉ့်အိပ်နေ့နေ တည်းခိုနေထိုင်သော ဝါသူပဂတ ရဟန်း သာမဏေတို့မှာကား ဦးခေါင်းခြုံ၍ နေထိုင်သော်လည်း အပြစ်မရှိ။

(၂၅) ဥက္ကုဋိကာယ၊ ဖဝါးဆွံ့နင်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ န ဂမိဿာမိ၊ မသွားအံ့။

(၂၆) ပလ္လတ္ထိကာယ၊ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ် ဖွဲ့လျက်၊ အန္တရဃရေ၊ ရွာတွင်း၌။ န နိသီဒိဿာမိ၊ မနေထိုင်အံ့။

(၂၇) သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

*　　　*　　　*

(၂၅) ခြေဖျားထောက်၍ သွားခြင်း၊ ခြေဖျားထောင်ပြီး ဖနောင့်ဖြင့်သွားခြင်းကို "ဖဝါးဆွံ့ နင်းသည်" ဟု ဆိုသည်။ မြို့တွင်း ရွာတွင်း၌ ထိုသို့ မသွားလာရ။

(၂၆) ဒူးကိုသိုင်းလျက် လက်ချင်းယှက်ခြင်းသည် လက်အာယောဂပတ်မည်၏။ ဒူးနှင့်ခါးတို့ကို အာယောဂ မည်သော ကြိုးပြား၊ အဝတ်၊ သင်္ကန်းတို့ဖြင့် ရစ်သိုင်းပတ်ဖွဲ့ခြင်းသည် ပုဆိုး (အဝတ်) အာယောဂပတ်မည်၏။

[ဒူးတစ်ဖက်နှင့် ခါးကို အာယောဂမည်သော ကြိုးပြားဖြင့် ပတ်ဖွဲ့ ထိုင်နေပုံကို အငြိမ်းစားကျောက်စာဝန် သီရိပျံချီ ဦးမြ ပြုစုသော အပယ်ရတနာ လိုဏ်ဂူပုရား စာအုပ် နှာ-၁၂၅ ပုံ ၂၂။ နှာ-၁၂၆ ပုံ ၂၄။ နှာ-၁၂၇ ပုံ ၂၆။ နှာ-၁၂၀ ပုံ ၂၉။ နှာ-၁၂၉ ပုံ ၃၀။ နှာ-၁၃၇ ပုံ ၄၆။ နှာ-၁၄၀ ပုံ ၆၇ တို့ကို ရှုပါ။]

မြို့တွင်းရွာတွင်း၌ ထိုသို့ မနေထိုင်ရ။ ညဉ့်အိပ်နေ့နေ တည်းခိုနေထိုင်သော အခါ၌ကား အပြစ်မရှိ။

[ဝါသူပဂတ ရစကောင်းသော သိက္ခာပုဒ် ဂ-ပါးကား နံပါတ် ၄၊၁၀၊၁၆၊၁၀၊၂၀၊၂၂၊၂၄၊၂၆-တို့တည်း။]

(၂၇) ဆွမ်းကို လေးလေးစားစား သတိထားပြီး ခံယူရသည်။

(၂၇) ပတ္တသညီ၊ သပိတ်၌အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

(၂၈) သမသူပကံ၊ ဆွမ်း၏ ၄-ဖို့တဖို့ ပဲနောက်ဟင်း စသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။

(၃၀) သမတိတ္ထိကံ၊ သပိတ် အတွင်း အနားရေးနှင့်အမျှ။ ပိဏ္ဍ-ပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

တတိယော၊ သုံးခုမြောက်သော။ ခမ္ဘကတဝဂ္ဂေါ၊
ခမ္ဘကတဝဂ်သည်။ နိဋ္ဌိတော၊ ပြီး ပြီ။

*        *        *

(၂၇) ဟိုကြည့် သည်ကြည့် မကြည့်ပဲ သပိတ်၌သာ စိတ်ကိုချထားပြီး ဆွမ်းကို ခံယူရသည်။

(၂၈) "သမသူပက" ဆိုသည်မှာ မပျစ်မကြဲ လက်ကော်ရ ပဲနောက်ဟင်း၊သို့မဟုတ် ပဲကြီးဟင်း ၄-ပုံတစ်ပုံပါသောဆွမ်းတည်း။ ထို့ကြောင့် မပျစ်မကြဲ လက်ကော်ရ ပဲနောက်ဟင်း ပဲကြီးဟင်းတို့ကို ဆွမ်း၏ ၄-ပုံတစ်ပုံထက် ပို၍ မခံယူရ။ ယင်း ပဲဟင်း ၂-မျိုးမှအပါးသော အရသာရှိသော သား, ငါး, အသုတ်,အကြော် စသည်တို့ကိုကား ၄-ပုံ တစ်ပုံထက် ပို၍ခံယူသော်လည်း အပြစ်မရှိ။

ထိုပဲဟင်း ၂-မျိုးကို ဆွေမျိုးတော်စပ်သူ "အလိုရှိရာ တောင်းပါ"ဟု ဖိတ်ကြားထားသူတို့ထံမှဖြစ်မူ ဆွမ်း၏ ၄-ပုံတစ်ပုံထက် ပို၍လည်း ခံယူကောင်းသည်။

(၃၀) ဤသိက္ခာပုဒ်၌ ပိဏ္ဍပါတဆိုသည်မှာ ယာဝကာလိကဝတ္ထုများဖြစ်သော ခဲဖွယ်ဘောဇဉ်တို့တည်း၊ ထို ယာဝကာလိကခဲဖွယ်ဘောဇဉ်တို့ကို အငယ်ဆုံး ၃-စလယ်ဝင်၊အကြီးဆုံး ၃-ပြည်ဝင်မနက်အောင်ဖုတ်၍ အကွဲအပေါက်မထင်သဖြင့် အင်္ဂါ ၅-ပါးနှင့်ပြည့်စုံ...

(၃၁) သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

(၃၂) ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

(၃၃) သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။

* * *

သော သပိတ်ဖြင့် အတွင်းအနားရေးထက် ပိုမောက်အောင် မခံယူရ၊ ဆွမ်းအထက်၌ တပါးသော သပိတ် သပိတ်ဖုံး ခွက် စသည် ထား၍ သော်လည်းကောင်း၊ အဝိဋ္ဌာန်မတင်လောက်သော သပိတ်ဖြင့် သော်လည်းကောင်း ခံယူမှု ခံယူကောင်းသည်။

အဖျော် ၈-ပါးစသော ယာမကာလိက အရည်မျိုး၊ ထောပတ် ဆီဦး သကြားစသော သတ္တာဟကာလိက ဝတ္ထုမျိုး၊ ဆီးဖြူသျှိသျှား ဖန်ခါး ဘေး ကွမ်း စသော ယာဝဇီဝိက ဝတ္ထုမျိုးတို့ကား အဓိဋ္ဌာန် တင်လောက်သော သပိတ်ဖြင့်ပင် ပိုမောက်အောင် ခံယူကောင်းသည်။

ဤသိက္ခာပုဒ်အရာ၌ ဂိလာနပင် အပြစ်မလွတ်။

(၃၁) ဆွမ်းကို လေးလေးစားစား သတိထားပြီးစားရသည်။

(၃၂) ဟိုကြည့် သည်ကြည့် မကြည့်ပဲ သပိတ်၌သာ စိတ်ကို ချထားပြီး ဆွမ်းကို စားရသည်။

(၃၃) ဆွမ်းကို ဟိုတစ သည်တစ ယူ၍ မစားရ။ မိမိနှင့် နီးရာမှ စ၍ အစဉ်အတိုင်း ယူစားရသည်။ သူတပါးတို့အား ပေးလှူလို၍ လည်းကောင်း၊ သူတပါး သပိတ်၌ ကွက်၌ လောင်းထည့်လို၍ လည်းကောင်း ဟိုတစ သည်တစ ယူလျှင် အပြစ်မရှိ။ လက်သုတ် ဟင်း လျာကို ဟိုတစ သည်တစ ယူစားလျှင်လည်း အပြစ်မရှိ။

(၃၄) သမသူပကာံ၊ ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းစသည်နှင့် အမျှ။ ပဋိဂ္ဂဟိတံ၊ ဆွမ်းကို။ ဘုဉ္စိဿာမိ၊ စားအံ့။

(၃၅) ထူပကတော၊ ဆွမ်းဦးမှ။ ဩမဒ္ဒိတွာ။ နှိပ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ န ဘုဉ္စိဿာမိ၊ မစားအံ့။

(၃၆) သူပံဝါ၊ ဟင်းကိုလည်းကောင်း။ ဗျဉ္ဇနံဝါ၊ စားမဲဟင်းလျာကိုလည်းကောင်း။ ဘိယျောကမျတံ၊ များသည်ကို အလိုရှိသည် အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်၊ န ပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။

*   *   *

(၃၄) မပျစ်မကျဲ လက်ကော်ရ ပဲနောက်ဟင်း ပဲကြီးဟင်းတို့ကို ဆွမ်း၏ ၄-ပုံတစ်ပုံသာ စားရသည်။ ယင်းပဲဟင်း ၂-မျိုးမှ တပါးသော အရသာရှိသော သား ငါး အသုတ်အကြော်စသည်တို့ကိုကား ၄-ပုံတစ်ပုံထက် ပိုပြီးစားကောင်းသည်။ ယင်း ပဲဟင်း ၂-မျိုးပင် ဖြစ်သော်လည်း ဆွေမျိုးတော်စပ်သူတို့၏ ဥစ္စာ၊ "အလိုရှိရာ တောင်းပါ" ဟု ဖိတ်ကြားထားသူတို့၏ ဥစ္စာ၊ မိမိ၏ ကပ္ပိယဥစ္စာဖြင့် လဲလှယ်အပ်သော ဥစ္စာဖြစ်မူ ဆွမ်း၏ ၄-ပုံတစ်ပုံထက် ပိုစားသော်လည်း အပြစ်မရှိ။

(၃၅) ဆွမ်း၏အလယ် မောက်နေသော နေရာသည် ထူပက ဆွမ်းဦး(ဆွမ်းထိပ်)မည်၏။ ထို ဆွမ်းဦးမှ ယူခြင်းကို "ဆွမ်းဦးနှိပ်သည်" ဟု ဆိုသည်၊ ထို့ကြောင့် ဆွမ်းဦး (ဆွမ်းထိပ်) ဖြစ်သော အလယ်မှ ဆွမ်းကိုယူမစားရ။ ဆွမ်းကုန်ခါနီး သိမ်းကျုံး၍ စားရာ၌ အလယ်မှ ယူစားမိသော်လည်း အပြစ်မရှိ။

(၃၆) ပဲနောက်ဟင်း ပဲကြီးဟင်းစသော ရိုးရိုးအမာခံ ဟင်းသည် သူပမည်၏။ ငါး အမဲ အသီး အရွက် အညွှာက် စသည်တို့ဖြင့် ချက်ပြုတ် သုတ်နယ်အပ်သော ထမင်း၏ အပေါ်တင် ဟင်းရံ ဟင်းကောင်းသည် ဗျဉ္ဇန-စားမဲဟင်းလျာမည်၏။ ထို ရိုးရိုးဟင်းနှင့်စားမဲ

(၃၇) သူပံဝါ၊ ဟင်းကိုလည်းကောင်း။ သြဒနံဝါ၊ ဆွမ်းကိုလည်းကောင်း။ အဂိလာနော၊ မနာမဖျားပဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိညာပေတွာ၊ တောင်း၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

* * *

ဟင်းလျာတို့ကို များများ အလိုရှိသည်ဖြစ်၍ ဆွမ်းခြင့်ဖုံးမထားရ၊ "သားငါးခပေါ်ရ" ဟု ကြေငြာရာနေ့ရက်တို့၌ လောင်းလှူသူတို့ ကိုယ်တိုင်က ဆွမ်းဖြင့်ဖုံးပြီး လောင်းလှူလိုက်လျှင်ကား အပြစ်မရှိ။ (ဝိနယဝိနိစ္ဆယ၊ ဒု၊ ၁၇။ ဝိ၊ ၌၊ ဒု၊ ၂၀၂။ ကခါ၊ ၁၇၀။) ဤ သိက္ခာပုဒ်အရာ၌လည်း ဂိလာနအပြစ်မလွတ်။

(၃၇) ဤသိက္ခာပုဒ်၏ ပဒဘာဇနီ၌ "သူပေါ နာမ ဒွေ သူပါ" ဟု သူပအရ ပိုင်းခြားကန့်သတ်ချက် မပါသောကြောင့် သူပအရ ရှင်သာမဏေများအတွက် ဆွမ်းမှကြွင်းသမျှ အာဟာရအားလုံးကိုယူ။ ရဟန်းများအတွက် ပဏီတဘောဇန သိက္ခာပုဒ်ရှိပြီးဖြစ်၍ ထောပတ် စသည်ဖြင့် ရောအပ်သော ပဏီတဘောဇဉ် ၉-မျိုးကိုလည်းကောင်း၊ မဟာနာမသိက္ခာပုဒ် ရှိပြီးဖြစ်၍ ဆေးအဖြစ် အသုံးပြုမည့် ထောပတ် ဆီဦး ဆီ ပျားတင်လဲ တို့ကိုလည်းကောင်း ချန်၍ အာဟာရအတွက် အသုံးပြုမည့် ထောပတ်စသည် ငါးမျိုးအပါအဝင် အာဟာရ အားလုံးကို ယူ။

ထို့ကြောင့် ရှင်သာမဏေများ ဂိလာနမဟုတ်ပဲ ဆွမ်းကိုဖြစ်စေ၊ ပဏီတဘောဇဉ်နှင့် ထောပတ်စသော ဆေးများအပါအဝင် အခြား အာဟာရ တမျိုးမျိုးကိုဖြစ်စေ တောင်းလျှင် ဤသိက္ခာပုဒ်အရ ဒဏ် ထိုက်သည်။ ရဟန်းများ ဂိလာနမဟုတ်ပဲ ကိုယ့်အတွက် ပဏီတ ဘောဇဉ်ကို တောင်းလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ်၊ ဆေးအတွက် ထောပတ် စသည့် ငါးပါးကိုတောင်းလျှင် မဟာနာမ သိက္ခာပုဒ်အရ ပါစိတ်အာပတ်၊ အာဟာရအတွက် ထောပတ် စသည် နှင့်တကွ အခြား အာဟာရ တစ်မျိုးမျိုးကို တောင်းလျှင် ဤသိက္ခာ ပုဒ်အရ ဒုက္កဋ်အာပတ်သင့်သည်။

(၃၇) ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍။ ပရေသံ၊ သူတပါးတို့၏။ ပတ္တံ၊ သပိတ်ကို၊ န ဩလောကေဿာမိ၊ မကြည့်အံ့။

(၃၈) အတိမဟန္တံ၊ အလွန်ကြီးသော။ ကဗဠံ၊ ဆွမ်းလုတ်ကို။ န ကရိဿာမိ၊ မပြုအံ့။

*  *  *

ဆွေမျိုးတော်စပ်သူ''တောင်းပါ''ဟု ဖိတ်ကြားထားသူ မဟုတ်သော လူတို့အထံ အယုတ်သဖြင့် ရေကိုမျှ မတောင်းရ။ ဆွမ်းဖိတ်ပေးခြင်း ပစ္စည်းလေးပါးဖိတ်ခိုင်းခြင်း ရဟန်းဒကာ ရှင်ဒကာ အလုပ်ခိုင်းခြင်းတို့မှာ ခိုင်းသူလည်း အပြစ်မလွတ်၊ခိုင်း၍ တောင်း၍ ရသော ပစ္စည်းလည်း အဆက်ဆက်မအပ်။ မိမိအတွက် ဆွေမျိုးနှင့် ဖိတ်ကြားထားသူတို့ အထံ တောင်းလျှင်လည်းကောင်း၊မိမိကပ္ပိယဥစ္စာဖြင့် လဲလှယ်လျှင်လည်းကောင်း၊ သူတပါးအတွက် ထိုသူတို့၏ ဆွေမျိုးနှင့် ဖိတ်ကြားထားသူတို့ထံ တောင်းလျှင်လည်းကောင်း အပြစ်မရှိ။

(၃၇) ကဲ့ရဲ့လိုသောစိတ်ထားဖြင့် သူတပါး၏ သပိတ်ကို မကြည့်ရ။ လှူလို၍လည်းကောင်း၊ အလှူခံလို၍လည်းကောင်း ကြည့်လျှင် အပြစ်မရှိ၊ ဤသိက္ခာပုဒ်အရာ၌လည်း ဂိလာန အပြစ်မလွတ်။ ။ (ဂိလာနပင် အပြစ်မလွတ်သော သိက္ခာပုဒ်တို့ကား ၃၀၊ ၃၆၊ ၃၇–တို့တည်း။)

(၃၈) ဒေါင်းဥ ပမာဏရှိသော ဆွမ်းလုတ်သည် ကြီးလွန်း၏။ ပြုလျှင် အပြစ်ရှိ၏။ ကြက်ဥ ပမာဏရှိသော ဆွမ်းလုတ်သည် ငယ်လွန်း၏။ ပြုသော် အပြစ်မရှိ။ ထိုနှစ်ခုတို့၏ အလယ်ပမာဏ ရှိသော ဆွမ်းလုတ်ကို ပြုအပ်၏။ အမြစ်ခဲဖွယ်စသော ခဲဖွယ် သစ်သီးကြီးငယ် လက်သုတ်ဟင်းလျာတို့ ကြီးနေသော်လည်း အပြစ်မရှိ။

(၄၀) ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာလောပံ၊ ဆွမ်းလုတ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

စတုတ္ထော၊ လေးခုမြောက်သော။ သက္ကစ္စဝဂ္ဂေါ၊
သက္ကစ္စဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

(၄၁) ကဗဠေ၊ ဆွမ်းလုတ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အံ့။

(၄၂) ဘုဉ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။

(၄၃) သကဗဠေန၊ ဆွမ်းလုတ်နှင့်တကွသော။ မုခေန၊ ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ၊ စကား မဆိုအံ့။

* * *

(၄၀) ဆွမ်းလုတ်ကို အဝန်းညီအောင် ပြုလုပ်ပြုပြင်၍ စားရသည်။ အမြစ်ခဲဖွယ်စသော ခဲဖွယ် သစ်သီးကြီးငယ် လက်သုတ်ဟင်းလျာတို့ကို အဝန်းညီအောင် မပြုပြင်သော်လည်း အပြစ်မရှိ။

(၄၁) ဆွမ်းလုတ်ခံတွင်းဝသို့မရောက်မီ ခံတွင်းကို ဟ-မထားရ။

(၄၂) ဆွမ်းလုတ်ခွန့်သောအခါ လက်တစ်ချောင်းမျှ ခံတွင်းသို့ မဝင်စေရ။ ထို့ကြောင့် လက်ညှိုးတစ်ချောင်းကိုသာ ခံတွင်းသို့ မဝင်အောင် စားသော နည်းကို 'နည်းမှား' ဟု သိအပ်၏။

(၄၃) ခံတွင်း၌ ဆွမ်းပြည့်နေစဉ် စကားမပြောရ၊ ခံတွင်း၌ ဆွမ်းအနည်းငယ်သာရှိ၍ ပီအောင်ပြောနိုင်မှု အပြစ်မရှိ၊ ထို့အတူ တရားဟောစဉ် ခံတွင်း၌ သျှိသျှားသီး အနည်းငယ်ကိုဖြစ်စေ နွယ်ချိုအနည်းကိုဖြစ်စေ ငုံ၍ ဟောလျှင်လည်း အပြစ်မရှိ။

(၄၄) ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုတ်ကို မြှောက်၍။ န ဘုဉ္စိဿာမိ၊ မစားအံ့။

(၄၅) ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုတ်ကိုကိုက်ဖြတ်၍။ န ဘုဉ္စိဿာမိ၊ မစားအံ့။

(၄၆) အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထား၍။ န ဘုဉ္စိဿာမိ၊ မစားအံ့။

(၄၇) ဟတ္ထနိဒ္ဓုနကံ၊ လက်ကိုခါ၍။ န ဘုဉ္စိဿာမိ၊ မစားအံ့။

(၄၈) သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကိုကျဲ၍။ န ဘုဉ္စိဿာမိ၊ မစားအံ့။

*          *          *

(၄၄) ဆွမ်းလုတ်ကို ခံတွင်းသို့ ပစ်မသွင်းရ၊ ခဲဖွယ်ကို လည်းကောင်း၊ သစ်သီးကြီးငယ်ကို လည်းကောင်း ပစ်သွင်းမှု မပြစ်မရှိ။

(၄၅) ဆွမ်းလုတ်ကို အကုန်မသွင်းပဲ ကိုက်ဖြတ်၍ မစားရ။ ခဲဖွယ်ကိုလည်းကောင်း၊ သစ်သီးကြီးငယ်ကိုလည်းကောင်း၊ လက်သုတ်ဟင်းလျာကိုလည်းကောင်း ကိုက်ဖြတ်၍ စားသော်လည်း အပြစ်မရှိ။

(၄၆) ပါးဖောင်းနေအောင် ဆွမ်းလုတ်ကို ပါးစောင်တဖက်၌ ဖြစ်စေ၊ နှစ်ဖက်လုံး၌ဖြစ်စေ ထားပြီး မစားရ၊ ခဲဖွယ်နှင့် လက်သုတ်ဟင်းလျာများကိုပင် ထိုသို့ မစားရ၊ သစ်သီးကြီးငယ်ကို စားရာ၌ကား အပြစ်မရှိ။

(၄၇) ဆွမ်းစားသည့်အခါ လက်ကို ခါ၍ခါ၍ မစားရ၊ ဆွမ်း၌ ပါလာသော ကျောက်ခဲအမှိုက်တို့ကို စွန့်ပစ်လို၍ ခါမှု အပြစ်မရှိ။

(၄၈) ဆွမ်းစားသည့်အခါ ဆွမ်းလုံးများ ဖိတ်စဉ်ပြန့်ကျဲနေအောင် မစားရ၊ ဆွမ်း၌ ပါလာသော အမှိုက်ကို စွန့်ပစ်ရင်း ဆွမ်းလုံး ပြန့်ကျဲသွားရာ၌ အပြစ်မရှိ။

(၄၉) ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ထုတ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၅၀)စပု စပုကာရကံ၊စပ်စပ်အသံကို ပြု၍။ န ဘုဉ္ဇိဿာမိ၊မစားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ပဉ္စမော၊ ငါးခုမြောက်သော။ ကဗဠဝဂ္ဂေါ၊
ကဗဠဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ၊

(၅၁) သုရုသုရုကာရကံ၊ ရှုတ်ရှုတ်အသံကိုပြု၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၅၂) ဟတ္ထနိလ္လေဟကံ၊ လက်ကိုလျက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၅၃) ပတ္တနိလ္လေဟကံ၊ သပိတ်ကိုခြစ်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

*　　　*　　　*

(၄၉) ဆွမ်းလုတ်ကို လျှာတုတ်၍ ခံယူသည့် စားနည်းမျိုး မစားရ။

(၅၀) ဆွမ်းစားသည့်အခါ စပ်စပ် (ပျတ်ပျတ်) မြည်အောင် မစားရ။

(၅၁)ဟင်းရည်, နွားနို့စသည်ကို သောက်သောအခါ ရှုတ်ရှုတ် (ရှူးရှူး) မြည်အောင် မသောက်ရ။

(၅၂) ဆွမ်းစားသည့်အခါ လက်ကို လျက်ရ။ ပျစ်သောယာဂု တင်လဲ နို့ဂဏာစသည်တို့ကို လက်ဖြင့်စားရာ၌ လက်ချောင်းကိုပါ ခံတွင်းသို့ သွင်းမှု အပြစ်မရှိ။

(၅၃) သပိတ်ကို လက်တစ်ချောင်းမျှဖြင့် ခြစ်၍ မစားရ။ အနည်းငယ်သော စားကြွင်းကို တပေါင်းတည်းစုကာ ခြစ်ခြုတ်စားမှု အပြစ်မရှိ။

(၅၄) ဩဒ္ဒနိလ္လေဟကံ၊ နှုတ်ခမ်းကိုလျက်၍။ န ဘုဉ္ဇိဿာမိ၊ မစားအံ့။

(၅၅) သာမိသေန၊ ဆွမ်းစသော အာမိသနှင့်တကွသော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယထာလကံ၊ သောက်ရေခွက်ကို။ န ပဋိဂ္ဂဟေဿာမိ၊ မကိုင်အံ့။

(၅၆) သသိတ္ထကံ၊ ဆွမ်းလုံးနှင့်တကွသော။ ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရွာတွင်း၌။ န ဆဍ္ဍေဿာမိ၊ မစွန့်အံ့။

(၅၇) ဆတ္တပါဏိဿ၊ ထီးလက်၌ရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

* * *

(၅၄) ဆွမ်းစားသည့်အခါ နှုတ်ခမ်းကို မလျက်ရ။ နှုတ်ခမ်းတစ်ခု၌ ဆွမ်းလုံးစသည် ကပ်နေလျှင် နှုတ်ခမ်းတခုဖြင့်သာ သိမ်းယူရသည်။

(၅၅) ဆွမ်း, ဆွမ်းဟင်းစသည်တို့ကို "အာမိသ" ဟု ခေါ်သည်။ ထိုအာမိသ ပေသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရ၊ ဆေးကြော ပွတ်တိုက်မည်၊ သို့မဟုတ် ဆေးကြောပွတ်တိုက်စေမည် ဟူသော စိတ်ဖြင့် ကိုင်လျှင် အပြစ်မရှိ။

(၅၆) ဆွမ်းလုံးပါသော သပိတ်ဆေးရေကို ရွာတွင်း၌ မသွန်ရ။ ဆွမ်းလုံးတို့ကို ထုတ်ယူပြီး ရေချည်းသွန်သော် လည်းကောင်း၊ ဆွမ်းလုံးတို့ကို ချေပြီး ရေနှင့်အလားတူအောင်ပြုလျက် သွန်သော် လည်းကောင်း၊ ထွေးခံ လက်ဆေးခံစသည်ဖြင့် ခံယူ၍ သွန်သော် လည်းကောင်း အပြစ်မရှိ။

(၅၇) ထီး ကိုင်ထားသော ကျန်းမာသူအား တရား မဟော ကောင်း၊ တရားဟောလိုလျှင် ထီးကို လက်မှ ချစေ၊ ဖယ်စေပြီးမှ ဟောရသည်။

[ဤသိက္ခာပုဒ်မှစ၍ ဆိုလတ္တံ့သော သိက္ခာပုဒ်တို့၌ "တရား" ဟဆိုရာတို့၌ သံဂါယနာသုံးတန်တင် ပါဠိတော် အဋ္ဌကထာတို့ကို ဆိုလိုသည်။ (ပါစိတ်ပါဠိ၊ နှာ-၈။) ]

(၅၈) ဒဏ္ဍပါဏိဿ၊ တုတ် တောင်ဝှေး လက်၌ရှိသော။ အဂိလာ-နဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၅၉) သတ္ထပါဏိဿ၊ ဓား လက်နက် လက်၌ရှိသော။ အဂိလာ-နဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၀) အာဝုဓပါဏိဿ၊ လေးလက်နက် လက်၌ရှိသော။ အဂိလာ-နဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။ ဣဒံ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

ဆဋ္ဌော၊ ခြောက်ခုမြောက်သော၊ သုရုသုရုဝဂ္ဂေါ၊
သုရုသုရုဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။

* * *

(၅၈) တုတ်ကိုင်ထားသော ကျန်းမာသူအား တရားမဟော ကောင်း၊ တရားဟောလိုလျှင် တုတ်ကို လက်မှချစေ၊ လွှတ်စေပြီးမှ ဟောရသည်။ [တုတ်အရ အလယ်အလတ် ယောကျ်ား၏ လေးတောင် ပမာဏရှိတုတ်တည်း။ ထို့ထက်ရှည်သော်လည်းကောင်း၊ ထို့အောက် တိုသော်လည်းကောင်း ဤသိက္ခာပုဒ်၌ တုတ်အရ မယူရ]

(၅၉) ဓားဆိုသည်မှာ ထိုးခုတ်ရန်ဖြစ်သော တဖက်သွား နှစ်ဖက်သွားရှိသည့် ဓားတည်း။ ထို့ကြောင့် "တဖက်သွားရှိသော ဓား၊ နှစ်ဖက်သွားရှိသော ဓားကို ကိုင်ထားသော ကျန်းမာသူအား တရား မဟောရ" ဟု သိအပ်၏။ မကိုင်ပဲ အိမ်၌ထည့်၍ လွယ်ထားသူအား ဟောမှု အပြစ်မရှိ။

(၆၀) လက်နက်ဆိုသည်မှာ မြားအမျိုးမျိုး လေးအမျိုးမျိုး တည်း။ ထို့ကြောင့် "မြားပါသောလေး၊ မြားမပါသောလေး၊ မြား သက်သက်၊ ညှို့ပါသောလေး၊ ညှို့မပါသောလေးကို ကိုင်ထား သော ကျန်းမာသူအား တရားမဟောရ" ဟု သိအပ်၏။ လက်ဖြင့် မကိုင်ပဲ လွယ်ထားသူအား ဟောမှု အပြစ်မရှိ။

(၆၁) ပါဒုကာရှင်သည်၊ ခြေနင်းစီးသော။ အဂိလာနသည်၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၂) ဥပါဟနာရှင်သည်၊ ဖိနပ်စီးသော။ အဂိလာနသည်၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

*    *    *

(၆၁) သံကြိုးစသည် မပါပဲ သိပ်၍ ပုံပွင့်သဏ္ဌာန် ခြေညှပ်ဖုတပ်၍ သားရေ သားစသည်ဖြင့် ပြုလုပ်အပ်ပြီး ခြေမ, ခြေညှိုးတို့ဖြင့် ညှပ်၍ စီးရသော စီးစရာ အမျိုးမျိုးသည် ခြေနင်းမည်၏။ ထိုခြေနင်းကို ခြေညှပ်ဖု၌ ခြေညှပ်၍ စီးထားသော ကျန်းမာသူ၊ ခြေမညှပ်ပဲ နင်းရုံ နင်းထားသော ကျန်းမာသူအား တရားမဟောရ။

(၆၂) သားရေဖြင့် ပြုအပ်သော သံကြိုးတပ် စီးစရာအမျိုးမျိုးနှင့် နောက်ပိတ်ပါသော စီးစရာအမျိုးမျိုးသည် ဖိနပ်မည်၏။ ထိုဖိနပ်ကို စီးနင်းထားသော ကျန်းမာသူအား တရားမဟောရ။

[ဖိနပ်နှင့် ခြေနင်း။ ။ဝိနည်း မဟာဝါပါဠိတော် စမ္မက္ခန္ဓက (နှာ-၂၄၂၊ ၂၄၃၊ ၂၄၄) ၌ လွှာချင်းဖိနပ်ကို ခွင့်ပြု၍ နှစ်လွှာ သုံးလွှာနှင့် အလွှာများစွာပါသော ဖိနပ်တို့ကို ပယ်ခြင်း၊ သံကြိုးညိုတပ်ဖိနပ် ဖနှောင့်ဖုံးတပ် (နောက်ပိတ်) ဖိနပ် စသည်တို့ကို ပယ်ခြင်းကိုထောက်၍ သားရေဖြင့် ပြုအပ်သော သံကြိုးတပ် စီးစရာအမျိုးမျိုးနှင့် နောက်ပိတ်ပါသော စီးစရာအမျိုးမျိုးသည် ဖိနပ်မည်၏ဟု သိအပ်၏။

ဖိနပ်မှာကဲ့သို့ အလွှာအထပ်နှင့် စပ်၍လည်းကောင်း၊ သံကြိုး ဖနှောင့်ဖုံးစသည်နှင့် စပ်၍လည်းကောင်း ပညတ်ချက်မလာပဲ၊ ကဋ္ဌပါဒုကာ၊ တာလပတ္တပါဒုကာစသည် လာခြင်းကြောင့် လည်း

ကောင်း အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၃၊၁၆၈။ကခ၊၂၈၅) တို့၌ "ဆတ္တ-ဒဏ္ဍက အင်္ဂုလန္တရံ အပ္ပဝေသေတွာ" စသည် ဖွင့်ခြင်းကြောင့် လည်းကောင်း သဲကြိုးစသည်မပါပဲ ထိပ်၌ မှုပ္ပင့်သဏ္ဌာန် ခြေညှပ် ဖုတပ်၍ သစ်သားစသည်ဖြင့် ပြုလုပ်အပ်သော စီးစရာအမျိုးမျိုး သည် ခြေနင်း ည်၏ဟု သိအပ်၏။

မဟာဝါ ဂဏ္ဌိသစ်(နှာ-၂၅၅)၌ကား—

"အနုဇာနာမိ ဘိက္ခဝေ ကေဋလာသိကံ ဥပါဟနံ၊ န ဘိက္ခဝေ ဥပါဟနာ ဓာရေတဗ္ဗာ" အစရှိသော စကားကို၌ သားရေဖြင့်ပြုမှု ဥပါဟနာဟု မှတ်အပ်၏။ ထိုစကားမှန်၏၊ နင်းထပ်သော ဖိနပ်ကို အဘယ်မှာ သစ်သားဖြင့် ပြုလိမ့်မည်နည်း၊ မပြုကြသည်သာတည်း။ သစ်သားအရှိသည်တို့ဖြင့် ပြုမှုကား ပါဒုကာတည်း။ထို့ကြောင့် "န ဘိက္ခဝေ ကဋ္ဌပါဒုကာ အစရှိသော စကားကို ဟောတော်မူသ တည်း"ဟု ဆိုးဖြတ်သည်။

"ဗြာဟ္မဏတို့သည် သားရေကို ကိုင်တွယ်ခြင်း အသုံးပြုခြင်းမရှိ ကြ၊ ထို့ကြောင့် ပါဒုကာကို သစ်သားဖြင့်သာ ပြုလုပ်ကြသည်။ ထိပ်၌ ကြာဖူးသဏ္ဌာန် အဖုတပ် သစ်သားခြေနင်းများသည် စီးနင်း သူ၏ ကာမစိတ်ကို နည်းပါးစေသည်ဟုလည်း အယူရှိကြသည်။

ဥပါဟနကိုကား သစ်သား, သားရေ, ကတ္တီပါ စသည်တို့ဖြင့် အမျိုးမျိုး ပြုလုပ်ကြသည်။ ဇာတ်မြင့် ဗြာဟ္မဏကြီးများ ပါဒုကာကို သာ စီးကြပြီး ဥပါဟနကို မစီးကြ"ဟု မန္တလေးမြို့ ဒေးဝန်းရပ် အေသမ်း ဗြာဟ္မဏလှိုင်တ် နတ်မောက် ဆရာစိန်ထံမှ သိရသည်။

ပါစိတျာဒိယောဇနာ (နှာ-၁၃၈) ၌ကား ထိုခြေနင်းသည် အထပ်အလွှာ များစွာပါသော သားရေဖြင့် ပြီးသည်လည်း ရှိ၏၊ သစ်သားဖြင့် ပြီးသည်လည်းရှိ၏ဟု ဆိုသည်။

(၆၃) ယာန ဂတဿ ယာဉ်စီးသော။ အဂိလာနဿ၊ မနာမဖျား သောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၄) သယနဂတဿ၊ အိပ်ရာ၌နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

* * *

(၆၃) ပါဠိတော်၌ "ယာဉ်ပေါင်းချုပ် (ပေါင်းမိုးပါသော ယာဉ်)၊ ရထား၊ လှည်း၊ သံလျင်း၊ ထမ်းစင်၊ ပုဆိုးသံလျင်း" ဟူသော ယာဉ် ၅-မျိုးကိုသာ ထုတ်ပြထားသော်လည်း ယခုခေတ် ဆိုက္ကား၊ လံချား၊ မော်တော်ကားစသော စီးနင်းသွားလာစရာ ယာဉ်တို့ကို လည်း ထည့်သွင်း ယူအပ်၏။ ထိုယာဉ်တစ်မျိုးမျိုးပေါ်၌ နေသော ကျန်းမာသူအား ယာဉ်အောက်မှ နေ၍ တရားမဟောရ။

ယာဉ်တစ်စီးပေါ်၌ အတူနေသူအားလည်းကောင်း၊ မြင့်သော ယာဉ်မှနေ၍ နိမ့်သောယာဉ်၌ နေသူအားလည်းကောင်း၊ အနိမ့်အမြင့် ညီမျှသောယာဉ်၌ နေသူအားလည်းကောင်း၊ ရှေ့ယာဉ်မှနေ၍ နောက်ယာဉ်၌ နေသူအားလည်းကောင်း ဟောမှု အပြစ်မရှိ။ နောက်ယာဉ်မှနေ၍ ရှေ့ယာဉ်၌နေသူအားကား (နောက်ယာဉ်က မြင့်သော်လည်း) မဟောကောင်း။

(၆၄) မည်သည့်နေရာ၌ဖြစ်စေ လျောင်းနေသော ကျန်းမာသူ အား မည်သည့်နေရာ၌ဖြစ်စေ ရပ်နေ ထိုင်နေပြီး တရားမဟောရ။ လျောင်းနေသူအား မြင့်သောအိပ်ရာ၌ဖြစ်စေ အနိမ့်အမြင့်ညီသော အိပ်ရာ၌ဖြစ်စေ လျောင်းလျက်ဟောလျှင် အပြစ်မရှိ။ လျောင်းနေ ထိုင်နေသော ရဟန်းသာမဏေတို့က ရပ်နေထိုင်နေသူတို့အား ဟော ကောင်းသည်၊ ရပ်နေသော ရဟန်းသာမဏေက ရပ်နေသူအားသာ ဟောကောင်းသည်။

(၆၅) ပလ္လတ္ထိကာယ၊ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက်။ နိသိန္နဿ၊ ထိုင်နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၆) ဝေဌိတသီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၇) ဩဂုဏ္ဌိတသီသဿ၊ ခြုံသော ဦးခေါင်းရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၆၈) ဆမာယံ၊ မြေ၌။ နိသီဒိတွာ၊ နေ၍။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

* * *

(၆၅) လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက် ထိုင်နေသော ကျန်းမာသူအား တရားမဟောရ။

(၆၆) ဆံစမပေါ်အောင် ခေါင်းပေါင်းပေါင်း ဦးထုပ်ဆောင်းထားသော ကျန်းမာသူအား တရားမဟောရ။ ဆံစပေါ်နေလျှင်ကား ဟောကောင်းသည်။

(၆၇) ဦးခေါင်းခြုံထားသော ကျန်းမာသူအား တရားမဟောရ။ ဟောလိုလျှင် ဦးခေါင်းခြုံကို ဖွင့်လှစ်စေ၍ ဟောရ၏။

(၆၈) အခင်းအခုခု၌ နေသော ကျန်းမာသူအား မြေပေါ်၌ နေလျက် တရားမဟောရ၊ အောက်ထစ်ဆုံး အဝတ်ခင်း မြက်အခင်း၌ နေသူအားပင် မဟောရ။

(၆၉) နီစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၇၀) ဌိတော၊ ရပ်သောငါသည်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၇၁) ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသောငါသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာမဖျား သောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

*   *   *

(၆၉) မြင့်သောနေရာ၌နေသော ကျန်းမာသူအား နိမ့်သော နေရာ၌ နေလျက် တရားမဟောရ၊ အောက်ထစ်ဆုံး မြေမြင့်ရာ၌ နေသူအားပင် မဟောရ။

(၇၀) ထိုင်နေသော ကျန်းမာသူအား ရပ်လျက် တရား မဟော ရ။ ထိုင်နေဟော မထေရ်ကြီးက ပါဠိတော် အဋ္ဌကထာလာ ပုစ္ဆာ တရပ်ချပ်ကို မေးသော်လည်း ရပ်လျက်မဖြေကောင်း။ ရပ်ပြီး မေးပါ ဟု လျှောက်ထားရန်လည်း မသင့်၊ ထိုသို့ အခက်ကြုံနေပါက အနီး အပါး ရပ်နေသူအား ဖြေမည်ဟု နှလုံးသွင်း၍ ဖြေအပ်၏။

(၇၁) ရှေ့မှ သွားသော ကျန်းမာသူအား နောက်မှလိုက်၍ တရားမဟောရ။ ရှေ့မှသွားသူက ပါဠိတော် အဋ္ဌကထာလာ ပြဿနာ တရပ်ရပ်ကို မေးသော်လည်း မဖြေကောင်း။ မိမိနောက်မှ လိုက်သူ ရှိလျှင် ထိုသူ့အား ဖြေမည်ဟု နှလုံးသွင်း၍ ဖြေလျှင်ကား ဖြေ ကောင်းသည်။ သင်ယူထားသော ပါဠိတော် အဋ္ဌကထာကို နှစ်ပါး အတူ ရွတ်သော်လည်းကောင်း ရင်ပေါင်တန်းသွားသူအား တရား ဟောသော်လည်းကောင်း အပြစ်မရှိ။

(၇၂) ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသော ငါသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ ဓမ္မံ၊ တရားကို။ န ဒေသေဿာမိ၊ မဟောအံ့။

(၇၃) အဂိလာနော၊ မနာမဖျားသော ငါသည်၊ ဋ္ဌိတော၊ ရပ်လျက်။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။

(၇၄) အဂိလာနော၊ မနာမဖျားသော ငါသည်။ ဟရိတေ၊ စိမ်းသော မြက်သစ်ပင်ရှိရာအရပ်၌။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ခေဠံဝါ၊ တံတွေးကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။

* * *

(၇၂) လမ်းပေါ်၌ ခရီးသွားနေသော ကျန်းမာသူအား လမ်းဘေးမှလိုက်၍ တရားမဟောရ။ လှည်းလမ်း တခုစီ၌ သော်လည်းကောင်း၊ လမ်းမဟုတ်ရာ၌ သော်လည်းကောင်း ရင်ပေါင်တန်း သွားရင်း တရားဟောမှု အပြစ်မရှိ။

(၇၃) ကျန်းမာပါလျက် ကျင်ကြီးကျင်ငယ်ကို ရပ်လျက် မစွန့်ရ။ ဖုံးကွယ်ရာအရပ်သို့ သွားယင်း ထွက်ကျလျှင်ကား အပြစ်မရှိ။

(၇၄) ကျန်းမာပါလျက် စိမ်းစိုသော မြက်သစ်ပင်ရှိရာ အရပ်၌ ကျင်ကြီးကိုလည်းကောင်း၊ ကျင်ငယ်ကိုလည်းကောင်း တံတွေးကိုလည်းကောင်း မစွန့်မထွေးရ။

ပင်စည်၌ ထိုင်လျက် စိမ်းစိုသော မြက်သစ်ပင်မရှိရာ၌ စွန့်မှု အပြစ်မရှိ၊ မြက်သစ်ပင်မရှိရာ အရပ်ကို ရှာဖွေစဉ် ထွက်ကျလျှင်လည်း ဂိလာန အရာ၌တည်၍ အပြစ်မရှိ။ စိမ်းစိုသော မြက်သစ်ပင်မရှိရာအရပ်

(၇၅) အဂိလာနော၊ မနာမဖျားသော ငါသည်၊ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ်ကိုလည်းကောင်း။ ခေဠံ ဝါ၊ တံတွေးကိုလည်းကောင်း။ န ကရိဿာမိ၊ မစွန့်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

သတ္တမော၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။
ပါဒုကဝဂ္ဂေါ၊ ပါဒုကဝဂ်သည်။ နိဋ္ဌိတော၊ ပြီးပြီ။
သေခိယအနက် ပြီး၏။

*　　*　　*

ကို ရှာမရလျှင် မြက်ခြောက် ကောက်ရိုးစသည်တို့ကို အခုအခံပြု၍ ထိုမြက်ခြောက် ကောက်ရိုး စသည်တို့အပေါ်၌ စွန့်အပ်၏။ထို မြက် ခြောက် ကောက်ရိုး စသည်မှတဆင့် စိမ်းစိုသော မြက်သစ်ပင်အပေါ် သို့ စီးကျသော်လည်း အပြစ်မရှိ။ဤသိက္ခာပုဒ်၌ တံတွေးကိုဆိုသဖြင့် နှပ်ကိုလည်း နည်းတူ သိအပ်၏ ဟု မဟာပစ္စရိ အဋ္ဌကထာ မိန့်၏။

(၇၅) ကျန်းမာပါလျက် သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီးကိုလည်းကောင်း၊ ကျင်ငယ်ကိုလည်းကောင်း၊ တံတွေးကို လည်းကောင်း မစွန့်မထွေးရ။

ဝစ္စကုဋိတွင်း၌ ရှိသော ရေ၊ သမုဒ္ဒရာ၌ ရှိသော ရေတို့သည် သုံးဆောင်ကောင်းသောရေ မကုတ်ကုန်၊ ထိုရေတို့၌ ကျင်ကြီးကျင် ငယ်စွန့် တံတွေးထွေးသော် အပြစ်မရှိ၊ လှေသင်္ဘော စီးသွားစဉ်၌ သော်လည်းကောင်း၊ မိုးအားကြီး၍ ရေပြင်ကြီး ဖြစ်နေစဉ်၌ သော်လည်းကောင်း ရေလွတ်အရပ်ကို မရနိုင်လျှင် ရေထဲ၌စွန့်ကောင်း သည်ဟု မဟာပစ္စရိ အဋ္ဌကထာ၌ မိန့်ဆိုသည်။

## ဝတ်ပိုင်း

### ခန္ဓကဝတ်ပါဠိ

စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ အာဂန္တုကဝတ္တံ အာဝါသိကဝတ္တံ ဂမိကဝတ္တံ အနုမောဒနဝတ္တံ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိက-ဝတ္တံ အာရညိကဝတ္တံ သေနာသနဝတ္တံ ဇန္တာဃရဝတ္တံ ဝစ္စကုဋိဝတ္တံ ဥပဇ္ဈာယဝတ္တံ သဒ္ဓိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိကဝတ္တန္တိ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ ဧတာနိ စ သဗ္ဗေသံ သဗ္ဗဒါ စ ယထာ-ရဟံ စရိတဗ္ဗာနိ။

ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ[1]။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။

ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာန မေဟိတိ[2]။

### ခန္ဓကဝတ်အနက်

စုဒ္ဒသ၊ တဆယ့်လေးပါးကုန်သော။ ခန္ဓကဝတ္တာနိ နာမ၊ ခန္ဓကဝတ် မည်သည်တို့ကို။ ခန္ဓကေ၊ မဟာဝဂ်, စူဠဝဂ်ခန္ဓက၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ကထံ ဝုတ္တာနိ၊ အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း ဟူမူကား—

---

၁-ဆဋ္ဌမူ၌ 'န သီလံ ပရိပူရတိ' ဟု ရှိ၏။
၂-'တတော နိဗ္ဗာနမေဟိတိ' ဟု ရှိ၏။ (စူဠဝါ-၄၁၆)

(၁) အာဂန္တုကဝတ္တ၌၊ အရံတွင်းသို့မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကို ဖွင့်ခြင်း၊ ဦးခေါင်း၌တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိက ရဟန်းကြီးကို ရှိခိုးခြင်း စသော အာဂန္တုက ရဟန်း သာမဏေတို့ ပြုရသော ဝတ်လည်းကောင်း။

(၂) အာဝါသိကဝတ္တ၌၊ အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ် သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ ခြေဆေးအင်းပျဉ်စသည်တို့ကို အနီး၌ထားခြင်း စသော အာဝါသိက ရဟန်းသာမဏေတို့ ပြုရာသော ဝတ်လည်းကောင်း။

*　　　*　　　*

(၁) အခြား ကျောင်းတိုက်(အရံ)သို့ သွားသောအခါ ကျောင်းတိုက် (အရံ) အတွင်းသို့ မဝင်မီ ဖိနပ်ချွတ်ရခြင်း၊ ထီးဆောင်းထားလျှင် ထီးရုပ်ရခြင်း၊ ဦးခေါင်းခြုံထားလျှင် ဦးခေါင်းခြုံကို ဖွင့်ရခြင်း၊ ဦးခေါင်းပေါ်၌ သင်္ကန်းတင်ထားလျှင် ထိုသင်္ကန်းကို ပခုံးသို့ ချရခြင်း၊ ကျောင်းနေ ရဟန်းက မိမိထက် သိက္ခာကြီးလျှင် ကျောင်းနေ ရဟန်းကြီးကို ရှိခိုးရခြင်း စသည်ကား ခရီးသွား ရဟန်း သာမဏေတို့ ပြုကျင့်ရသည့် အာဂန္တုကဝတ်မည်၏။ (စူဠဝါ-၃၇၄)

(၂) မိမိထက် သိက္ခာကြီးသော အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြိုပြုရခြင်း၊ သပိတ် သင်္ကန်းတို့ကို လှမ်းယူရခြင်း၊ ရှိခိုးရခြင်း၊ ခြေဆေးဖို့ရာ ရေ, ဆေးပြီးခြေ ထားဖို့ရာ ရပ်ဖို့ရာ ပြုလုပ်ထားသော ခြေဆေးအင်းပျဉ် စသည်တို့ကို အနီး၌ထားရခြင်း စသည်ကား ကျောင်းနေ ရဟန်းသာမဏေတို့ ပြုကျင့်ရသော အာဝါသိက ဝတ်မည်၏။ (စူဠဝါ-၃၇၇)

(၃) ဂမိကဝတ္တဋ္ဌ၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိုမှီးခြင်း၊ တံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း၊ ပန်ပြော၍သွားခြင်း စသော ခရီးသွားအံ့သော ရဟန်းသာမဏေတို့ ပြုရသော ဝတ်လည်းကောင်း။

(၄) အနုမောဒနဝတ္တဋ္ဌ၊ မထေရ်ကြီးတရားဟောခြင်း၊ မထေရ်ကြီး က တိုက်တွန်းမှ ဟောခြင်း၊ ပန်လျှောက်၍ ဟောခြင်း စသော တရား ဟောရာ၌ ပြုရသော ဝတ်လည်းကောင်း။

* * *

(၃) သစ်သားဖြင့် ပြုလုပ်အပ်သော ခုတင် ထိုင်ခုံစသည်တို့ သည် သစ်ဘဏ္ဍာမည်၏။ မြေဖြင့် ပြုလုပ်အပ်သော အိုး ခွက်စသည် တို့သည် မြေဘဏ္ဍာ မည်၏။ ခရီးသွားလိုသော ရဟန်း သာမဏေ သည် ထိုသစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို သိုမှီးသိမ်းဆည်းရခြင်း၊ တံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း၊ အနီးအပါးကျောင်း၌ ရဟန်းရှိလျှင် ရဟန်း၊ ရဟန်းမရှိလျှင် သာမဏေ ကျောင်းသား စသည်တို့ကို 'ကြည့်ရှုစောင့်ရှောက်ပါ'ဟု ပန်ပြော၍ သွားရခြင်း စသည်ကား ခရီးသွားမည့် ရဟန်းသာမဏေတို့ ပြုကျင့်ရသော ဂမိက ဝတ်မည်၏။ (စူဠဝါ–၃၇၈)

(၄) ဆွမ်းလုပ်ကျွေးရာဌာန၌ ဆွမ်းလှူပြီးနောက် ဒါယကာ ဒါယိကာမတို့အား ဟောပြောအပ်သော ဝမ်းမြောက်ကြောင်း တရား စကားသည် အနုမောဒနာ မည်၏။

ထို အနုမောဒနာတရားကို အကြီးဆုံး သံဃာ့ထေရ်ကိုယ်တိုင် ဟောပြောရခြင်း၊ မထေရ်ငယ်ဖြစ်လျှင် သံဃာ့ထေရ်က တိုက်တွန်းမှ ဟောပြောရခြင်း၊ သို့မဟုတ် 'ခွင့်ပြုပါဘုရား' ဟု သံဃာ့ထေရ်ကို ပန်လျှောက်၍ ဟောပြောရခြင်း စသည်ကား အနုမောဒနာတရား ဟောရာ၌ ပြုကျင့်ရသော အနုမောဒနာ ဝတ်မည်၏။

[လူတို့က 'ဆွမ်းအနုမောဒနာတရား ချီးမြှင့်ပါ' ဟု သီးခြား လျှောက်ထားခံရလျှင် သံဃာ့ထေရ်ထံ ခွင့်ပန်ရန်မလို။ သို့သော် ဥပ-နိသိန္နကထာမခေါ်သော သံဃာထေရ်များက အနီးသို့ ရောက်လာ

(၅) ဘတ္တဂ္ဂဝတ္တာ၌၊ တရားဟောခြင်း၊ ရဟန်းကြီးတို့ကို တိုးဝှေ့၍ မနေမထိုင်ခြင်း၊ ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားဇရပ်၌ ပြုရသော ဝတ်လည်းကောင်း။

(၆) ပိဏ္ဍစာရိကဝတ္တာ၌၊ သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ကို သိုမှီးခြင်း၊ သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းကို ဖွဲ့ခြင်း၊ သင်းပိုင်ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံခြင်း၊ သေခိယနှင့် အညီ သွားခြင်း၊ မနွေးမလျှင် ရွာတွင်းသို့ဝင်ခြင်း၊ မရှည်မကြာ ရပ်ခြင်း စသော ဆွမ်းခံရဟန်းသာမဏေတို့ ပြုရသော ဝတ်လည်းကောင်း။

* * *

သော လူတို့အား ဟောအပ်သည့် တရားစကားကိုကား လူတို့ကသီးခြား လျှောက်ထားသော်လည်း သံဃာ့ထေရ်ထံ ခွင့်ပန်ပြီးမှသာ ဟောကောင်းသည်။ သို့မဟုတ် ပါက 'န ဘိက္ခဝေ သံဃမဇ္ဈေ အနဇ္ဈိဋ္ဌေန ဓမ္မော ဘာသိတဗ္ဗော။ ယော ဘာသေယျ၊ အာပတ္တိ ဒုက္ကဋဿ'။ ဝိ၊၃၊၁၅၂ အရ အာပတ်သင့်၏။ (စူဠဝါ-၃၇၉)]

(၅) ဆွမ်းလှူသော ဒါယကာ ဒါယိကာမများရှိလျှင် အနုမောဒနာဝတ်၌ လာသည့်အတိုင်း တရားဟောပြောရခြင်း၊ ရဟန်းကြီးတို့ကို တိုးဝှေ့၍ မနေမထိုင်ရခြင်း၊ ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်ရခြင်း စသည်ကား ဆွမ်းစားရာဌာန၌ ပြုကျင့်ရသော ဘတ္တဂ္ဂဝတ် မည်၏။ (စူဠဝါ-၃၈၀)

[ဤဘတ္တဂ္ဂဝတ်၌ "တရားဟောရခြင်း" ဟူသော စကားကို ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မလာပေ]။

(၆) သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ကို သိုမှီးသိမ်းဆည်းရခြင်း၊ သပိတ်ကို ရေကျင်းရခြင်း၊ ခါးပန်းကိုဖွဲ့ရခြင်း၊ သင်းပိုင်နှင့်ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာ ဝတ်ရုံရခြင်း၊ သေခိယနှင့်အညီ သွားရခြင်း၊ မနွေးမလျှင် ရွာတွင်းသို့ဝင်ရခြင်း၊ မရှည်မကြာ ရပ်ရခြင်းစသည်ကား ဆွမ်းခံ ရဟန်းသာမဏေတို့ ပြုကျင့်ရသော ပိဏ္ဍစာရိကဝတ် မည်၏။ (စူဠဝါ-၃၈၃)

(၇) အာရညကဝတ္တာဥ၊ သောက်ရေ သုံးရေ တည်ထားခြင်း၊ မီး ယူဘ်ခုံပွတ်ကျည် တောင်ဝှေးထားခြင်း၊ အရပ်လေးမျက်နှာ တာရာနက္ခတ် တို့ကို မှတ်သားခြင်း စသော တောနေ ရဟန်း သာမဏေတို့ ပြုရသော ဝတ်လည်းကောင်း။

(၈) သေနာသနဝတ္တာဥ၊ ကျောင်းစောင်း အင်းပျဉ် အိပ်ရာနေရာ တို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ ပရိဝုဏ် ရေချိုးအိမ် ဝစ္စကုဋိ စသည်တို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရသော ဝတ် လည်းကောင်း။

* * *

(၇) သောက်ရေ တည်ထားရခြင်း၊ သုံးရေ တည်ထားရခြင်း၊ မီးကို ထားရခြင်း၊ ပွတ်ခုံပွတ်ကျည်ထားရခြင်း၊ တောင်ဝှေးကို အနီး၌ ထားရခြင်း၊ အရပ်လေးမျက်နှာကို မှတ်သားထားရခြင်း၊ တာရာ နက္ခတ်တို့၏ အကြောင်းတို့ကို အပြည့်အစုံဖြစ်စေ၊ အချို့အဝက်ကို ဖြစ်စေ သင်ယူထားရခြင်း စသည်ကား တောရကျောင်းနေ ရဟန်း သာမဏေတို့ ပြုကျင့်ရသော အာရညကဝတ်မည်၏။ (စူဠဝ ါ-၃၈၅)

[မီးဖြစ်အောင် ပွတ်တိုက်ရာ အောက်ခံခုံသည် ပွတ်ခုံမည်၏။ အထက်က ပွတ်တိုက်ရာ ပွတ်တံသည် ပွတ်ကျည်မည်၏။

အရဏိသဟိတန္တိ အရဏိယုဂဠံ၊ ဥတ္တရာရဏိ အဓရာရဏီ ဒွယန္တိ အတ္ထော။ ကင်္ခါ၊ ဋီ၊ သစ်၊ ၄၂၇၊]

(၈) ကျောင်းစောင်း အင်းပျဉ် အိပ်ရာ နေရာတို့ကို သုတ်သင်ရ ခြင်း၊ နေလှမ်းရခြင်း၊ ပရိဝုဏ် ရေချိုးအိမ် ဝစ္စကုဋိစသည်တို့ကို တံမြက်လှည်းရခြင်း စသည်ကား ကျောင်း၌ ပြုကျင့်ရသော သေနာ-သနဝတ်မည်၏။ (စူဠဝ ါ-၃၇၅၊ ၃၈၇၊ ဝိနည်းမဟာဝ ါ၊ ၆၀၊ ၆၅)

(အခြေ ၄-ချောင်းရှိသော အိပ်စင် ခုတင်သည် ကျောင်းစောင်း မည်၏။ အခြေနိမ့်၍ အုံးဘားလက်ရင် မပါသော ခုတင်ငယ်နှင့် ခြေဆေးရန် စသည်အတွက် ပြုလုပ်ထားသည့် ခြေမပါသော ပျဉ်ပြား တို့သည် အင်းပျဉ်မည်၏။ ကျောင်းတိုက်ကြီး တစ်ခုအတွင်း၌ရှိသော ကျောင်းဆောင်၏ အရံအတွင်း အရပ်သည် ပရိဝုဏ်မည်၏။)

(၉) ဇန္တာဃရဝတ္တက္ခ၊ ပြာကိုစွန့်ခြင်း၊ တံမြက်လှည်းခြင်း စသော ချွေးဇရုံးအိမ်၌ ပြုရသော ဝတ်လည်းကောင်း။

(၁၀) ဝစ္စကုဋိဝတ္တက္ခ၊ ချောင်းဟန့်ခြင်း၊ သက်နန်းတန်း၌ သင်္ကန်းကိုတင်၍ မနှေးမလျင်ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မဝင်ခြင်း၊ နင်းခုံ၌နင်းမိမှ သင်းပိုင်ကိုပင့်ခြင်း၊ ကြမ်းသော ကနုတ်စသည်ဖြင့် မသုတ်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်းခုံ၌ နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ်၌ ပြုရသော ဝတ်လည်းကောင်း။

(၁၁) ဥပဇ္ဈာယဝတ္တက္ခ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ တံပူကပ်ခြင်း၊ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်း အိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊နေလှမ်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသော ဝတ်လည်းကောင်း။

* * *

(၉) ပြာကိုစွန့်ရခြင်း၊ တံမြက်လှည်းရခြင်းစသည်ကား ချွေးဇရုံးအိမ်၌ ပြုကျင့်ရသော ဇန္တာဃရဝတ် မည်၏။ (ဝိ၊၄၊၃၉၀)

[ဆီးနှင်းအကျများသော အရပ်တို့၌ ရဟန်းသာမဏေတို့ ချွေးထုတ်ချွေးအောင်းရန် ပြုလုပ်ထားသည့် အဆောက်အဦသည် ချွေးဇရုံးအိမ်မည်၏။]

(၁၀) ကျင်ကြီးအိမ် ဝစ္စကုဋ်သို့ မဝင်မီ ပြင်ပ၌ ရပ်လျက် ချောင်းဟန့်ရခြင်း၊ သက်နန်းတန်း၌ ကိုယ်ဝတ်သင်္ကန်းကို တင်ပြီးမှ မနှေးမလျင်ဝင်ရခြင်း၊ သင်းပိုင်ကို လှန်၍ မဝင်ရခြင်း၊ ခြေနင်းခုံ၌ နင်းမိမှ သင်းပိုင်ကို လှန်ရခြင်း၊ ကြမ်းသော ကနုတ်ဖြင့် မသုတ်ရခြင်း၊ ဖင်ကို သန့်သက်ရေဖြင့် ဆေးရခြင်း၊ ခြေနင်းခုံ၌ နင်းလျက် သင်းပိုင်ဖြင့် ဖုံးလွှမ်းရခြင်း စသည်ကား ကျင်ကြီးအိမ်၌ ပြုကျင့်ရသော ဝစ္စကုဋိဝတ်မည်၏။ (ဂူဠ၀၁၊၃၉၀)

(၁၁) နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့ တင်ပြီး မျက်နှာသစ်ရန် ရေကပ်ရခြင်း၊ တံပူကပ်ရခြင်း၊ ယာဂုဆွမ်းရှိလျှင်

(၁၂) သဒ္ဓိဝိဟာရိကဝတ္တဥ္စ၊ သင်္ဂိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းစသည် ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရသော ဝတ်လည်း ကောင်း။

(၁၃) အာစရိယဝတ္တဥ္စ၊ နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက် ကတော့တင်၍ မျက်နှာသစ်ရေ တံပူ ကပ်ခြင်း၊ယာဂုဆွမ်းကပ်ခြင်း၊သပိတ် ခွက်ဆေးခြင်း၊ ကျောင်း အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်း ခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရသော ဝတ်လည်းကောင်း။

* * *

ယာဂုဆွမ်းကပ်ရခြင်း၊ သပိတ်ခွက် ဆေးရခြင်း၊ ကျောင်း အိပ်ရာ နေရာတို့ကို သုတ်သင်ရခြင်း၊ နေလှမ်းရခြင်း၊ တံမြက်လှည်းရခြင်း၊ နေရာခင်းရခြင်း စသည်ကား ဥပဇ္ဈာယ်ဆရာအပေါ်၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုကျင့်ရသော ဥပဇ္ဈာယဝတ်မည်၏။ (စူဠဝါ၊ ၃၉၃။ ဝိနည်းမဟာဝါ၊ ၅၈)

(၁၂) ပါဠိတော်ကို ဆိုစေခြင်း(ပို့ချခြင်း)၊ ပါဠိတော်၏အနက် ကို ဖွင့်ပြခြင်း(အဋ္ဌကထာပို့ချခြင်း)၊ ဩဝါဒပေးခြင်း၊ အပြစ်တွေ့ က ကန့်မြစ်ခြင်းသည် သင်္ဂိုဟ်ထောက်ပင့် ချီးမြှင့်သည် မည်၏။

ဤသို့ သင်္ဂိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းစသည်ကား သဒ္ဓိဝိဟာရိက ခေါ်သည့် အတူနေ တပည့်တို့အပေါ်၌ ဥပဇ္ဈာယ်ဆရာက ပြုကျင့်ရ သော သဒ္ဓိဝိဟာရိကဝတ်မည်၏။ (စူဠဝါ၊ ၃၉၈။ ဝိနည်းမဟာဝါ၊ ၆၃)

(၁၃) နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်ပြီး မျက်နှာသစ်ရန် ရေကပ်ရခြင်း၊ တံပူကပ်ရခြင်း၊ ယာဂုဆွမ်းရှိလျှင် ယာဂုဆွမ်းကပ်ရခြင်း၊ သပိတ်ခွက်ဆေးရခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ရခြင်း၊ နေလှမ်းရခြင်း၊ တံမြက်လှည်းရခြင်း၊ နေရာခင်းရခြင်း စသည်ကား ဆရာလေးပါးတို့အပေါ်၌ တပည့် လေးပါးတို့က ပြုကျင့်ရသော အာစရိယဝတ်မည်၏။ (စူဠဝါ၊ ၄၀၂။ ဝိနည်းမဟာဝါ၊ ၇၇)

[ဆရာ ၄-ပါးကား-

(၁) ပဗ္ဗဇ္ဇာစရိယ=သရဏဂုံပေးသောအားဖြင့် ရှင်ပြုပေးသော ဆရာ၊

(၂) ဥပသမ္ပဒါစရိယ=ရဟန်းခံစဉ်က ကမ္မဝါစာ ရွတ်ဖတ်ပေးသောအားဖြင့် ရဟန်းပြုပေးသော ဆရာ၊

(၃) ဓမ္မာစရိယ (ဥဒ္ဒေသာစရိယ)=ပါဠိ အဋ္ဌကထာ စာပေ သင်ကြားပို့ချပေးသော ဆရာ၊

(၄) နိဿယာစရိယ=နိဿယည်းပေးသော အားဖြင့် မှီနေအပ်သော ဆရာတို့တည်း။

တပည့် ၄-ပါးကား-

(၁) ပဗ္ဗဇ္ဇာန္တေဝါသိက=ရှင်ပြုပေးအပ်သော တပည့်၊

(၂) ဥပသမ္ပဒန္တေဝါသိက=ရဟန်းပြုပေးအပ်သော တပည့်၊

(၃) ဓမ္မန္တေဝါသိက (ဥဒ္ဒေသန္တေဝါသိက)=စာချပေးအပ်သော တပည့်၊

(၄) နိဿယန္တေဝါသိက=နိဿယည်းယူကာ မှီနေတတ်သော တပည့်တို့တည်း။

ဆိုခဲ့ပြီးသော အာစရိယဝတ်ကို ပဗ္ဗဇ္ဇန္တေဝါသိက တပည့်က ပဗ္ဗဇ္ဇာစရိယ အပေါ်၌လည်းကောင်း၊ ဥပသမ္ပဒန္တေဝါသိက တပည့်က ဥပသမ္ပဒါစရိယ အပေါ်၌ လည်းကောင်း၊ ဓမ္မန္တေဝါသိက (ဥဒ္ဒေသန္တေဝါသိက) တပည့်က ဓမ္မာစရိယ (ဥဒ္ဒေသာစရိယ) အပေါ်၌လည်းကောင်း၊ နိဿယန္တေဝါသိက တပည့်က နိဿယာစရိယ အပေါ်၌လည်းကောင်း အသီးသီး ကျေပွန်အောင် ပြုကြရသည်။]

(၁၄) အန္တေဝါသိကဝတ္တဋ္ဌ၊ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းစသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရသော ဝတ်လည်းကောင်း။

* * *

(၁၄) ပါဠိတော်ကို ချိုးခြေခြင်း (ပို့ချခြင်း) ပါဠိတော်၏ အနက်ကို ပို့ပြခြင်း (အဋ္ဌကထာ ပို့ချခြင်း)၊ ဩဝါဒပေးခြင်း၊ အပြစ်တွေ့က ကန့်မြစ်ခြင်းသည် သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်သည် မည်၏။ ဤသို့ သင်္ဂြိုဟ်ထောက်ပင့် ချီးမြှင့်ခြင်းစသည်ကား တပည့်လေးပါးတို့ အပေါ်၌ ဆရာလေးပါးတို့က ပြုကျင့်ရသော အန္တေဝါသိက ဝတ်မည်၏။ (စူဠဝါ-၄၀၇။ ဝိနည်းမဟာဝါ-၈၁)

[ဆိုခဲ့ပြီးသော အန္တေဝါသိကဝတ်ကို ပဗ္ဗဇ္ဇာစရိယက ပဗ္ဗဇ္ဇန္တေဝါသိက တပည့်အပေါ်၌ လည်းကောင်း၊ ဥပသမ္ပဒါစရိယက ဥပသမ္ပဒန္တေဝါသိက တပည့်အပေါ်၌လည်းကောင်း၊ ဓမ္မာစရိယ (ဥဒ္ဒေသာစရိယ)က ဓမ္မန္တေဝါသိက (ဥဒ္ဒေသန္တေဝါသိက)တပည့်အပေါ်၌လည်းကောင်း၊ နိဿယာစရိယက နိဿယန္တေဝါသိက တပည့် အပေါ်၌လည်းကောင်း အသီးသီး ကျေပွန်အောင်ပြုကြရသည်။]

ဣတိ၊ ဤသို့။ ဣမာနိ စုဒ္ဒသ ခန္ဓကဝတ္တာနိ၊ ဤတဆယ့်လေးပါးသော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ တာနိစ၊ ထိုဝတ်တို့ကိုလည်း။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော ရဟန်းသာမဏေတို့သည်။ သဗ္ဗဒါစ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ကျင့်ထိုက်သည် အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်အပ်ကုန်၏။

ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ အပရိပူရေန္တော၊ မပြည့်ကျင့်သော ရဟန်း သာမဏေသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ပြည့်ကျင့်သည် မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊

ပညာနည်းသော ရဟန်းသာမဏေသည်။ စိတ္တေကဂ္ဂံ၊စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို။ နဝိန္ဒတိ၊ မရနိုင်။

ဝိက္ခိတ္တစိတ္တော၊ လေခတ်သော တံခွန်ကဲ့သို့ ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ နေကဂ္ဂေါ၊မတည်ကြည်သော ရဟန်း သာမဏေသည်။ သမ္မာ၊ကောင်းစွာ။ ဓမ္မံ၊ မဂ် ဖိုလ် နိဗ္ဗာန်တရားကို။န ပဿတိ၊ မမြင်ရနိုင်။သဒ္ဓမ္မံ၊မဂ် ဖိုလ် နိဗ္ဗာန်တရားကို။ အပဿမာနော၊ မမြင်ရသော ရဟန်းသာမဏေသည်။ဒုက္ခာ၊ဝဋ်ဆင်းရဲမှ။ နပရိမုစ္စတိ၊ မလွတ်ရနိုင်။

*　　　*　　　*

ဤ ၁၄-ပါးသော ဝတ်တို့သည် မဟာဝတ်တို့မည် ကုန်၏။ ထိုမဟာဝတ်တို့သည်လည်းကောင်း၊ ထိုမှတပါး ၈၀-သော ခန္ဓကဝတ်တို့သည်လည်းကောင်း ရဟန်းသာမဏေတို့ ကျေန်ဖြည့်ကျင့်ရမည့် သီလအစုတွင် ပါဝင်လျက် ရှိ၏။ ထို့ကြောင့် ထိုဝတ္တရားတို့ကို ရဟန်းသာမဏေတို့ မလွဲမသွေ ဖြည့်ကျင့်အပ်ကုန်၏။

ထိုဝတ္တရားတို့ကို ကျေပွန်အောင် မဖြည့်ကျင့်သော ရဟန်းသာမဏေသည် သီလအစုကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် ဖြည့်ကျင့်သည် မမည်ပေ။ ထိုသီလအစု ပြည့်စုံစင်ကြယ်မှု မရှိကလည်း စိတ်တည်ငြိမ်မှု သမာဓိအစုကို ရပျိုနိုင်မည် မဟုတ်ပေ။ ထိုသမာဓိအစု စိတ်တည်ငြိမ်မှု မရရှိပါက "ဝိပဿနာ မဂ် ဖိုလ်" ဟူသော ပညာအစုတို့ ဖြစ်ပေါ်နိုင်ကြမည် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြမည် မဟုတ်ပေ။

တသ္မာဟိ တသ္မာဧဝ၊ ထို့ကြောင့်သာလျှင်။ ဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ပူရေယျ၊ ဖြည့်ကျင့်ရာ၏။ ဗုဒ္ဓသေဋ္ဌဿ၊ ချီးမွမ်းအပ်သော သူတို့ထက် အသူးသဖြင့် ချီးမွမ်းအပ်သော မြတ်စွာဘုရား၏။ ဩဝါဒံ၊အဆုံးအမတော်ကို။ ကာရကော၊အရိုအသေ ပြုရသောကြောင့်။ ဝါ၊ပြုသည်ရှိသော်။ဝိစက္ခဏော၊ အမြော်အမြင် ပညာမျက်စိရှိသော။

ဇိနပုတ္တော၊ ဘုရားသားဘော်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ယေတိ၊ ရောက် ရလိမ့်သတည်း။

*　　　*　　　*

ထို့ကြောင့် ဝတ်ကြီးဝတ်ငယ်တို့ကို ကျေပွန်အောင် ဖြည့်ကျင့်ကြရာ၏။ ထိုသို့ ဝတ္တရား ကျေပွန်အောင် ဖြည့်ကျင့်သောအားဖြင့် မြတ်စွာဘုရား အဆုံးအမကို လိုက်နာသော ဘုရားသားတော် ရဟန်းသာမဏေသည် သီလအစု သမာဓိအစု ပညာအစုတို့ ပြည့်စုံမှုကြောင့် ဆင်းရဲကင်းရာ နိဗ္ဗာန်သို့ ရောက်ရမည်မှာ ဧကန် ဖြစ်ပေသတည်း။

(ရှမ်းကလေးကျွန်း ဆရာတော်ဘုရား ရေးသားအပ်သည့် ဝတ်ပိုင်းပါဠိအနက် ဖြစ်သည်။)

ဝတ်ပိုင်းပါဠိအနက် ပြီး၏။

# ဝတ်ရွတ်စဉ်

## ညဉ့်ရွတ်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။ ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ။လ။ ကတ္ထ သဗ္ဗေ ဟောဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။

ဝိတ္ထာရုဒ္ဒေသော ပဌမော။
ဘိက္ခုပါတိမောက္ခံ နိဋ္ဌိတံ။

| | | |
|---|---|---|
| တနင်္ဂနွေ | ။ | ။အညဘာဂိယသိက္ခာပုဒ်ကုန်ရွတ်၊ |
| တနင်းလာ | ။ | ။ပစ္စေက စီဝရ ဧတောပန္န သိက္ခာပုဒ် ကုန်ရွတ်၊ |
| အင်္ဂါ | ။ | ။နိဿဂ္ဂိကုန်ရွတ်၊ |
| ဗုဒ္ဓဟူး | ။ | ။ဘိက္ခုနောဝါဒဝဂ်ကုန်ရွတ်၊ |
| ကြာသပတေး | ။ | ။သပ္ပါဏကဝဂ်ကုန်ရွတ်၊ |
| သောကြာ | ။ | ။ပါဋိဒေသနီကုန်ရွတ်၊ |
| စနေ | ။ | ။သေခိယစသည်ရွတ်။ |

အညဘာဂိယံ ပစ္စေကံ၊ နိဿဂ္ဂိ ဘိက္ခုနောဝဒါ။
သပ္ပါဏဝဂ္ဂေါ ပါဋိဒေသနီ၊ သေခိယာဒိတိ သတ္တမာ။
ပါတိမောက် ၇-ရက်ရွတ် မာတိကာ ဂါထာဆောင်ပုဒ်။
(စာအုပ်မှာ ၃-နံပါတ်သာသာစိခွဲ၍ ပိုင်းဖြတ်သည်)
သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။လ။
ဧတေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ပုဗ္ဗဏှသုတ္တံ နိဋ္ဌိတံ။
ပရိတ်ကြီးပါဠိတော် ပြီး၏။

| | | |
|---|---|---|
| တနင်္ဂနွေ | ။ | ။သမန္နာဂတစ၍ မင်္ဂလသုတ်ကုန်ရွတ်၊ |
| တနင်္လာ | ။ | ။ရတနသုတ်ကုန်ရွတ်၊ |
| အင်္ဂါ | ။ | ။မေတ္တသုတ်ကုန်ရွတ်၊ |
| ဗုဒ္ဓဟူး | ။ | ။ခန္ဓ-မောရ-ဝဋ္ဋသုတ်၊ |
| ကြာသပတေး | ။ | ။ဓဇဂ်သုတ်၊ |
| သောကြာ | ။ | ။အာဋာနာဋိယသုတ်၊ |
| စနေ | ။ | ။အင်္ဂုလိမာလ-ဗောဇ္ဈင်-ပုဗ္ဗဏှသုတ် |

မင်္ဂလံ ရတနံ မေတ္တံ၊ ခန္ဓမောရံ ဓဇဂ္ဂတံ။
အာဋာနာဋိယံ အင်္ဂုလိ-မာလာဒိနီတိ သတ္တမာ။
ပရိတ်ကြီး ၇-ရက်ရွတ် မာတိကာ ဂါထာဆောင်ပုဒ်။

## တနင်္ဂနွေနေ့ ရွတ်ရန်

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ၊ အဿဒ္ဓေါ ဘိက္ခဝေ ဘိက္ခု။ အဟိရိကော ဘိက္ခဝေ ဘိက္ခု။ အနောတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု။ ကုသီတော ဘိက္ခဝေ ဘိက္ခု။ ဒုပ္ပညော ဘိက္ခဝေ ဘိက္ခု။ အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ၊ သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု။

ဟိရိမာ ဘိက္ခဝေ ဘိက္ခု။ ဩတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု။ အာရဒ္ဓဝီရိယော ဘိက္ခဝေ ဘိက္ခု။ ပညဝါ ဘိက္ခဝေ ဘိက္ခု။ သဂါရဝေါ သပ္ပဋိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပဋိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ (အင်္ဂုတ္တရ၊ ၃၊၇၊၈)

ပဉ္စင်္ဂုတ္တရပါဠိတော် ဒုတိယ အဂါရဝသုတ် ပြီး၏။

## တနင်းလာနေ့ ရွတ်ရန်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ပဿဒ္ဓိ-သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ။ ။ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ (သံယုတ်၊ တ၊၇၁၊၇၂)

ကဿပဗောဇ္ဈင်သုတ် ပြီး၏။

သတ္တိမေ မောဂ္ဂလာန ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန။ ။ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ဣမေ ခေါ မောဂ္ဂလာန သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ (သံယုတ်၊ တ၊ ၇၂)

မောဂ္ဂလာနဗောဇ္ဈင်သုတ် ပြီး၏။

သတ္တိ မေ ဘန္တေ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ။ကတမေ သတ္တ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ။ ။ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ဣမေ ခေါ ဘန္တေ သတ္တ ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ (သံယုတ်၊ တ၊ ၇၃)

စုန္ဒဗောဇ္ဈင်သုတ် ပြီး၏။

## အင်္ဂါနေ့ ရွတ်ရန်

ဒသိမေ[၁] ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ ကတမေ ဒသ "ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတော"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "ပရပဋိဗဒ္ဓါ မေ ဇီဝိကာ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ "အညော မေ အာကပ္ပေါ ကရဏီယော"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "ကစ္စိ နု ခေါ မေ အတ္တာ သီလတော န ဥပဝဒတီ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "ကစ္စိ နု ခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော န ဥပဝဒန္တီ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ "ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ[၂] ဒါယာဒေါ ဘဝိဿာမိ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "ကထံဘူတဿ မေ ရတ္တိန္ဒိဝါ ဝီတိဝတ္တန္တီ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "ကစ္စိ နု ခေါ အဟံ သုညာဂါရေ အဘိရမာမီ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ "အတ္ထိ နု ခေါ မေ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော၊ ယော ခေါဟံ[၃] ပစ္ဆိမေ ကာလေ သဗြဟ္မစာရီဟိ ပုဋ္ဌော န မင်္ကု ဘဝိဿာမီ"တိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣမေ ခေါ ဘိက္ခဝေ ဒသဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ။ (အင်္ဂုတ္တရ၊ တ၊ ၃၂၅)

ပဗ္ဗဇိတအဘိဏှသုတ် ပြီး၏။

---

၁-ဒသယိမေ (ဆဋ္ဌမူ)　၂-တဿ ဒါယာဒေါ (ဆဋ္ဌမူ)
၃-ယေနာဟံ (ဆဋ္ဌမူ)

## ဗုဒ္ဓဟူးနေ့ ရွတ်ရန်

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ ( ဓမ္မပဒ၊ ၃၆ )

## ဥဒါန ဂါထာ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ( ဝိနယ မဟာဝဂ္ဂ၊ နှာ-၁၊ ၂။ ဥဒါန၊ ၄၄ )

ပဋိစ္စသမုပ္ပါဒ် ပြီး၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။
ဥဒါနံ နိဂ္ဂတံ။ (ဝိနည်းမဟာဝါ-၂)

## ကြာသပတေးနေ့ ရွတ်ရန်

ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဣမေသံ စတုဏ္ဏံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ

## ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် အဖွင့်

ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါရိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ[1]။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သဒ္ဓမ္မဂရုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

အာဝေဏိက ဂုဏ်တော် ပြီး၏။

## သောကြာနေ့ ရွတ်ရန်

(၁) နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယ သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ[2]။

(၂) နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ[3]။

---

၁- ဝိဘင်္ဂမူလဋီကာ၊ နှာ-၂။ (စဉ်ပုံကား မတူ)
၂- သံယုတ်၊ ပ ၊ ၅၂။ ၃- သံယုတ်၊ ပ ၊ ၄၈။

(၃) တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ[၁]။

(၄) ဩဇဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာဒယော။
ပဇ္ဇရံ ရောဂံ သမေတွာ၊ ဓမ္မံ ဝရ မဒေသယိ။

(၅) သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာ စေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလံ မဒေသယုံ[၂]။

(၆) ဝိသုဒ္ဓေါဝတ မေဝါသော၊ နိမ္မလံ မံ နု ပဿသိ။
မာ တွံ ဝိသုဒ္ဓံ ဒူသေဟိ၊ နိက္ခမာဟိ ဝနာ တုဝံ[၃]။

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယ-ပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော။ ။ (ပဋ္ဌာန်း၊ ပါ၊ ၁)

ပကိဏ္ဏက ဒေသနာပြီး၏။

---

၁- သံယုတ်၊ ပ ၊ ၄၈။ ၂- ပါရာဇိကဏ်၊ ဋ္ဌ ၊ ၁ ၊ ၅၂။
၃- ဓမ္မပဒ၊ ဋ္ဌ၊ ဒို၊ ၄၁၄။

(အများစု၍ ရွတ်သောအခါ "မေ၊ မံ" တို့ကို "နော" ဟူ၍လည်းကောင်း၊ 'ဒွံ' ကို 'ဒွေ' ဟူ၍လည်းကောင်း ဗဟုဝုစ်ဖြစ်အောင်ပြင်ရွတ်။ 'ဝနာ' ကိုလည်း တောရောမြို့ပါ ဌာနတိုင်းနှင့် သက်ဆိုင်အောင် 'ဣတော' ဟု ပြင်၍ရွတ်။)

## စနေနေ့ ရွတ်ရန်

(၁) ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယသန္တာပေ၊ သရေ ဥဒက ခီယထ။

(၂) တတော ကာကာ စ ဂိဇ္ဈာ စ၊ ကင်္ကာ ကုလလသေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။

(၃) ဧဝံ စိန္တေသဟံ တတ္ထ၊ သဟ ဉာတီဟိ ပီဠိတော။
ကေန နု ခေါ ဥပါယေန၊ ဉာတိ ဒုက္ခာ ပမောစယေ။

(၄) စိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။

(၅) အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

(၆) ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏံ ဝိဟိံသိတာ။
ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။

(၇) အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမောစယ။

(၈) သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

(၉) ဧဝ ရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

ငါးရံ့မင်းပရိတ် [၁] ပြီး၏။
ညဥ့်ရွတ်သုတ် ပြီး၏။

---

၁-စရိယာ၊ ၄၁၅။

## နံနက်ရွတ်စဉ်

ပုတီးစိပ်လေးပုဒ်နှင့် "ဖိနပ် ဆီမီးကို အစပြု၍" ချီသော မြန်မာ ပစ္စဝေက္ခဏာ စကားပြေကို အရင်စ၍ ရွတ်။

အတ္ထိ ဣမသ္မိံ ကာယေ—
ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ။
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ၊
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

(အနုလောမံ)[1]

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊
မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊
မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊
ပပ္ဖာသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ၊
ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊
တစော ဒန္တာ နခါ လောမာ ကေသာ။

(ပဋိလောမ)

ဒွတ္တိံသာကာရပါဠိ အနုလောမ ပဋိလောမ ပြီး၏။

---

၁-မူလပဏ္ဏာသ၊ နှာ-၇၂။ ဥပရိပဏ္ဏာသ၊ နှာ-၁၃၂။

F 8

## ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် အဖွင့်

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ။
အသား အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို။
နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုတ်။
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

(အနုလုံ)

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး။
အညှို၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား။
အရေ၊ သွား၊ လက်သည်း ခြေသည်း၊ အမွေး၊ ဆံပင်။

(ပဋိလုံ)

အနုလုံ ပဋိလုံ ပြီး၏။

---

### တနင်္ဂနွေနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣမေ လောမာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣမေ နခါ နာမ ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣမေ ဒန္တာ နာမ ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ဝဏ္ဏတောပိ
ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ ဣဒံ မံသံ နာမ ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ အယံ နှာရု နာမ[၁] ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိ နာမ ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိမိဉ္ဇံ နာမ ဝဏ္ဏတောပိ
ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ဝက္ကံ နာမ ဝဏ္ဏတောပိ ဂန္ဓ-
တောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ
အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

(တစပဉ္စကနှင့် ဝက္ကပဉ္စက တစ်ရက်ရွတ်)

---

၁- "ပုမေ နှာရု စိတ္တီ သိရာ"ဟု အဘိဓာန် (၂၇၉-၈၀၁)ရှိ
သည်နှင့်အညီ နှာရုသဒ္ဒါ ပုလ္လိင်ဖြစ်၍ "အယံ နှာရု"ဟု ရှိရမည်။

## တနင်္လာနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣဒံ ဟဒယံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ယကနံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ကိလောမကံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ပိဟကံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ပပ္ဖာသံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ အန္တံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ အန္တဂုဏံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ဥဒရိယံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ ကရီသံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ မတ္ထလုင်္ဂံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

(ပပ္ဖါသပဉ္စကနှင့် မတ္ထလုင်္ဂပဉ္စက တစ်ရက်ရွတ်)

## အင်္ဂါနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ ဣဒံ သေမှံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ အယံ ပုဗ္ဗော နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ ဣဒံ လောဟိတံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ အယံ သေဒေါ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ အယံ မေဒေါ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ ဣဒံ အဿု နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

ဣမသ္မိံ မေ ကာယေ အယံ ဝသာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ အယံ ခေဠော နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

ဣမသ္မိံ မေ ကာယေ အယံ သိင်္ဃာဏိကာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ အယံ လသိကာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။

ဣမသ္မိံ မေ ကာယေ ဣဒံ မုတ္တံ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အာသယတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ။

(မေဒဆက္ကနှင့် မုတ္တဆက္က တစ်ရက်ရွတ်)

(ဤ ပဋိကူလ မနသိကာရဆိုင်ရာ သုံး ရက်၌ လိင် ဝုစ် ကွဲပြားရန် အားလုံးဖော်)

## ဗုဒ္ဓဟူးနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ လောမာ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ နခါ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ ဒန္တာ နာမ
ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ မံသံ နာမ
ဣမသ္မိံ မေ ကာယေ အယံ နှာရု နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိမိဉ္ဇံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ဝက္ကံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ ဟဒယံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ယကနံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ကိလောမကံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ပိဟကံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ပပ္ဖါသံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ အန္တံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အန္တဂုဏံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ဥဒရိယံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ကရီသံ နာမ

ဣမသ္မိံ မေ ကာယေ ဣဒံ မတ္ထလုင်္ဂံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယေဝ။

(ပထဝီဓာတ် ၂၀၊ တစ်ရက်ရွတ်)

## ကြာသပတေးနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ သေမှံ နာမ
ဣမသ္မိံ မေ ကာယေ အယံ ပုဗ္ဗော နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ လောဟိတံ နာမ
ဣမသ္မိံ မေ ကာယေ အယံ သေဒေါ နာမ
ဣမသ္မိံ မေ ကာယေ အယံ မေဒေါ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော အာပေါဓာတုယေဝ။

ဣမသ္မိံ မေ ကာယေ ဣဒံ အဿု နာမ
ဣမသ္မိံ မေ ကာယေ အယံ ဝသာ နာမ
ဣမသ္မိံ မေ ကာယေ အယံ ခေဠော နာမ
ဣမသ္မိံ မေ ကာယေ အယံ သိင်္ဃာဏိကာ နာမ
ဣမသ္မိံ မေ ကာယေ အယံ လသိကာ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ မုတ္တံ နာမ ပါဋိယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော အာပေါဓာတုယေဝ။

(အာပေါဓာတ် ၁၂၊ တစ်ရက်ရွတ်)

ဤဓာတုမနသိကာရဥ္စကား အောက် ပဋိကူလမနသိကာရက လိုင် ဝုပ် ကွဲခဲ့ပြီး၍ အန္တမိပကနည်းအားဖြင့် ပဉ္စက ဆက္က အသုံး အသုံးမှာမှ အပြည့်အစုံ ဆင်ခြင်ရွတ်။

## သောကြာနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ လောမာ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ နခါ နာမ
ဣမသ္မိံ မေ ကာယေ ဣမေ ဒန္တာ နာမ
ဣမသ္မိံ မေ ကာယေ အယံ တစော နာမ ခယဋ္ဌေန အနိစ္စံ၊
ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။
ဣမသ္မိံ မေ ကာယေ ဣဒံ မံသံ နာမ
ဣမသ္မိံ မေ ကာယေ အယံ နှာရု နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အဋ္ဌိမိဉ္ဇံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ဝက္ကံ နာမ ခယဋ္ဌေန အနိစ္စံ၊
ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။
ဣမသ္မိံ မေ ကာယေ ဣဒံ ဟဒယံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ယကနံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ကိလောမကံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ပိဟကံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ပပ္ဖါသံ နာမ ခယဋ္ဌေန အနိစ္စံ၊
ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။
ဣမသ္မိံ မေ ကာယေ ဣဒံ အန္တံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ အန္တဂုဏံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ဥဒရိယံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ ကရီသံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ မတ္ထလုင်္ဂံ နာမ ခယဋ္ဌေန အနိစ္စံ၊
ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

(ပထဝီဓာတ် ၂၀၊ တစ်ရက်ရွတ်)

## စနေနေ့ ရွတ်ရန်

ဣမသ္မိံ မေ ကာယေ ဣဒံ ပိတ္တံ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ သေမှံ နာမ
ဣမသ္မိံ မေ ကာယေ အယံ ပုဗ္ဗော နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ လောဟိတံ နာမ
ဣမသ္မိံ မေ ကာယေ အယံ သေဒေါ နာမ
ဣမသ္မိံ မေ ကာယေ အယံ မေဒေါ နာမ ခယဋ္ဌေန အနိစ္စံ၊
ဘယဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

ဣမသ္မိံ မေ ကာယေ ဣဒံ အဿု နာမ
ဣမသ္မိံ မေ ကာယေ အယံ ဝသာ နာမ
ဣမသ္မိံ မေ ကာယေ အယံ ခေဠော နာမ
ဣမသ္မိံ မေ ကာယေ အယံ သိင်္ဃာဏိကာ နာမ
ဣမသ္မိံ မေ ကာယေ အယံ လသိကာ နာမ
ဣမသ္မိံ မေ ကာယေ ဣဒံ မုတ္တံ နာမ ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန
ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ။

(အာပေါဓာတ်-၁၂၊ တစ်ရက်ရွတ်)

ဤလက္ခဏာနုပဿနာ၌လည်း အောက်က လိင် စုစ် ကဲ့ပြားပြီး ဖြစ်၍ ပဋ္ဌက ဆက္က အဆုံး အဆုံးမှာမှ အပြည့်အစုံ ရွတ်။

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီ-ဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

အမှာကံ ဂေါစရဂါမေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု[၁]။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာနုပဒ္ဒဝါ။

---

၁-မေတ္တာပွါးရန် အစီအစဉ် ပါရာဇိကကဏ်၊ ဋ္ဌ၊ ဒု၊ ၂ ၁။
မေတ္တာပို့ဆိုရိုး ဝိသုဒ္ဓိမဂ်၊ ပ၊ ၂၀၀။

ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။
စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ[၁]။

မေတ္တာပို့ ပြီး၏။

(၁) သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(၂) သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

(၃) သဗ္ဗေ သင်္ခါရာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ[၂]။

(၄) အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿဘာဝေါ[၃] ဒုလ္လဘော၊ ဒုလ္လဘာ သမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ၊ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

---

၁- အဋ္ဌသာလိနီ၊ နှာ-၄၅၃။ ၂- ဓမ္မပဒ၊ ၅၃။

၃- အချို့ကား "မနုဿတ္တဘာဝေါ" ရှိသင့်၏ဟု ဆိုကြ၏၊ ဘာဝပုဒ်ပါရှိသောကြောင့် "တ္တ" မပါသင့်ပြီ။ သီလက္ခန် အဋ္ဌကထာ (နှာ-၄၇)၌ကား "မနုဿတ္တ ပဋိလာဘော" ဟု ရှိ၏။

(၅) ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ[1]။

(၆) ဧတ္တာဝတာ စ အမှေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

(၇) ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

(၈) သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော[2]။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

နံနက်ရွတ်စဉ် ပြီး၏။

---

၁· သုတ်မဟာဝါ၊ နှာ-၁၂၈။

၂· ဤဂါထာကို တနင်္ဂနွေထောင့်မှစ၍ တနင်္ဂနွေထောင့်သို့ ပြန်ကျအောင် ထပ်၍ ရွတ်၊ ရေး၍လည်း ဆွဲထား၊ စည်းဖြစ်၍ ဘေးရန်ကင်းသည်။

## ဓုတင်ကထာ

ဓုတင်တေရသဆောက်တည်ရန်ပါဠိ[၁]

(၁) ပံသုကူဓုတင်

ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ။

(၂) တေစီဝရိက်ဓုတင်

စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။

(၃) ပိဏ္ဍပါတ်ဓုတင်

အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

(၄) သပဒါနဓုတင်

လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

(၅) ဧကာသနိက်ဓုတင်

နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။

(၆) ပတ္တပိုဏ်ဓုတင်

ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

(၇) ခလုပစ္ဆာဓုတင်

အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။

---

၁-ဝိသုဒ္ဓိမဂ် ၊ ၁၊ ၅၇။

(၈) အာရညကင်ဓုတင်

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂံ သမာဒိယာမိ။

(၉) ရုက္ခမူဓုတင်

ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

(၁၀) အဗ္ဘောကာသိကဓုတင်

ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

(၁၁) သုသာနဓုတင်

န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။

(၁၂) ယထာသန္ထတိဓုတင်

သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာ သန္ထတိကင်္ဂံ သမာဒိ-
ယာမိ၊

(၁၃) နိသဇ်ဓုတင်

သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

ဘုရားရှ၊ ဆရာမိဖရှ၊ မိမိဘာသာ ဆောက်တည်ကောင်းသည် ချည်းမှတ်၊ အနက်မှာ ပရမတ္ထသရူပဘေဒနီ ဒုတိယအုပ် ဆဋ္ဌရိုက်(၁၀၄-၇)တွင် ကြည့်လေ။

နာနာသနဘောဇနံ၊ ယာပိုထ်ပြောင်ကူး အထူးထူးသော နေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂံ၊ ယာပိုထ်မလည်း

တနေရာဘည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏၊ ဆောက်တည်ပါ၏။

ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သောခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂ၊တခွက်တည်း၌သာ ဆွမ်းကိုယူခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏၊ ဆောက်တည်ပါ၏။

(ဤကား အများနှင့် သာ၍ ဆက်ဆံသောကြောင့် အနက်ထုတ်၍ ရေးလိုက်သည်။)

ဓုတင်ဘေရသ ဆောက်တည်ရန်ပါဌ် ပြီး၏။

# ဝိသုဒ္ဓါရုံ ဩဝါဒ

## “ဩဝါဒကထာ”ဟု ခေါ်တွင်သည့် မဟာဝိသုဒ္ဓါရုံတိုက် ဥပဒေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ။

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ဒါယကာ သဒ္ဓေးဦးသာညွှန်းက အင်္ဂုတ္တရပါဠိတော်လာ ဝေဠုကဏ္ဍကီရှာ နန္ဒမာတာကဲ့သို့ ဆဠင် သမန္နာဂတ ဒက္ခိဏာကို လှူဒါန်းလိုခြင်း အာသာဆန္ဒဖြင့် တော်ခါ သမယအားလျော်စွာ အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးရှာစုံစမ်း၍ လှူဒါန်း နေသည်ကို ကြားသိရသည်၊ အတန်ကြာပြီ။

ယခု ၁၂၇၃-ခုနှစ်၌လည်း ရွှေကျင်သုံးတိုက် အနေအထိုင်ကောင်း သည်ဟူသော သတင်းဖြင့် လူများ အလိုအလျောက် မဟာဝိသုဒ္ဓါရုံ တိုက်သစ်, ၎င်းတိုက်ဟောင်း, ရွှေကျင်တိုက်မ ၎င်းသုံးတိုက်မှ သံဃာ စာရင်းယူ၍ ရွှေကျင်သုံးတိုက်တွင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား ညွှန်ပြရာပုဂ္ဂိုလ်များကို တစ်လလျှင် ငွေတစ်ထောင်တန် လစဉ်လှူဒါန်း မည် အကြံရှိပါသည်။ ဆရာတော်ဘုရားကြီးကို လျှောက်ထားပါဟု ဒါယကာဦးသာညွှန်း၏ စာလွှာ နှုတ်မှာစကားများကို ဝါးတန်း ဥယျာဉ်အုပ် ဒကာဆင်၊ ဆပ်အင်စပိတ်ကျောင်း အမှုထမ်းကောင်း တံဆိပ်ရ ဆရာကြီး ဆရာကျန်တို့ လာရောက်ဖတ်ပြ လျှောက်ထားရင်း ရှိသည်နှင့် ပုဂ္ဂိုလ်ကောင်းဆိုးကို ရွေးချယ် ညွှန်ပြရမည့်အရာ လွန်စွာ ဝန်လေး ခက်ခဲသော်လည်း သာသနာတော် ကောင်းဖို့အရေးဖြစ်၍ ဝန်မလေး မခဲခက် သက်သာလွယ်ကူစွာ ညွှန်ပြနိုင်ခြင်းအကျိုးငှါ တိုက်အုပ် တိုက်ကြပ် စာချဆရာများနှင့် တိုင်ပင်၍ မပြည့်စုံလျှင် မနေရ ပြည့်စုံမှ သင့်လျော်မည့် အချက်ကြီးများကို ထည့်စွက်၍

၁၂၇၁-ခုနှစ် ရွှေကျင်တိုက်မ သံဃာ့အစည်းအဝေးတွင် ပေးထားအပ်ပြီးရှိသော "ထေရနံ ဩဝါဒကထာ" အချက်နှစ်ဆယ်ကို ပုံနှိပ်၍ ပေးပို့အပ်ထားသည်။ ထိုစာအုပ်ကို ကြည့်ရှုဆင်ခြင်၍ ထိုအင်္ဂါများနှင့် ပြည့်စုံအောင် ကျင့်ကြံနေထိုင်လိုသော သဒ္ဓါဆန္ဒကို မြဲမြံစွာဖြစ်စေ၍ ပြည့်စုံရင်းရှိပြီးသော ပုဂ္ဂိုလ်၊ ပြည့်ပုံအောင် နေထိုင်တော့မည် ကြံစည်သောပုဂ္ဂိုလ်များ သာသနာတော်မြတ် အစီးအပွားကို သောက်၍၊ အလှူဒါယကာ၏ သဒ္ဓါတရားကို ငဲ့ညှာ၍ မိမိတို့တိုက်တာရှိ သံဃာများကို ငြိမ်းသေဝပ်အောင် ညွှန်ကြားဆုံးမပြီးလျှင် ယခင် တိုက်အုပ် တိုက်ကြပ် များထံ အကြီးအကဲ ကိုယ်တိုင်လာ၍ ကောင်းမွန်စွာနေထိုင်ပါမည်၊ နေထိုင်စေပါမည်ဟု ဝန်ခံလွှာပါစေ၍ မိမိတို့တိုက်တာမှာ နေထိုင်လို၍ ရောက်လာသော ပုဂ္ဂိုလ်သစ်ကို သံဃာ့အလယ်၌ အာမခံ လျှောက်ထားပြီးနောက် ဆယ့်ငါးရက်ကြာ နေရင်း အာဝါသိက၊ အရပ်တပါးသို့ ခေတ္တသွားလျှင် ဆယ်ရက်အတွင်း ပြန်လာမည့်သူကိုမှ တိုက်အုပ် တိုက်ကြပ် ကျောင်းထိုင် စာချ ပုဂ္ဂိုလ်များကိုကား တစ်လအတွင်း ပြန်လာမည့်သူကိုမှ စာရင်းထည့်သွင်းခြင်း၊ သံဃာစာရင်း ပေးသွင်းသည့်အခါ လပြည့်နေ့တိုင်း လက်မှတ်သေချာစွာ ရေးထိုးပေးသွင်းကြရမည့်အကြောင်းအင်္ဂါ ပြည့်စုံညီညွတ်အောင် ကောင်းမွန်စွာ မနေထိုင်လိုနောင် သိကြရင်းရှိသော သူတော်ကောင်းတို့ စွပ်စွဲကဲ့ရဲ့ခြင်းကို ခံရမည့်ပုဂ္ဂိုလ်များကား လစဉ် အလှူကို ခံသူဖြစ်စေ၊ မခံသူဖြစ်စေ မိမိလည်းအပြစ်ကင်း ဂိုဏ်းသံဃာလည်းသန့်ရှင်း ထိုသို့ အလှူဒါယကာများလည်း "ဒတ္တာ အတ္တမနာ" အင်္ဂါ မချွတ်ယွင်းမှု၍ အလှူ၏အကျိုးဖွံ့ဖြိုးကြီးပွား စေသောအကျိုးငှါ ရွှေကျင်ဂိုဏ်း တောဂိုဏ်း ဝိသုဒ္ဓါရုံဂိုဏ်းသားဟု ဂုဏ်ရှိမှု နှုတ်များတွင် ပြောကြား၍ အမူအကျင့်ကတခြား မခံနမှု၍ လွတ်လွတ်ကင်းကင်း ဂိုဏ်းတွင်းကထွက်ဆင်း ရှောင်သွေနေတော်မူကြမည့်အကြောင်းနှင့် တောင်းပန်အပ်သတည်း။

**သာဓု သာဓု သာဓု**

* * *

## ရွှေကျင်ဂိုဏ်းသား မှန်သမျှ မပြည့်စုံလျှင် မနေရ ပြည့်စုံမှ သင့်လျော်သည့် အချက်ကြီး ၅ ပါး

(၁) မိမိနေရာ ကျောင်းတိုက်တာ၌ သံဃာမပြည့်စုံပဲလျက် နီးရာကျောင်းတိုက်သို့ ပေါင်း၍ ပါတိမောက်ခ်ဝတ္တာရ သံဃာ့ဥပုသ် မပြုပဲ သံဃာထဲသို့မဝင် ရှောင်ကြဉ်ဖယ်သွေ နေလေ့ရှိခြင်း။

(၂) တကျောင်းတတိုက်ထဲမှာ တိုက်အုပ် တိုက်ကြပ်များ၏ ဆုံးမဩဝါဒများကို မနာမခံ ခိုက်ရန်ဖြစ်ပွား မေတ္တာကိုရှေ့မထား ဣဿာမစ္ဆေရအားဖြင့် ကိုယ့်အမည်ပေါ် ပရမ်းပတာ စာ[illegible]ကား အစားအသောက် ကွဲပြား၍ နေခြင်း။

(၃) သာသနာပြုမင်း ကင်းဝေးခိုက်အခါ အတန်ကြာပြီဖြစ်၍ ဟိရီဩတ္တပ္ပ ကုက္ကုစ္စ သံသယမရှိ သံဃိကကျောင်းဇရပ်များကို ဖျက် နှုတ်၊ သံဃိကသစ်ပင်များကို ခုတ်လှဲခွဲဖြတ်၍ ပအပ်မသာရောင်းစား ရဟန်းဘောင်းကင်းကွာ လယ်ယာခင်း၌ ပိုက်ဆံစုရုံးသိမ်းသို့ လူတို့ကို အတိုးရင်းပွားချထား ထီကစားပွဲသို့ဝင်ခြင်း စသည်များကို ပြုလုပ်ခြင်း။

(၄) မာတုဂါမ မယ်သီလတို့ကို စာချ ဘဏ္ဍာစိုး ကပ္ပိယပြု၍ တိုက်တွင်းမှာ လက်ခံမွေးထား၍ အများ ယုံမှားသံသယ ကုက္ကုစ္စမကင်း ဖွယ်ရာ သွားလာထွက်ဝင် အကျွမ်းဝင်သော အမှုများကို ပြုကျင့် နေထိုင်ခြင်း။

(၅) ရွှေငွေလုပ် အဂ္ဂိရတ်အတတ်၊ စုန်းပယောဂ မှော်အတတ် ဆေးဝါးကုသ ဗေဒင်ဟောအတတ်များကို ဝါသနာစွဲကပ် ပြုလုပ်ခြင်း။

ဤအချက်ကြီး ၅-ပါးတို့ကို နေထားတကျရှိ၍ ရဟန်း ပြုကျိုး နပ်သဖြင့် သံသရာဝဋ်ဒုက္ခမှ ဆောလျင်စွာ ထွက်မြောက်လွယ်အောင် ကျင့်ဆောင် အားထုတ်ကြရမည်။

သာဓု သာဓု သာဓု။

* * *

## ထေရာနံ ဩဝါဒကထာ

(၆) တိုက်တာမှာ ဆုံးမဩဝါဒကိုနာခံ၍ နေလိုပါကြောင်းနှင့် မကောင်းစကောင်းသူတို့ လျှောက်ထားလာလျှင် တိုက်အုပ် တိုက်ကြပ် ကျောင်းဘုန်းကြီးများသဘောတူ၍ ဆေးသောက် ကွမ်းစား ဆေးဝါး ပွဲသွား မရှိစေရပါ။ ဘုရားတကာနည်းတူ ရေလှူ၊ ပန်းလှူ ညဥ့်နံနက် ဝတ်တက် တရားနာ ဥပုသ် ပဝါရဏာပြုများကို အညီအညွတ်လိုက်၍ ပြုကျင့်အောင် ပြောဆိုဆုံးမပါမည်ဟု အာမခံဆရာရမှ သံဃာလယ်မှာ လျှောက်ထားစေ၍ လက်ခံမွေးထားရခြင်း။

(၇) ကျောင်းစောင့် ဂေလည်[1] စသော အကြောင်းထူးရှိလျှင် သင့်ရာပုဂ္ဂိုလ်ထံ ပန်လျှောက်လိုက်၍ အကြောင်းထူးမရှိလျှင် ညဥ့်နံနက် ဝတ်တက် အမှန်လိုက်ရခြင်း။

(၈) အထူးဉာဏ်ထိုင်းလှသူကို ချန်ထား၍ တိုက်သားဖြစ်သည့်နောက် ၆-လအတွင်း ညဥ့်ရွတ် နံနက်ရွတ်တို့ကို တစ်ဝါရလျှင် ဘိက္ခုပါတိမောက်ကို ရှင်သာမဏေတို့မှာ လိင် ဒဏ် သေခိယ ပစ္စဝေက္ခဏာ ခန္ဓကာတ် ပါဠိ အနက်တို့ကို နှုတ်တက်ရအောင် အာမခံဆရာ ကျောင်းဘုန်းကြီးများက ကြပ်မနှိုးဆော် အပြန်ခိုင်းရခြင်း။

(၉) နံနက် ဝတ်တက်ပြီးလျှင် သဟာသေယျ မဖြစ်ရအောင် အိပ်ရာတိုက်ခန်းသို့ မဝင်မအိပ်ပဲ အရုဏ်တက်သည့်တိုင်အောင် နိသဇ်၊ ရုက္ခမူ၊ အဗ္ဘောကာသိက ဓုတင်သုံးပါးကို ဆောက်တည်၍—

"ဖိနပ် ဆီမီးကို အစပြု၍ ယခုနေ့ ရှေ့နောက် အရုဏ်နှစ်ခု အကြား သုံးစားမှီဝဲအပ်သမျှ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးတို့ကို ကစားစံပယ် မြူးရယ်မာန်ကြွ လှပရေဆင်း ဖြည့်ဖြိုးခြင်းငှါ သုံးဆောင်အပ်သည် မဟုတ်ပါ။ နိဿတ္တ နိဇ္ဇီဝ အဗျာကတ သုညဓာတ်ရုပ်အစစ် အနိစ္စ ဒုက္ခ အနတ္တ အသုဘ အရိုးစု ဖြစ်သော ဤကိုယ်ခန္ဓာ အတွင်းအပြင် ရောဂါဘေးဘယကင်းကွာ၍

---

၁- ဂေလည်—မကျန်းမမာ ဖျားနာမှုဖြစ်နေခြင်း။

ချမ်းသာကျန်းမာ အသက်ရှည်ကြာစွာ တည်နေလျက် စာပေ ကျမ်းဂန် သင်အံလေ့လာနိုင်ခြင်း၊ သီလသမာဓိ ဝိပဿနာ ရဟန်းတရားကို ပွါးများအားထုတ်နိုင်ခြင်း အကျိုးငှါ သုံးဆောင်မှုံပဲ ပါသတည်း”-

ဟူသော ပစ္စဝေက္ခဏာကို အဦးထားပြီးလျှင် ဇရိုက်အားလျော်စွာ-

အဋ္ဌိပုဉ္ဇော အယံ ကာယော၊ အဋ္ဌိပုဉ္ဇာ ပရေပိ စ။
သဗ္ဗေပိ အဋ္ဌိပုဉ္ဇာဝ၊ အနိစ္စာ ဒုက္ခာ အနတ္တကာ။

အယံ ကာယော၊ ဤကိုယ်ကောင်သည်။ အဋ္ဌိပုဉ္ဇော၊ အရိုးစု တည်း။ ပရေပိ စ၊ တပါးသော သူတို့သည်လည်း။ အဋ္ဌိပုဉ္ဇာ၊ အရိုး စုတို့ဘည်း။ သဗ္ဗေပိ၊ ငါရောသူပါ တမြေပြင်လုံး ရှိသသူတို့သည် လည်း။ အဋ္ဌိပုဉ္ဇာဝ၊ အရိုးစုတို့ချည်းတည်း။ အနိစ္စာ၊ အမြဲမရှိ ကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တကာ၊ အစိုးမရကုန်။-

စသော သင့်ရာ ကမ္မဋ္ဌာန်းကို စီးဖြန်းနေထိုင်ရခြင်း။

(၁၀) အချိန်ကျ၍ ဆွမ်းခံဆွမ်းစား သွားသည့်အခါ နှပ်ပါး သုံးပါး စကားပွယ်ကြမ်း ထပ်းပိုးဘမ်း မသွားမူ၍ စီးဖြန်းမြဲ ကမ္မဋ္ဌာန်း ကို စီးဖြန်း၍ သွားရခြင်း။

ဤဒုတိယကျင့်ဝတ်ငါးပါးကိုလည်း နေ့ထားတကူ ရှု၍ ရဟန်း ပြုကျိုးနပ်သဖြင့် သံသရာဝဋ်ဒုက္ခမှ အောလျင်စွာ ထွက်မြောက်လွယ် အောင် ကျင့်ဆောင်အားထုတ်ကြရမည်။

သာဓု သာဓု သာဓု။

* * *

(၁၁) ပိုးမရွာ ဂေလည အကြောင်းမရှိပဲ မြို့တွင်းမြို့ပြင် ထိီး မဆောင်းရခြင်း။

(၁၂) အသွန်မြောကြမ်း ချမ်းပူ အနာတူသော အကြောင်း မရှိပဲ မြို့တွင်းရွာ ဘွင်းပုံညှိ ပါးပိမ်းရခြင်း။

(၁၃) ဂေလည အကြောင်းမရှိပဲ နွားလျှည်း မြင်းလှည်း စီး သွားရခြင်း။

(၁၄) နေလှဲ့ ကမ်းဘေး အေးဝါးသူ ရဟန်း သာမဏေများကို တွေ့မိလျှင် တစ်ခါနှင့်ခါဒဏ်ပေး၍ သုံးခါတိုင်အောင် တွေ့မိသော်လည်းကောင်း၊ ဆေးသောက် ပွဲကြည့်သူတို့ကိုကား တစ်ကြိမ်ပင် တွေ့မိသော်လည်းကောင်း နှင်နှာအောင် ဒဏ်ပေးပြီ လျှင် ကျောင်းဘုန်းကြီး သာမဏေဆရာများက တပါးအရပ်သို့ သုံးလပတ်လုံး စေလွှတ်လိုက်၍ ဆရာသမား သံဃာများ နှင့်သက်လောက်ရာဇနေပ်သို့ သွားနေ၍ တဖန် လျှောက်ထားတောင်းပန်လာမှ လက်ခံလိုလျှင် လက်ခံရခြင်း။

(၁၅)စာပေကျမ်းဂန် သင်ကြားခြင်းမရှိပဲ ညနေချမ်းအခါ ညဥ့်အခါ တို့၌ ဟူရရှိသော ရေတွင်း ရေကန် ရေချိုးဆိပ် စသည်များသို့ လည်း ကောင်း၊ လူနေအိမ်များသို့လည်းကောင်း လည်ပတ်သော ရဟန်း ဖျင်း၊ ကျောင်းသို့ အဖန်ဖန်လာရောက်၍ နှမ်ယောက်ျင်း မိန်းမနှင့် စကားကြာရှည် ပြောနေတတ်သော ရဟန်းဖျင်း၊ ခုမ်းခံရာ ထိုင်အိမ်၌ ယာတုဂါခနှင့် အကျမ်းတဝင် ပြောဆို လူသွက်လိုသော ရဟန်းဖျင်း၊ လာဘသက္ကာရ ဝမ်းဝရုံလောက်ကိုသာ ငဲ့၍ ကုလဒူသန အနေသန မိစ္ဆာ ဇီဝများသော ရဟန်းဖျင်းကို ရိပ်မိတွေ့ရှိလျှင် ရမိအောင် ဖမ်းဆီး၍ တိုက်အုပ် တိုက်ကြပ် ကျောင်းဘုန်းကြီးများက နှိပ်ကွပ်ဆုံးမ အရပ်တပါး သို့ ပို့လိုက်ရခြင်း။

၍ တဝိယကျင့်ဝတ်ငါးပါးတို့ကိုလည်း နေသားတကျရှိ၍ ရဟန်းပြု ကျိုးနပ်သဖြင့် သံသရာဝဋ္ဋဒုက္ခမှ ဆောလျင်စွာ ထွက်မြောက်လွယ် အောင် ကျင့်ဆောင်အားထုတ်ကြရမည်။

သာဓု သာဓု သာဓု။

* * *

(၁၆) ညဉ့် ဘုရားရှိခိုး ဝတ်တက်ရွတ်ဖတ်ပြီးအခါ စာချပြီး စာအံပြီး ခက်ဆစ်ခက်ရာ စာစကားများ နှီးနှောဖြေဆိုပြီးနောက် ၁၀-နာရီ ရောက်၍ ကြေးစည်ထိုးသည်တိုင်အောင် စီးဖြန်းမြဲ ပါရိဟာရိယ ကမ္မဋ္ဌာန်းကို[1] နှလုံးထားလျက် "နံနက် ဝတ်တက်ခေါက်ချိန် ထမည်" ဟု ဥဋ္ဌာနသညာဖြင့် အိပ်စက်ရခြင်း။

(၁၇) သဘောညာဏ် ပတိဘာန် ကျမ်းဂန် ပိဋကတ် တတ်မြောက် လိမ္မာ သာယာနာလို ကြည်ညိုဖွယ် တရားစကား ပြောဟောတတ်သော ဓမ္မကထိက သဒ္ဓါစိတ်ကောင်းရှိသော လဇ္ဇီပေသလ သိက္ခာကာမ နိဝါတ နိမာန စသော ဂုဏ်ထူးဝိသေသရှိသော ပုဂ္ဂိုလ်မျိုး ပေါ်ပေါက်လာလျှင် ဣဿာ မစ္ဆရ မငြိုငြင်ပဲ ဝိုင်းဝန်း၍ တတ်အားသမျှ ချီးမြှောက် ထောက်ပံ့ရခြင်း၊

(၁၈) ဝါပ ပါတွင်း လေးသီတင်း နေ့ခင်းအခါတို့၌ သာယာ နာလို ကြည်ညိုဖွယ် ပြောဟောတတ်သော ဓမ္မကထိက ပုဂ္ဂိုလ်များရှာ ရှိလျှင် တနေရာတည်း၌ တရားပွဲစည်းဝေး၍ အလှည့်ကျ တရားဟော ပြောဟောရခြင်း။

(၁၉) တစုံတယောက်သော ပုဂ္ဂိုလ်မှာ အပြစ်ဒေါသကို ကြားသိ ရိပ်မိသည့်အခါ လျစ်လျူမထားပဲ စုံစမ်းထောက်လှမ်း၍ဟုတ်တိုင်းမှန်စွာ သိလျှင် ထိုပုဂ္ဂိုလ်ကို တိုက်ရိုက်ပြောဆို၍ဖြစ်စေ၊ တိုက်အုပ် တိုက်ကြပ် ကျောင်းဘုန်းကြီးများထံ လျှောက်ထား၍ဖြစ်စေ၊ အဓိကရုဏ်း ကျယ် မပွါး ပိပြားသေဝပ် ငြိမ် ပြက်ပြငြိမ်းအောင် ပြုလုပ်လေ့ရှိသော လဇ္ဇီ သူတော်ကောင်းကို နောင်ပြောဆိုဝံ့ရဲအောင် အားပေးချီးမြှောက် ကြရခြင်း။

---

၁-ကမ္မဋ္ဌာန်း ၄၀ တွင် မိမိစရိုက်အားလျော်သော ကမ္မဋ္ဌာန်း တစ်ပါးပါးသည် အမြဲဆောင်ထားအပ်သောကြောင့် ပါရိဟာရိယ ကမ္မဋ္ဌာန်းမည်၏။ ပါရာဇိကဏ်၊ ဋ္ဌ၊ ၃၊ ၂၁။

(၂၀) မိမိကျောင်းတိုက်နေ ရဟန်းသာမဏေတို့ ကျွေးမွေး ပေါက်ပြားခြင်း၊ ဝိသဘာဂ ကျောင်းတိုက်များသို့ သွားရောက် စားသောက်ခြင်းစသည်ဖြင့် မတော်မအပ် ရှုပ်ရှက်ခပ် မရှိစေခြင်း၊ မြတ်စွာဘုရားကို ရေချမ်းတော်၊ ပန်းတော် လှူဒါန်းခြင်း၊ အိပ်ရာနေရာ ကျောင်းကန် တိုက်တာတို့၌ သန့်ရှင်းစွာ သုတ်သင်၍ ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ တိုက်တာအတွင်း လူများလာ၍ လယ်ယာပြောင်းပဲ လုပ်ကိုင်ခြင်း စသည် မပြုလုပ်စေပဲ တပည့်တပန်းများကို လဇ္ဇီသူတော်ကောင်း ရဟန်းသာမဏေကောင်း ဖြစ်သောက်အောင် အတင်းအကြပ် ပပြတ်စောင့်ရှောက်ဆုံးမရခြင်း။

ဤစတုတ္ထ ကျင့်ဝတ်ငါးပါးကိုလည်း နေသားတကျရှိ၍ ရဟန်းပြု ကျိုးနပ်သဖြင့် သံသာရာဝဋ်ဒုက္ခမှ ဆောလျင်စွာ လွတ်မြောက်လွယ် အောင် ကျင့်ဆောင်အားထုတ်ကြရမည်။

သာဓု သာဓု သာဓု။

* * *

(၂၁) ဇရာဒုဗ္ဗလ ပညာဒုဗ္ဗလဖြစ်၍ ကျမ်းဂန် သင်အံချပို့ခြင်း ဂန္ထဓုရကို မဆောင်ကြဉ်းနိုင်၊ နိသျှည်း ဥပဇ္ဈာယ်ဆရာနှင့် မကင်း တိုက်တွင်းမှာပင် ဝါသဓုရ သမထ ဝိပဿနာဝန်ကို ဆောင်ရွက်၍ ငြိမ်သက်ချမ်းသာစွာ နေထိုင်လိုသော ပုဂ္ဂိုလ်ကို စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းကိုပေး၍ ဆိတ်ငြိမ်ရာ ကျောင်း၌ထားပြီးလျှင် ကျောင်းသား သာမဏေငယ်တို့ ထွက်ဝင်ဆူလှောင် မရှိစေပဲ ကမ္မဋ္ဌာန်းစီးဖြန်းခွင့် ရအောင် စောင့်ရှောက်နေထိုင်စေရခြင်း။

(၂၂) ကာယဗလ၊ ဉာဏဗလရှိ၍ နိသျှည်း ဥပဇ္ဈာယ်ကိုမမှီပဲ ကေစာပိ ဒုကစာရိ နေထိုင်လိုသော ပုဂ္ဂိုလ်တို့မှာ-

"ငါးဝါပြည့်ဘိ၊ ဒွေမာတိကာ၊ သုပ်လေးဘာဏဝါရ၊ အမ္ဗဋ္ဌတု၊ ဝတ္တခုစကား၊ တရားသုံးပုဒ်၊ အားထုတ်ဖို့ရာ၊ ဘာဝနာနှင့်၊ ကမ္မာကမ္မ၊ ခုနပ်ဝ၊ နိဂျေဟုတ္တာ၊ ဗဟုသုတတည်း"-

ဟူသော အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံအောင်အားထုတ်၍ ခုဒ္ဒသိက္ခာကို ပါဠိရ နက်ထင် အချက်မြင်အောင် သင်ကြားပို့ချပြီးမှ တောကျောင်းနေ လိုလျှင် အနီးအပါး ဆရာကြီးများထံ ဥပဇ္ဈာယ်ယူ၍ သာမဏေများ နှင့် ဖိုးသူတော် ကပ္ပိယ ကျောင်းသားများကိုသာ မွေးမြူရခြင်း။

(၂၃) နိသျည်း ဥပဇ္ဈာယ်ပေး၍ သာသနာပြုစုလိုသော ကျောင်း ထိုင် ပုဂ္ဂိုလ်တို့မှာ-

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"-

ဟူသည်နှင့် အဘန်အရာပြည့်စုံအောင် ဥဘတောဝိဘင်းနှင့်တကွ ခန္ဓက ပရိဝါများကို ချပို့ဘက်သင် ကင်္ခါဝိတရဏီကို အနက် ဒိုင်းဒိုင်းပြေး အောင်လည်း၊ ဒွေမာတိကာ ခုဒ္ဒသိက္ခာ သင်္ဂြိုဟ်များကို ပါဠိရ နက်ထင် အချက်မြင်အောင် ချသင်ကြိုးပမ်း၍-

"ရဟန်းကိစ္စ၊ နှစ်ဝရဉ္စ၊ လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွါးကြောင်း"-

ဟူသော ကဗျာ၏အရ ဂန္ထဓုရ ကျမ်းဂန်ပိဋကတ်လို မပြတ်လေ့လာ ကြည့်ရှုချပို့ခြင်း၊ သီလသမာဓိ ဝိပဿနာ ရဟန်းတရားတို့ဖြင့် ကိုယ်နှုတ် စိတ်ကို ထုံလျက် ဝါသဓုရဝန်ကို မပြတ်ရွက်ဆောင် ပွါးများ အား ထုတ်ခြင်း၊ ပစ္စည်းလေးပါး ဒကာ ဒကာမများဖြင့် ပါတ်ဟန်မထုတ် ဂုဏ်မလုပ်မူ၍ ကုပ်ကုပ်သေကွေစွာ မှိန်မှိန်နေထိုင်ရခြင်း၊ ရရှိသော လာဘ်သပ္ပကာကို တွယ်တာဝန်တို သိမ်းသိုမရှိစေရ၊ တပည့်သားများ နှင့် အညီအမျှ ဝေငှသုံးဆောင်ရခြင်း၊ ရဟန်း သာမဏေ ကျောင်းသား များကို အော်အင်ငေါက်ငမ်း ကြမ်းတမ်းစိတ်ဟိုဆဲဆိုရိုက်နှက် ပုတ်ခတ် တတ်သော အလေ့ဆိုးကို ပယ်ရှား၍ ကပြင်ရှိသော တပည့်ကျောင်းသား

များကို သဲဒဏ်ရေဒဏ် စာအံ ဘုရားရှိခိုး ဒဏ်များကိုပေး၍ ယဉ်ကျေးလိမ္မာအောင် ဆုံးမခြင်း ဤဝုဒ္ဓိကရဏတရား ငါးပါးနှင့်ပြည့်စုံအောင် နေထိုင်ခြင်း။

(၂၄) ဤသို့အပ်ခဲ့ပြီးသော ကျင့်ဝတ်များတွင် ကျောင်းဘုန်းကြီး အငစ့အငပ် အကြွပ်အဝတ်ည်း နည်းပါးခြင်းကြောင့် ချွတ်ယွင်းပျက်ပြားခဲ့လျှင် အပြစ်အားလျော်စွာ ငါးခေါက်ဆယ်ခေါက် အစိတ်သုံးဆယ်လေးဆယ်ငါးဆယ် ကျောင်းဘုန်းကြီး ဒဏ်ထမ်း၍ တိုက်အုပ် တိုက်ကြပ်များထံ လျှောက်ထားရခြင်း။

(၂၅) တိုက်အုပ် တိုက်ကြပ်များက ဤသြဝါဒကထာကို သိမြင်းနေ့တိုင်း ညဥ့်ဘက်းဟောရာ သံဃာလယ်မှာ ရွတ်ဖတ်စေ၍ တင်းတင်းကြပ်ကြပ် စောင့် ရှောက်ရမည်ကို မစောင့် အရှောက် နည်းပါးခြင်းကြောင့် ချွတ်ယွင်းပျက်ပြားခဲ့သော် တိုက်အုပ် တိုက်ကြပ်များပါ နောင်အာပတ် သံဝေရှိလောက်အောင် ရေဒဏ် သဲဒဏ် သင့်လျော်ရာ ထမ်းဆောင်ပြီးလျှင် ဘုရားဝတ်တက်ရာ သံဃာ့အလယ်မှာ လျှောက်ထားရခြင်း။

ဤပဥ္စမကျင့်ဝတ် ငါးပါးတို့ကိုလည်း နေ့တားတကျရှိ၍ ရဟန်းပြုကျိုးနပ်သဖြင့် သံသရာဝဋ္ဋဒုက္ခမှ ဆောလျင်စွာ ထွက်မြောက်လွယ်အောင် ကျင့်ဟောင်အားထုတ်ကြရမည်။

သာဓု သာဓု သာဓု။

* * *

ပဥ္စ ဝိသတိ ဝတ္တာနိ၊ ဒသာဘတ္ထဝသကာမိနော။
သဒ္ဓါ ပဗ္ဗဇိတတ္တေန၊ သာဓူ စရေနှ၊ သုဗ္ဗတာ။

ပဥ္စဝီသတိ၊ နှစ်ဆယ့်ငါးပါးသော။ ဝတ္တာနိ၊ ကျင့်ဝတ်ပဋိပတ်တို့ကို။ ဒသအဘတ္ထဝသကာမိနော၊ သံဃာသုဋ္ဌု, သံဃဖာသု, ဒုမ္မင်္ကုနိဂ္ဂဟ, ပေသလ

ဖာသု ဝိဟာရ, ဒိဋ္ဌဓမ္မိကာသုခဝိဟာရ, သမ္ပရာယိကသုခပဋိသံဝေဒ, အပ္ပသန္နပသာဒ, ပသန္နဘိယျောဘာဝ, သဒ္ဓမ္မဋ္ဌိတိ, ဝိနယာနုဂ္ဂဟ ဟူသော အကျိုးထူးဆယ်းပါးတို့ကို အလိုရှိကုန်သော။ သုဗ္ဗစ၊ ဆိုလွယ် ဆုံးမလွယ်သော သောဝစဿတာ ဂုဏ်ရှိကုန်သော။ သာဓု၊ ရှေ့ကျင့် ဂိုဏ်း၊ နောက်ဂိုဏ်း၊ ဝိသုဒ္ဓါရုံဂိုဏ်း၌ ကိုင်းရှိုင်းခိုအောင်း သူတော်ကောင်း တို့သည်။ သဒ္ဓါပုဗ္ဗ ကပ်ဘွား၊ သဒ္ဓါရှေ့ပြေး ဒိဋ်ကောင်းမွေးသည် ဖြစ်။ စရန္တု၊ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြ စေကုန်သတည်း။

သာဓု သာဓု သာဓု

* * *

သောဝစဿတာဂုဏ်နှင့်ပြည့်စုံသော သူတော်ကောင်းမများ လိုက်နာရန် မဟာဝိသုဒ္ဓါရုံတိုက်ဟောင်း၊ တိုက်သစ်၊ တိုက်အုပ်၊ တိုက်ကြောင်၊ ကျောင်းဘုန်းကြီး၊ ရှေ့ကျင့်တိုက်မဆရာတော်၊ ကလေး၊ ရေကြိုယ်၊ အင်းတင် သုံးမြို့သာသနာပြု ဆရာတော်များ အမှူးရှိသော ရှေ့ကျင့် ၅ တိုက် ဘုန်းကြီးများနှင့်တိုင်ပင်၍ ၁၂၇၁-ခုနှစ် မဟာဝိသုဒ္ဓါရုံ ဆရာတော် ရေးသားဆုံးမအပ်သော ဩဝါဒကထာ အချက် ၂၅ ချက် ပြီး၏။

## မဟာဝိသုဒ္ဓါရုံတိုက်သစ်
## ကျောင်း ဘုန်း ကြီး တင် မြှောက် ရေး နှင့်
## ကျောင်းတိုက် ထိမ်းသိမ်းရေး ဥပဒေ

(ဤ ဥပဒေကို ၁၃၄၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၄-ရက်၊ ၁၅-ရက်၊ [ ၁၉၈၀-ဒီဇင်ဘာ-၆၊ ၇-ရက် ] တို့၌ ပဲခူးတိုင်း တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ဟောင့်ကျောင်းတိုက်တွင် ကျင်းပသော ဒုတိယ သာသနာ တော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးက အတည် ပြု ပြဋ္ဌာန်းခဲ့သည်။)

(၂၉) "မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အတွင်းရှိ ကျောင်း အသီးသီး၌ ကျောင်းဘုန်းကြီး လစ်လပ်သောအခါ မဟာနာယက အမျိုးရှိသော တိုက်တွင်းသံဃာကြီးများ သဘောကျသော ပုဂ္ဂိုလ်ကိုသာ ဆက်လက်ထားနိုင်ရန် တိုက်တွင်းစည်းမျဉ်း အထူးပြုလုပ်ထားကြရန် ဆုံးဖြတ်ကြသည်"ဟူသော ဒုဋ္ဌမအကြိမ် ရွှေကျင်နိကာယ သံဃာ့ အစည်းအဝေးကြီး ဆုံးဖြတ်ချက် ပုဒ်မ (၃)အရ—

မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်းရှိ ကျောင်းအသီးသီး၌ ကျောင်း ဘုန်းကြီးလစ်လပ်သောအခါ မဟာနာယကဆရာတော် အမျိုးရှိသော ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့က ပုဂ္ဂိုလ်ရေးကိုရှောင်ရှား ဝိသုဒ္ဓါရုံတိုက်ကြီး အရှည်ခန့်၍ တည်တံ့ခိုင်မြဲရေး တိုးတက်စည်ကား ကြီးပွားရေးကိုသာ အလေးထားလျက် ဖော်ပြပါ ဂုဏ်အင်္ဂါ အရည်အချင်းနှင့် အများ အားဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာ ရွေးချယ်စိစစ်၍ ဝိသုဒ္ဓါရုံတိုက် ကျောင်းဘုန်းကြီးအဖြစ် ခန့်ထားရန်။

(က) ဒုနည်းဆုံး သိက္ခာဝါ (၂၀)ရှိရခြင်း။
(ခ) ကိုယ်လက်အင်္ဂါ မချို့ယွင်းသူ ဖြစ်ခြင်း။

(ဂ) သကျသီဟ စေတီယင်္ဂဏ အစိုးရနှင့် ဝိသုဒ္ဓါရုံဝံသပါလ ဓမ္မာစရိယဘွဲ့ တမျိုးမျိုးကို မဟာဝိသုဒ္ဓါရုံတိုက်အတွင်းမှ ဝိသုဒ္ဓါရုံ အမည်ဖြင့်သာ အောင်မြင်သူဖြစ်ခြင်း။

(ဃ) ဝိသုဒ္ဓါရုံတိုက်သစ်အတွင်း၌ အမြဲသီတင်းသုံး နေထိုင်လျက်ရှိခြင်း။

(င) ဝိသုဒ္ဓါရုံ ဂဏဝါစကအဖွဲ့က အပ်နှင်းသော စာဝါကို စေတနာထက်သန်စွာ ၅-နှစ်အောက်မနည်း ပို့ချပူးခြင်း။

(စ) ပါဠိအဋ္ဌကထာဋီကာ နေ့ဝါ ညဝါတို့ကို ပို့ချနိုင်စွမ်းရှိခြင်း။

(ဆ) တပည့်ပရိသတ်ကို အမြဲကြောင့်ကြစိုက်၍ စောင့်ရှောက်ထိန်းသိမ်းအုပ်ချုပ်နိုင်စွမ်းရှိခြင်း။

(ဇ) မိမိကျောင်းနေပရိသတ်ကို အရင်းအဖျား မခွဲခြားပဲ စိတ်ထားတူညီစွာ နေထိုင်အုပ်ချုပ်ခြင်း။

(ဈ) အညီအမျှ ပေးကမ်း ချီးမြှင့်ခြင်း။

(ည) သာသနာပြုရာ၌ ကျွမ်းကျင်လိမ္မာသူဖြစ်၍ ရှေ့ကျင်ဂိုဏ်း စိတ်ဓာတ် ထက်သန်ခြင်း။

(ဋ) ကျောင်းလက်ခံပြီးနောက် (၁၀)သကြာမှစ၍ အနည်းဆုံး ကျောင်းသံဃာ (၁၂)ပါးအထိ အမြဲရှိရမည်ဖြစ်ခြင်း။

**မှတ်ချက်။** ။ဖော်ပြပါ ဂုဏ်အင်္ဂါများသည် ယခုလက်ရှိ ကျောင်းဘုန်းကြီးများနှင့် သက်ဆိုင်ခြင်းမရှိစေရ၊ မဟာနာယကအမှူးရှိသော ဂဏဝါစကအဖွဲ့က ခန့်ထားတင်မြှောက်လတ္တံ့သော ကျောင်းဘုန်းကြီးများနှင့်သာ သက်ဆိုင်စေရမည်။

(၃၀) ခန့်ထားပြီးကျောင်းဘုန်းကြီးကို ယင်းကျောင်းတွင် ပူလရှိနှင့်နေသော ပုဂ္ဂိုလ်တို့သည် မနှစ်သက်သော အမူအရာကို မပြုမိစေပဲ ဝမ်းမြောက်သော အမူအရာဖြင့် ကျောင်းဘုန်းကြီး၏ အဆုံးအမ အတိုင်းသာ နေထိုင်ကြရန်။

(၃၁) ကျောင်းဘုန်းကြီးကလည်း သာသနာ့စိတ် ဂိုဏ်းဂဏစိတ် တိုက်တာစိတ်ဖြင့် ခေါင်းဆောင်ပီသစွာ သဒ္ဓါ သတိ ဝီရိယတရား လက်ကိုင်ထား၍ ဆောင်ရွက်ရန်။

(၃၂) ခန့်ထားသော ကျောင်းဘုန်းကြီးက ပရိသတ်မထိန်းသိမ်းတတ် မအုပ်ချုပ်တတ်သောကြောင့်ဖြစ်စေ၊ ထိန်းသိမ်းအုပ်ချုပ်မှုမပြုပဲ အပေပါသုက္ကာ ကြောင့်ကြမဲ့နေသောကြောင့်ဖြစ်စေ၊ နယကဂိုဏ်း ပျက်ပြား အဂတိလိုက်စားသောကြောင့်ဖြစ်စေ သာယာငြိမ်းချမ်းမှု မရှိပဲ အကွဲကွဲ အပြားပြား ညီညွတ်ရေး ပျက်ပြားလျှင်သော်လည်း ကောင်း၊ သရာသမား သိတင်းသုံးဖော်တို့ကို အရေးမထား ဂိုဏ်းဂဏ တိုက်တာ ဂုဏ်သိက္ခာတို့ကို ယိုပါးစေလျက် မာတုဂါမတို့နှင့် အများ သံသယ မကင်းအောင် ရောနှော ဆက်ဆံလျှင်သော်လည်းကောင်း ထိုကျောင်းဘုန်းကြီးကို မဟာနာယက အမှူးရှိသော ဂဏဝါစက အဖွဲ့က တာဝန်ခံ ကျောင်းဘုန်းကြီးအဖြစ်မှ ဖယ်ရှား၍ အရပ်တပါး သို့ ထွက်သွားစေရန်။

(၃၃) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်းရှိ ကျောင်းများသည် ရှေးရှေးသော ဆရာတော်ကြီးများ သီတင်းသုံး နေထိုင်တော်မူခဲ့သော သံဃိကကျောင်း ရှေးဟောင်းပစ္စည်းများဖြစ်သည်။ ယင်း သံဃိကကျောင်းများ ပျက်ပြားခဲ့သော်—

(က) ကျောင်းဘုန်းကြီးက တာဝန်ယူပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့ မွမ်းမံခြင်းတို့ကိုသာ ပြုလုပ်ရန်။

(ခ) ကိုယ်ကျိုးအတွက် သက်သက်အသုံးပြုခြင်း၊ ဖျက်၍ပုံထား ရုံမျှ ပုံထားခြင်း၊ အခြားနေရာသို့ ရွှေ့ပြောင်းယူဆောင် ခြင်းများ မပြုရန်။

(၃၄) ဘုန်းတန်ခိုးထွန်းတောက် အသစ်ဆောက်လုပ်ရန်ရှိ၍ ထိုကျောင်းကို ပြောင်းရွှေ့ဖျက်သိမ်းမှု ဖြစ်ပါမည်ဟု ဆိုခဲ့လျှင် မဟာနာယကအမှူးရှိသော ဂဏဝါစက အစုံအလင်ပါဝင်သည့် အစည်းအဝေး၌ လျှောက်ထား၍ ယင်း အစည်းအဝေးက စည်းကမ်းသတ်မှတ် ချပေးအပ်သော ခွင့်ပြုချက်အတိုင်းသာ လိုက်နာပြုလုပ်ရန်။

(၃၅) မဟာဝိသုဒ္ဓါရုံတိုက်သစ် အရာမ်မြေနှင့်တကွ ကျောင်းအဆောက်အဦများသည် သံဃိကများသာ ဖြစ်သည်။ သူရော ငါပါ တိုက်တာအတွင်း လာရောက်နေထိုင်ကြသူတို့သည် ခေတ္တခဏ တည်းခိုနားနေကြသော ဧည့်သည်တို့သာဖြစ်သည်။ ဧည့်သည်ဖြစ်လျက် ဧည့်သည်ဟု သတိမထား အိမ်သည်ဟု ထင်မှားပြီးလျှင် ဂုဏ်ကျက်သရေထိပါး စည်ပင်သာယာရေးကို ပျက်ပြားစေနိုင်သော သူ့မြေ ငါ့မြေခွဲခြား ပုဂ္ဂလိကမှတ်သားခြင်း၊ ကျောင်းဝင်းအရံ အုတ်တံတိုင်းစသော အကာအရံများ တားဆီးပြုလုပ်ခြင်းများ ရှိနိုင်သောကြောင့် ဝိသုဒ္ဓါရုံတိုက်ကြီး ဂုဏ်ကျက်သရေမထိပါး စည်ပင်သာယာရေး မပျက်ပြားရအောင် မဟာနာယကဆရာတော် ခေါင်းဆောင်၍ ဂဏဝါစကအဖွဲ့ဝင်အားလုံးက ဖော်ပြပါ အရံအတား အုတ်တံတိုင်းစသည် (သစ်ပင်ဝါးပင်မှအစ) မရှိသင့် မရှိထိုက်သော နေရာ၌ မရှိရအောင် အရေးယူတားမြစ် ဆောင်ရွက်ကြရန်။

ဤ (ဒွါဒသမ) အစည်းအဝေးကြီးက ပြဋ္ဌာန်းသတ်မှတ် ဆုံးဖြတ်သည်။

## ဝိသုဒ္ဓါရုံ သံဃဉပုသ်

### အမေးအဖြေ

### အဇ္ဈောသကသမ္မုတိဥတ်

အဖြေပုဂ္ဂိုလ်။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသေယျံ။

#### တိက္ခတ္တုံ အဇ္ဈေသန

သံဃော ဘန္တေ အာယသ္မန္တံ (တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ (တိဿော) ပါတိမောက္ခံ။
ဒုတိယမ္ပိ ဘန္တေ သံဃော အာယသ္မန္တံ (တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ(တိဿော)ပါတိမောက္ခံ။
တတိယမ္ပိ ဘန္တေ သံဃော အာယသ္မန္တံ(တိဿံ) ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ(တိဿော)ပါတိမောက္ခံ။

မှတ်ချက် ။ ။(                    )နေရာ၌ ပါတိမောက် ရွတ်ပြမည့် ပုဂ္ဂိုလ်၏ဘွဲ့မည်ကို ပြောင်းထည့်ရန်။

### ဉပေါသထဥတ်

အမေး ။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော(ပန္နရသော)၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

မှတ်ချက် ။ ။စာတုဒ္ဒသီ ဥပုသ်နေ့ဖြစ်မူ (စာတုဒ္ဒသော) ဟု ပြင်ဆို။

## ဝိနယပုစ္ဆက သမ္မုတိဉတ်

အမေး ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ဒတ္တံ) ဝိနယံ ပုစ္ဆေယျံ။

မှတ်ချက် ။ ။( )နေရာ၌ ဖြေဆိုမည့် ပုဂ္ဂိုလ်၏ ဘွဲ့မည်ကို ပြောင်းထည့်ရန်။

## ဝိနယဝိသဇ္ဇက သမ္မုတိဉတ်

အဖြေ ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ ( တိဿေန ) ဝိနယံ ပုဋ္ဌော ဝိသဇ္ဇေယျံ။

မှတ်ချက် ။ ။( )နေရာ၌ ပါတိမောက် ရွတ်ပြမည့် ပုဂ္ဂိုလ်၏ ဘွဲ့မည်ကို ပြောင်းထည့်ရန်။

အမေး ။ ။“ကိံ သံဃဿ ပုဗ္ဗကိစ္စံ”ဟူသော ပါဠိတော်နှင့်အညီ
သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ”
ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော် မူအပ်သောကြောင့် ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှဲခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဆီမီးညှိထွန်းခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။သောက်ရေ သုံးရေတည်ထားခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။နေရာခင်းခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဤလေးပါးသော အမှုတို့ကို သံဃာ မစည်းဝေးမီ ဥပုသ်ကံ၏ ရှေ့အဖို့၌ ပြုအပ်သောကြောင့် "ပုဗ္ဗ-ကရဏ"ဟူ၍ ဆိုအပ်၏။

"ဆန္ဒ ပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။
ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ"

ဟူ၍အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူအပ်သောကြောင့် ဆန္ဒဆောင်ခြင်း၊ ပါရိသုဒ္ဓိဆောင်ခြင်း၊ ဆောင်အပ်ပြီးသော ဆန္ဒ ပါရိသုဒ္ဓိတို့ကို သံဃာအား လျှောက်ထားခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။သီမဌ သံဃာသည် ၂-တောင့်ထွာ ဟတ္ထပါတ်အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်ဖွယ် လျှောက်ထားဖွယ် မရှိ၊ ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဥတုသည် ဟေမန္တဥတု၊ ဂိမှဥတု၊ ဝဿာနဥတုအားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် ယခု အခါ အဘယ် ဥတုနည်း။

အဖြေ ။ ။(ရောက်ဆဲဥတုကို ဖြေပါ)

[ဟေမန္တဥတု=တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ။
ဂိမှဥတု=တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

ဝဿာနဥတု=ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ။ (ဝါကပ်လျှင် တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ ဒုတိယ ဝါဆိုလပြည့်နေ့

အထိ ဂိမှဥတုဖြစ်သည်။ ၁၀-ပက္ခရှိသည်။ ဥတု အမည်ကို သုံးစွဲရာ၌ ဂိမှဥတုကို ဂိမှန္တဥတုဟု လည်းကောင်း၊ ဝဿာနဥတုကို ဝဿန္တဥတု, ဝဿန္တဥတု ဟု လည်းကောင်း မသုံးစွဲမိရန် သတိပြုပါ။]

အမေး ။ ။ထိုဥတု၌ ရှစ်ပက္ခရှိသည်တွင် လွန်ပြီးပက္ခ အဘယ်မျှ၊ ယခု ရောက်ဆဲ ပက္ခ အဘယ်ပက္ခ၊ ကြွင်းသောပက္ခ အဘယ်မျှရှိသနည်း။

မှတ်ချက် ။ ။ဝါဟပ်သောနှစ် ဂိမှဥတုဖြစ်လျှင် "ထိုဥတု၌ ဆယ်ပက္ခရှိသည်တွင်"ဟု ပြင်ဆို။

အဖြေ ။ ။(ရောက်ဆဲဥတုကို ရောက်ရောက်၍ ဖြေပါ)

(ဥပမာ-နယုန်လကွယ်နေ့ဖြစ်လျှင် "လွန်ပြီး ၆-ပက္ခ၊ ရောက်ဆဲ ၇-ပက္ခမြောက်၊ ကြွင်း ၁-ပက္ခရှိပါသည် အရှင်ဘုရား"ဟု ဆို။ ရောက်ဆဲ ပက္ခကို ဖြေဆိုရာ၌ (မြောက်)ဟူသော သဒ္ဒါ ပူရဏ စကားလုံး မပါပဲ "ရောက်ဆဲ ၇-ပက္ခ"စသည်ဖြင့် ဆိုမိတတ်သည်။ ၅-ပက္ခမြောက်၊ ၆-ပက္ခမြောက် စသည်ဖြင့် (မြောက်) ဟူသော စကားလုံး ပါစေရမည်။)

အမေး ။ ။သိမ်အတွင်းသို့ ဥပုသ်ပြုအံ့သောငှါ စည်းဝေးရောက်လာသော ရဟန်းအပေါင်းကား အဘယ်မျှရှိသနည်း။

အဖြေ ။ ။(ရှိသည့်အရေအတွက်အတိုင်း ဖြေပါ)

အမေး ။ ။ဘိက္ခုနီမတို့သည် "အဘယ် မထေရ်ထံ အဆုံးအမကို ခံရပါမည်နည်း" ဟု တောင်းပန်သော စကားကို သံဃာအား လျှောက်ထားခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ယခုအခါ ဘိက္ခုနီမများ မရှိ၍ လျှောက်ထားဖွယ် မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဤငါးပါးသော အမှုတို့ကို သံဃာနည်းဝေးပြီးသည် မှနောက် ပါတိမောက်မရွတ်မီ ရှေ့အဖို့၌ ပြုအပ်သော ကြောင့် "ပုဗ္ဗကိစ္စ"ဟူ၍ ဆိုအပ်၏။

"ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိ"

ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူအပ်သော ကြောင့် ပုဉ်သည် သ မညလက္ခဏာအားဖြင့် တစ်ပါး သာ ဝိသေသ လက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီ ဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီဥပုသ်ဟူ၍ နေ့၏ အစွမ်း အားဖြင့် သုံးပါး။ သံဃဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ် ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သုံးပါး။ သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန် ဥပုသ်ဟူ၍ ပြုအပ်သော အခြင်းအရာ ကတ္တဗ္ဗကာရ၏ အစွမ်းအားဖြင့် သုံးပါး။ ဤသို့အားဖြင့် ကိုးပါး အပြားရှိ၏။ ထိုကိုးပါးတို့တွင် ယခုပြုလတ္တံ့သော ဥပုသ်သည် နေ့၏ အစွမ်းအားဖြင့် အဘယ်ဥပုသ်နည်း။

အဖြေ ။ ။(ကျရာဥပုသ်ကို ဖြေပါ)

အမေး ။ ။ပြုတတ်သော ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အဘယ် ဥပုသ်နည်း။

အဖြေ ။ ။သံဃဥပုသ်ဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။ပြုအပ်သော အခြင်းအရာ ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် အဘယ်ဥပုသ်နည်း။

အဖြေ ။ ။သုတ္တုဒ္ဒေသဥပုသ်ဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။သုတ္တုဒ္ဒေသဟူ၏။ သုတ္တုဒ္ဒေသ ဥပုသ်ကံအား ယှောက်ပတ်ကုန်သော လေးပါး၊ လေးပါးထက်အလွန်ရှိသော ရဟန်းတော်တို့သည် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်ကြပါကုန်ပြီလော။

အဖြေ ။ ။တည်ကြပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။ထိုရဟန်းတော်တို့အား သဘောတူ ဝတ္ထုကြောင့်သင့်သော အာပတ်မရှိ ကင်းစင်ကြပါကုန်ပြီလော။

အဖြေ ။ ။အာပတ်မရှိ ကင်းစင်ကြပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။လူအစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို နှစ်တောင်ထွာဟတ္ထပါသ်မှ အဝေးပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။

အဖြေ ။ ။ကြဉ်အပ်ပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။ဤလေးပါးသော အင်္ဂါတို့ဖြင့် သင်္ဂြိုဟ် ရေတွက်အပ်သော ကံကို " လျောက်ပတ်သော အခါရှိသောကံ " ဟူ၍ ဆိုအပ်၏။ ။ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အရာဓနံ ကရောမ။

သံဃာအများ ။ ။သာဓု သာဓု သာဓု။

မှတ်ချက် ။ ။သမာဒပေတွာကို "သဗ္ဗာ နိဋ္ဌာပေတွာ" ဟု ဖွင့်သောကြောင့် သံ ပုဗ္ဗအာပ (အပ) ဓာတ်+ ဏေပစ္စည်း၊ +တွာ ပစ္စည်းဖြင့် "သမာပေတွာ" ဟု ပြီးသည်၊ "သမာဒပေတွာ" ဟု မရှိစေရ၊ မရွတ်ရ။

ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိမှ၍ ဥဒ္ဒေသ ဆုံးသည့်တိုင်အောင် ပါတိမောက် ရွတ်ပြမည့်ပုဂ္ဂိုလ်က ဆက်လက် ရွတ်ဆိုရမည်။

ဝိသုဒ္ဓါရုံ သံဃဥပုသ် အမေးအဖြေ ပြီး၏။

## ဝိသုဒ္ဓါရုံ ပဝါရဏာ
## အမေးအဖြေ

### အရွှေ့သက သမ္မုတိ ဉတ်

အဖြေပုဂ္ဂိုလ် ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (တိဿံ) ပဝါရဏာ ဉတ္တိထပန်ံ အရွှေ့သေယျံ ။

### တိက္ခတ္တုံ အရွှေ့သန

သံဃော ဘန္တေ အာယသ္မန္တံ (တိဿံ) ပဝါရဏာ ဉတ္တိထပန်ံ အရွှေ့သတိ၊ ထပေတု ဘန္တေ အာယသ္မာ (တိဿော) ပဝါရဏာဉတ္တိံ ။

ဒုတိယမ္ပိ ဘန္တေ သံဃော အာယသ္မန္တံ (တိဿံ) ပဝါရဏာဉတ္တိထပန်ံ အရွှေ့သတိ၊ ထပေတု ဘန္တေ အာယသ္မာ (တိဿော) ပဝါရဏာဉတ္တိံ ။

တတိယမ္ပိ ဘန္တေ သံဃော အာယသ္မန္တံ (တိဿံ) ပဝါရဏာဉတ္တိထပန်ံ အရွှေ့သတိ၊ ထပေတု ဘန္တေ အာယသ္မာ (တိဿော) ပဝါရဏာဉတ္တိံ ။

မှတ်ချက် ။ ။( ) နေရာ၌ ပဝါရဏာဉတ်ထားမည့် ပုဂ္ဂိုလ်၏ ဘွဲ့မည်ကို ပြောင်းထည့်ရန်။

### ပဝါရဏာ ဉတ်

အမေးပုဂ္ဂိုလ် ။ ။သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

## ပဝါရဏာပုစ္ဆက သမ္မုတိ ဉတ်

အမေး ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ (ဒတ္တံ) ပဝါရဏံ ပုစ္ဆေယျံ။

မှတ်ချက် ။ ။(            ) နေရာ၌ ဖြေဆိုမည့်ပုဂ္ဂိုလ်၏ ဘွဲ့မည်ကို ပြောင်းထည့်ရန်။

## ပဝါရဏာ ဝိသဇ္ဇက သမ္မုတိ ဉတ်

အဖြေ ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတာ (တိဿေန) ပဝါရဏံ ပုဋ္ဌော ဝိသဇ္ဇေယျံ။

မှတ်ချက် ။ ။(            ) နေရာ၌ မေးမည့် (ဉတ်ထားသည့်) ပုဂ္ဂိုလ်၏ ဘွဲ့မည်ကို ပြောင်းထည့်ရန်။

အမေး ။ ။"ကိံ သံဃဿ ပုဗ္ဗကိစ္စံ"ဟူသော ပါဠိတော်နှင့်အညီ သမ္မဇ္ဇနီ ပဒီပေါ စ၊ ဉဒကံ အာသနေန စ။ ပဝါရဏာယ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ" ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူသောကြောင့် ပဝါရဏာသိမ်အပြင်၌ တံမြက်လှည်းခြင်းကိုစွ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ယိမ်းညီထွန်းခြင်းကိုစွ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။သောက်ရေ သုံးရေ တည်ထားခြင်းကိုစွ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။နေရာခင်းခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဤ လေးပါးသောအမှုတို့ကို သံဃာမစည်းဝေးမီ ပဝါရဏာကံ၏ ရှေးအဖို့၌ ပြုအပ်သောကြောင့် "ပုဗ္ဗကရဏ"ဟူ၍ ဆိုအပ်၏။

"ဆန္ဒပဝါရဏာ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။ပဝါရဏာယ တောနိ၊ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ" ဟူ၍ အဋ္ဌကထာ ဆရာမြတ်တို့ မိန့်မှာတော်မူသောကြောင့် ဆန္ဒဆောင်ခြင်း၊ ပဝါရဏာဆောင်ခြင်း ဆောင်အပ်ပြီးသော ဆန္ဒ ပဝါရဏာတို့ကို သံဃာအား လျှောက်ထားခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။သီမဌသံဃာသည် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ရောက်သည်ဖြစ်၍ ဆောင်ဖွယ် လျှောက်ထားဖွယ် မရှိ ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဥတုသည် ဟေမန္တဥတု ဂိမှဥတု ဝဿာနဥတုအားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် ယခုအခါ အဘယ်ဥတုနည်း။

အဖြေ ။ ။ဝဿာနဥတု ဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။ထိုဥတု၌ ရှစ်ပက္ခရှိသည်တွင် လွန်ပြီးပက္ခ အဘယ်မျှ၊ ရောက်ဆဲပက္ခ အဘယ်ပက္ခ၊ ကြွင်းသောပက္ခ အဘယ်မျှရှိသနည်း။

အဖြေ ။ ။လွန်ပြီး ၅-ပက္ခ၊ ယခုရောက်ဆဲ ၆ ပက္ခမြောက်၊ ကြွင်း ၂-ပက္ခ ရှိပါသည် အရှင်ဘုရား။

မှတ်ချက် ။ ။ဤကား ပထမ ပဝါရဏာရှိကြသည့် ပုရိမဝါသား ရဟန်းတော်များ၏ သီတင်းကျွတ်လပြည့်နေ့ မဟာ ပဝါရဏာပြုရာ၌ ရေတွက်ပုံဖြစ်သည်။ ပစ္ဆိမဝါ သား ရဟန်းတော်များ တန်ဆောင်မုန်းလပြည့်နေ့ ပဝါ ရဏာပြုရာ၌ကား—

"လွန်ပြီး ၇-ပက္ခ၊ ယခုရောက်ဆဲ ၈-ပက္ခမြောက်၊ ကြွင်းပက္ခ မရှိပါ အရှင်ဘုရား"ဟု ဖြေပါ။

အမေး ။ ။သိမ်အတွင်းသို့ ပဝါရဏာပြုအံ့သောငှါ စည်းဝေး ရောက်လာသော ရဟန်းအပေါင်းကား အဘယ်မျှ ရှိသနည်း။

အဖြေ ။ ။(ရှိသည့် အရေအတွက်အတိုင်း ဖြေပါ)

အမေး ။ ။ဘိက္ခုနီတို့သည် "အဘယ်မထေရ်ထံ အဆုံးအမ ခံရပါမည်နည်း" ဟု တောင်းပန်သော စကားကို သံဃာအား လျှောက်ထားခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ ။ ။ယခုအခါ ဘိက္ခုနီမများ မရှိ၍ လျှောက်ထားဖွယ် မရှိ၊ ပြည့်စုံပါပြီ အရှင်ဘုရား။

အမေး ။ ။ဤငါးပါးသော အမှုတို့ကို သံဃာစည်းဝေးပြီး နောက် ပဝါရဏာကံ မပြုမီ ရှေ့အဖို့၌ ပြုအပ်သော ကြောင့် "ပုဗ္ဗကိစ္စ"ဟူ၍ ဆိုအပ်၏။

"ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။ ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ။"

ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ မိန့်မှာတော်မူသော ကြောင့် ပဝါရဏာသည် သာမညအားဖြင့် တစ်ပါး သာ ဝိသေသ လက္ခဏာအားဖြင့်သော်ကား စာတုဒ္ဒသီ

ပဝါရဏာ၊ ပန္နရသီပဝါရဏာ၊ သာမဂ္ဂီပဝါရဏာ ဟူ၍ နေ့၏အစွမ်းအားဖြင့် ၃-ပါး။ သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလပဝါရဏာဟူ၍ ပြုတတ်သော ကာရက ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ၃-ပါး။ တေဝါစိကပဝါရဏာ၊ ဒွေဝါစိကပဝါရဏာ၊ ဧကဝါစိက ပဝါရဏာဟူ၍ ပြုအပ်သောအခြင်းအရာ ကတ္တဗ္ဗာကာရ၏အစွမ်းအားဖြင့် ၃-ပါး။ ဤသို့လျှင် ကိုးပါး အပြားရှိ၏။ ထိုကိုးပါးတို့တွင် ယခုပြလတ္တံ့သော ပဝါရဏာသည် နေ့၏အစွမ်းအားဖြင့် အဘယ် ပဝါရဏာနည်း။

အဖြေ ။ ။ပန္နရသီပဝါရဏာဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။ပြုတတ်သော ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အဘယ်ပဝါရဏာနည်း။

အဖြေ ။ ။သံဃပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။ပြုအပ်သော အခြင်းအရာ ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် အဘယ်ပဝါရဏာနည်း။

အဖြေ ။ ။တေဝါစိက ပဝါရဏာ ဖြစ်ပါသည် အရှင်ဘုရား။

အမေး ။ ။တေဝါစိကသံဃပဝါရဏာ ဟူ၏။ တေဝါစိက သံဃ ပဝါရဏာကံအား လျော်ကန်သော ငါးပါး၊ ငါးပါးထက် အလွန်ရှိသော ရဟန်းတော်တို့သည် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်ကြပါကုန် ပြီလော။

အဖြေ ။ ။တည်ကြပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။ထိုရဟန်းတို့အား သဘောတူ ဝတ္တုကြောင့် သင့်သော အာပတ်မရှိ ကင်းစင်ကြပါကုန်ပြီလော။

အဖြေ ။ ။အာပတ်မရှိ ကင်းစင်ကြပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။လူ အစရှိသော နှစ်ကျိပ်တစ်ယောက်သော ဝဇ္ဇနီယ ပုဂ္ဂိုလ်တို့ကို နှစ်တောင့်ထွာ ဟတ္ထပါသ်မှ အပ ပြုသော အားဖြင့် ကြဉ်အပ်ပါကုန်ပြီလော။

အဖြေ ။ ။ကြဉ်အပ်ပါကုန်ပြီ အရှင်ဘုရား။

အမေး ။ ။ဤလေးပါးသော အင်္ဂါတို့ဖြင့် သင့်ဂိုဏ် ရေတွက်အပ်သောကံကို "လျောက်ပတ်သောအခါ ရှိသောကံ" ဟူ၍ ဆိုအပ်၏။ ။ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပဝါရေတုံ အာရာဓနံ ကရောမ။

သံဃာများ။ ။သာဓု သာဓု သာဓု။

(ထို့နောက် သိက္ခာဝါ ကြီးစဉ်ငယ်လိုက် တစ်ပါးစီ ပဝါရဏာ ပြုရမည်။ မိမိအလှည့် မပြီးမချင်း ဒူးချမထိုင်ရ။)

"သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ" ဟု သဗ္ဗသင်္ဂါဟိက ဥတ်ထားလျှင် သမာနဝဿိက ပဝါရဏာ (ဝါတူချင်း စုပေါင်း၍ ပြုသည့် ပဝါရဏာ) မပြုရ၊ အန္တရာယ် တစုံတခုရှိ၍ သမာနဝဿိက ပဝါရဏာ ပြုလိုလျှင် ဥတ်၌ "သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော သမာနဝဿိကံ ပဝါရေယျ" ဟု ဥတ်ထားရမည်။ ပဝါရဏာနေ့တွင် ပုရိမဝါရသည့် ရဟန်းတော်များ ပဝါရဏာပြုရာသို့ ပစ္ဆိမဝါကပ်ခဲ့ကြသည့် ရဟန်းတော်များ လည်း လိုက်ပါရမည်၊ ပုရိမဝါရသည့် ရဟန်းတော်များ ပဝါရဏာ ပြုပြီးသည့်အခါ ထိုရဟန်းတော်များထံ ပစ္ဆိမဝါကပ်ခဲ့ကြသည့် ရဟန်းတော်များက ပါရိသုဒ္ဓိ ဥပုသ်ပြုကြရမည်။)

## ပဝါရဏာပြုပုံ

သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

တတိယမ္ပိ ဘန္တေ သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဝိသုဒ္ဓါရုံ ပဝါရဏာ

အမေးအဖြေ ပြီး၏။

## ဝိသုဒ္ဓါရုံ အာမခံလျှောက်
## အာမခံဆရာ လျှောက်ရန်

ဘုရားတပည့်တော် (သဒ္ဒေးတန်း) ကျောင်းနေ (သုဂတောရသ) ရှိသေစွာလျှောက်ထားပါသည် သံဃာတော်အရှင်မြတ်တို့ဘုရား။ ဘုရားတပည့်တော်သည် (ရှင်ဉာဏဒဿီ) အပေါ်၌ အာမခံဆရာ ပြုလုပ်ရပါသည်ဘုရား။

၎င်းပုဂ္ဂိုလ်အပေါ်၌ မသင့်မတော် မလျော်သည်များကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ ယုံမှားရှိသော်လည်းကောင်း ကြည့်ရှုစောင်မ ဆိုဆုံးမတော်မူကြပါကုန် ဘုရား။

အရှင် ဘုရားတို့ မဆိုဆုံးမလိုပါက ဘုရား တပည့်တော်အား အကြောင်းကြားတော်မူကြပါကုန် ဘုရား၊ ဘုရား တပည့်တော် နိုင်နင်းအောင် ဆုံးမပါအံ့ ဘုရား။

## အာမခံတပည့်လျှောက်ရန်

ဘုရားတပည့်တော်(သဒ္ဒေးတန်း)ကျောင်းနေ (ဉာဏဒဿီ) ရှိသေစွာ လျှောက်ထားပါသည်၊ သံဃာတော် အရှင်မြတ်တို့ ဘုရား။

ဘုရားတပည့်တော်အပေါ်၌ မသင့်မတော် မလျော်သည်များကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ ယုံမှားရှိသော်လည်းကောင်း ကြည့်ရှုစောင်မ ဆိုဆုံးမတော်မူကြပါကုန် ဘုရား။

အရှင်ဘုရားတို့ ဆိုဆုံးမသည့်အတိုင်း မသွေမလှန် လိုက်နာခံ၍ ကျင့်ကြံကြိုးကုတ် အားထုတ်ပါအံ့ ဘုရား။

၎င်းပြင် စာအံ၊ မိုးထွန်းခြင်းမှစ၍ ခွင့်ပြု၍ရစကောင်းသော ဝတ်ကြီးဝတ်ငယ်များကို ခွင့်ပေးသနားတော် မူကြပါကုန်ဘုရား၊ ဘုရားတပည့်တော်ကလည်း အလုံးစုံ ခွင့်ပြုပါ၏ဘုရား။

မှတ်ချက်။ ။(　　)နေရာ၌ ကျောင်းအမည် ဘွဲ့အမည်တို့ကို ပြောင်းထည့်ရန်။

ဝိသုဒ္ဓါရုံ အာမခံလျှောက် ပြီး၏။

## နိဿယည်း ယူပုံ

"အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ"ဟု၊ ၃-ကြိမ်ဆိုပြီး နိဿယည်း ယူရသည်။

### ခွင့်တောင်းစကား

နိဿယည်း ဆရာ၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ်များကို ခွင့်ပေးသနားတော်မူပါ ဘုရား၊ ဘုရား တပည့်တော်ကလည်း အလုံးစုံ ခွင့်ပြုပါ၏ ဘုရား။

### ဝိသုဒ္ဓါရုံကျောင်းသား ကျင့်ဝတ်

(၁) စားဖွယ်သီးမျိုး၊ တစ်ကြိမ်ခိုး၊ ထမ်းပိုးဒဏ်သုံးဆယ်ပါဘုရား။
(၂) နှစ်ကြိမ်ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းမယ်မနေရပါ ဘုရား။
(၃) ဖိုးထိုက်ခိုးလျှင်၊ တစ်ကြိမ်ပင်၊ တိုက်တွင်မနေရပါဘုရား။
(၄) ကိုင်၍တုတ်ဓား၊ ခိုက်ရန်ပွါး၊ ထွက်သွားကျောင်းတိုက်ကပါ ဘုရား။
(၅) ကစားမျိုးလိုက်၊ ကျောင်းသားမိုက်၊ ကျောင်း၌ မနေရပါ ဘုရား။
(၆) ပုတီးကိုစိပ်၊ ငြိမ်ဆိတ်ဆိတ်၊ သေးလိပ်မသောက်ရပါ ဘုရား။
(၇) ညဥ့်ရောနံနက်၊ ရက်မပျက်၊ ဝတ်တက်အမှန် လိုက်ရပါသည် ဘုရား။
(၈) ညဥ့်နံနက်ရွတ်၊ ရ နှုတ်လွတ်၊ မပြက်နေ့တိုင်း ရွတ်ရပါသည် ဘုရား။
(၉) ဝါပဝါတွင်း၊ လေးသီတင်း၊ မပျင်းဥပုသ် စောင့်ရပါသည် ဘုရား။
(၁၀) ပစ္စဝေက္ခဏာ၊ လိင်ဒဏ်ပါ၊ ရခါ ရှင်ပြုရပါသည်ဘုရား။
(၁၁) ကျင့်ဝတ်ဆယ်ပါး၊ မောင်ကျောင်းသား၊ မမှားကျင့်သုံးရပါ သည် ဘုရား။

ကျောင်းသားကျင့်ဝတ်ဆယ်ပါး ပြီး၏။

## ရှောကျင်ဂိုဏ်း

### ဒါယကာအချင်းချင်း ဖြန့်ကမ်းရန်
### ဂဏသုဒ္ဓိ အမိန့်ဝ၁

ရှောကျင်ဂိုဏ်းသားဟု သမုတ်ခံလျက် နေလွဲ ဆေးဝါး ဆေးသောက် စသော ဝိကာလဘောဇန အနွတ္တရာပတ်မှုများကို အချို့ပြုကြသည်ဟု သတင်းဖြစ်ပွား ကြားသိရ၏။ နံနက်အခါသော်မှ ဆေးကွမ်းမဝါးသော အထက်နာယက အရှင်ရှောကျင်ဆရာတော်ဘုရားကြီး၊ ပခန်း၊ ခင်မွန်၊ ပဲခူး တောရ ဆရာတော်ဘုရားကြီးတို့၏ တပည့်သားအစဉ် ရှောကျင်ဂိုဏ်းသား အစစ်ကား-

(၁) နေလွဲ ဆေးမဝါးခြင်း။

(၂) နေ့စဉ် သပိတ် ပန်းကန် လင်ပန်းတို့ကို ပွတ်ခြင်း။

(၃) ရေလှူ ပန်းလှူ ဆီမီးလှူ ဘုရားရှိခိုး ဝတ်တက် ရွတ်ဖတ် ဆုံးမပြီး၍ ညဉ့် ၉-နာရီ၊ ၁၀-နာရီ ၁၁-နာရီကျအောင် စာအံ စာချ ပုတီးစိပ်ရခြင်း။

(၄) သဟသေယျလည်း မဖြစ်ရလေအောင် နံနက် စောစောထ၍ ဘုရားဝတ်တက်ပြီးလျှင် အရုဏ်တက်အောင် ထိုင်၍ ရဟန်းတရားကို နှလုံးသွင်းခြင်း။

(၅) ''ထိ မိဿဿ ကုတော သီလံ'' ဟူသည့်အတိုင်း မကြာခင် သီလပျက်ပြား သူတပါးစွပ်စွဲ ဂိုဏ်းသံဃာကွဲကြောင်းဖြစ်၍ မာတုဂါမ မယ်သီလတို့ကို ဘဏ္ဍာစိုး မပြုမလုပ်ရ၊ နေ့ဝါ ညဝါ စာမပို့မချရခြင်း။

(၆) မိမိနေရာ ဂါမခေတ်၌ သံဃာစေ့လျှင် သဘာဂကျောင်းသိမ် ၌ စည်းဝေးလျက် ပါတိမောက် အကျယ် ရွတ်၍ သံဃာ့ဥပုသ် ပြုကြခြင်း။

(၇) မိုးမရွာ မနာမဖျားပဲ ထီးဆောင်းလေ့မရှိခြင်း။

(၈) ကျောင်းထိုင် မထေရ်ကြီးတို့မှာ-

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ" ဟူသည်နှင့် အတန်အရာ ပြည့်စုံအောင် ဒွေမာတိကာ၊ ခုဒ္ဒသိက္ခာ၊ ကင်္ခါ၊ သင်္ဂြိုဟ်များကို ကျေကျေနပ်နပ်လေ့လာ၍ နိဿယည်း ဥပဇ္ဈာယ်ပေးခြင်း။

(၉) "ရဟန်းကိစ္စ၊ နှစ်ခုချွဲ၊ လုံ့လအားသည်း၊ ဟိတ်ဟန့်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" ဟူသော ဝုဍ္ဎိကရဏဘရား ငါးပါးနှင့်ပြည့်စုံ၍ ဂိုဏ်းသံဃာ သဒ္ဓါလောက်အောင် နေခြင်း။

(၁၀) ဂိုဏ်းတဲ၌ ပါရာဇိကဝတ္ထုမျိုး ဖြစ်ပေါ်လာလျှင် သံဃာ မကွဲမပြား အများကူကူညီညီ ကင်းလောက်အောင် ဖြတ်တောက် ဆုံးမခြင်း။

(၁၁) ကုလဒူသန အနေသန မိစ္ဆာဇီဝမျိုး အင်္ဂါရပ်ထိုးစသော အဓမ္မများသော ကျောင်း တိုက်တာများ၌ မစားမသောက် မတည်းခိုခြင်း။

(၁၂) ရှင်းပုဂ္ဂိုလ်တို့၏ ပစ္စည်းကို သိလျက် မသုံးဆောင်ခြင်း။

(၁၃) ထိုပုဂ္ဂိုလ်တို့နှင့် ဆွမ်းစဉ် ပရိတ်ရွတ် မသာအသုဘရှုနှံ့၊ ရန်ပွဲ ပြုလုပ်၍ မနေခြင်း။

(၁၄) ဘုန်းကြီးပျံရှိလျှင် ဘုန်းကြီးချင်း မကူမပံ့ရ၊ ကူပံ့လျှင်လည်း ဘုန်းကြီးပျံက ရသော ပစ္စည်း မသုံး၊ စွန့်ပစ်ခြင်း

(၁၅) ကျောင်းသားများကို ပူဇော်သူတော်မလုပ်လျှင် ကအား၊ ဆေး သောက် မရှိစေရ၊ ဝါပဝါတွင်း သီတင်းနေ၍ ဥပုသ်စောင့် စေခြင်း။

ဤအကြမ်းဖျင်း လိုရင်း ၁၅-ပါးနှင့် ပြည့်စုံမှ ရှေကျင်ဂိုဏ်းသား အစစ်မှတ်၊ နေလွဲဆေးဝါး ကွမ်းစားဆေးသောက်ခြင်း စသည်ကို ပြုမူကား ရှေကျင်ဂိုဏ်းသား အတုအပ ဝင်မြောင် ခိုကပ်နေသောသူဖြစ်၍ သမ္မောဂ နှစ်ပါးပင် ရှောင်ကြဉ်အပ်၏။

ကြောက်မက်ဖွယ်ကောင်း၊ ဆင်းရဲပေါင်း၏၊
နိုအောင်းဟည်ရာ၊ သံသရာကို၊
မကြောလွန်မြောက်၊ နိဗ္ဗာန်ရောက်အောင်၊
ကြံရည်ဆောင်၍၊ မြားမြောင်မျိုးပြား၊
သူကောင်းသားတို့၊ မှတ်သားလေ့လာ၊
သာသနာလည်း၊ နေဝါလငန်း၊
မှောင်မစွန်းပဲ၊ တက်ထွန်းသည့်သွင်၊
ပတ်ဝန်းကျင်၌၊ စည်ပင်သေား၊
ပုံနှိပ်ထားသည်၊ အများသာဓုခေါ်စေသော်။

နာယက ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းဆောက် ပါတိမောက် ခေါင်းဆောင် ဆရာတော်တို့ အလိုကျ ထုတ်ပြန်သော ဂဏသုဒ္ဓိ အမိန့်စာ။

## အာသီသ ၂-ဂါထာ

“မဟာဝိသုဒ္ဓါရာမသ္မိံ၊ သာယံ ပါတောပိ ဘိက္ခဝေါ။
သမာဂန္တွာန ဂါယန္တိ၊ သန္တစိတ္တာ အတန္ဒိကာ။
တထာ သဗ္ဗတ္ထ အာရာမေ၊ သာယံ ပါတောပိ ဘိက္ခဝေါ။
သမာဂန္တွာန ဂါယန္တု၊ သန္တစိတ္တာ အတန္ဒိကာ”တိ။

ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ် အဖွင့်
ပြီး၏။

၁၃၄၄-ခု၊ တပေါင်းလဆုတ် ၇-ရက်၊
နံနက် ၇-နာရီတိတိအချိန်။

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။